
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေး (၃) ပါး

- ❑ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ❑ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကိုပိုက်

# အံ့ဖွယ်လူသတ်ကောင်နှင့်မြားစူးမျောက်

BURMESE CLASSIC .com

သုခုမစာပေတိုက်
အမှတ်(၇)ဗလ္လာ၊ဗိုလ်မင်းခေါင်လမ်း၊
ဗိုလ်စိန်မှန်ရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၁၄၀၅/၂၀၀၄ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃၇၀/၂၀၀၄ (၁၂)

ပုံနှိပ်ခြင်း
ပထမအကြိမ်
(ဇန်နဝါရီလ-၂၀၀၅)
အုပ်ရေ ( ၅၀၀ )

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)
အမှတ် (၁၇၃)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးဝင်းကျော်မိုး (သုခုမစာပေတိုက်)၊ ယာယီ (၇၅၅)
အမှတ် (၇) ဗ-လွှာ၊ ဗိုလ်မင်းခေါင်လမ်း၊
ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပလင်
ကိုမြင့်သူ

မျက်နှာဖုံးပန်းချီ
မင်းလှိုင်ဘွား

ကွန်ပျူတာစာစီ
မမင်းမင်းစိုး

တန်ဖိုး – ၇၀၀ ကျပ်

BURMESE CLASSIC .com

မေ့မေ



မေ့ဖေ

ပြီးတော့ . . . .

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်
ဆရာသော်တာဆွေအား ဤစာအုပ်ဖြင့်
ဂါရဝပြုပါသည်။

ကိုပိုက်

www.burmeseclassic.com

www.burmeseclassic.com

သုခုမစာအုပ် ( ၁၈ )

## "အတ္တကိုယ်စိဂျိကြလေသည်"

ပဲခူးရိုးမတောင်ခြေရှိ ပိန္နဲကုန်းကျေးရွာကလေးသို့ ကျွန်တော်နှင့်လင်းမြင့်လှိုင်မရောက်ကြသည်မှာ သုံးနှစ်ခန့်ရှိချေပြီဖြစ်၏။

သို့ကြောင့် . . .

"ကိုလင်းရေ. . ပိန္နဲကုန်းရွာ ဝင်ကြစို့ဗျာ. . ကိုအောင်ချစ်ကြီးကို မတွေ့ကြတာလဲ ကြာပြီဗျာ"

"ဟုတ်တယ် ကိုပိုက်ရေ. . ကိုအောင်ချစ်ကြီးနဲ့ တွေ့ချင်သေးဗျာ၊ အင်မတန် ခင်မင်စရာကောင်းတဲ့လူကြီးပဲဗျာ. . သဘောမနောလည်းကောင်းပါ့ . . ရွာလူကြီးမဟုတ်ပေမင့် တရွာလုံးက ချစ်ခင်လေးစားနေရတဲ့ သူပေပဲ"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ပဲခူးရိုးမသို့ အမဲကြီးပစ်သွားကြသည်တွင် လမ်းကြုံသည်လည်းဖြစ်၍ ပိန္နဲကုန်းရွာသို့ ရောက်ခဲ့ကြတော့၏။

သုခုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်သည် ရွာလယ်တွင်ရှိသည်ကြောင့် ရွာအဝင်လမ်းမကြီးအတိုင်း စကားတပြောပြောနှင့် နှစ်ယောက်သား လျှောက်ခဲ့ကြသည်။

"ကိုလင်းရေ . . လွန်ခဲ့တဲ့ သုံးနှစ်လာက်က ကျွန်တော်တို့ ဒီရွာရောက်ခဲ့သေးတာပဲ . . အိမ်ကြီးအိမ်ကောင်းတွေရှိပါတယ်ဗျာ၊ ခုဘယ့်နှယ်ကြောင့် . . တဲအိမ်လေးတွေဖြစ်နေပါလိမ့်၊ အိမ်ခြေလည်း နည်းသွားတာပဲလား ကျဲသွားတာပဲလားမသိဘူးဗျနော်"

သို့ ကျွန်တော်က ယိုင်နဲ့နဲ့ တဲအိမ်လေးများကို ကြည့်၍ပြောလိုက်သည်။

ယခင်ကလို စည်စည်ကားကားမဟုတ်ချေ။ ခြောက်သွေ့လို့နေ၏။ ရွာပျက်လေလားထင်ရချေ၏။

ကျွန်တော်တို့ရွာလယ်သာရောက်လာသည်။ လူရိပ်လူခြေပင် မတွေ့ရပါချေ။

"ကိုအောင်ချစ်အိမ်တောင် ဘယ်နား မမှတ်မိတော့ဘူးဗျာ"

"ဟိုရှေ့မယ် လူတစ်ယောက်ဗျ . . သူ့မေးကြည့်တာပေါ့"

သို့ဖြင့် ကျွန်တော်သည် လမ်းနံဘေးခြံဝင်းလေးတစ်ခုအတွင်း မြေကြီးပေါက်နေသော လူထံသွားလိုက်ကာ . . .

"ကိုအောင်ချစ်အိမ်ဘယ်နားမတုန်းဗျာ . . ကျွန်တော်တို့ သူ့မိတ်ဆွေတွေပါ . . မရောက်တာသုံးနှစ်လောက်ရှိပြီဆိုတော့ သူ့အိမ်ကို မမှတ်မိလေဘူးဗျာ"

သို့ ကျွန်တော်ကမေးလိုက်သည်တွင် ထိုသူသည် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို အထူးအဆန်းသဖွယ်ကြည့်ပြီး . . .

"ကိုအောင်ချစ်ကြီးက မရှိတော့ဘူးဗျ"ရယ်လို့ ပြောလာသဖြင့်-





"ဘယ်ပြောင်းသွားကြလို့တုန်း"

"ပြောင်းသွားတာမဟုတ်ဘူး . . လွန်ခဲ့တဲ့ (၂)နှစ်ကျော်လောက်ကပဲ ဆုံးသွားတယ်"

"ဗျာ"

"ဟင်"

ကြားလိုက်ရသော သတင်းကြောင့် စိတ်မကောင်းဖြစ်သွားရ၏။

"ဘယ်လိုဖြစ်လို့ဆုံးရတာတုန်းဗျာ"

လင်းမြင့်လှိုင်က မေးလေသည်။

"ပိုးထိလို့"

"အော် . . နို့ဖြင့် သူ့မယ် သားတစ်ယောက်ရှိတယ်မဟုတ်လား . . သူ့ဇနီးကောရှိသေးတယ်မဟုတ်လား"

"သူ့ဇနီးတော့ ဆုံးပြီကြားတယ် ကောင်လေးတော့ မြန်ရောက်နေတယ်"

"နို့ဖြင့် ကောင်လေး ခုဘယ်မှာနေတုန်း"

"အင်း . . သူ ရွာဖျားမယ်ရှိပါတယ်"

"နို့ဖြင့် လမ်းညွှန်ပါဦးဗျာ"

သို့ ကျွန်တော်က အလောသုံးဆယ်ပြောလိုက်၏။ ဘယ့်တွက်မူ ကိုအောင်ချစ်၏သားလေး ဘယ်လိုနေထိုင်စားသောက်နေသည်ကို သိလို . . အားပေးစကားပြောလို . . လိုအပ်သည်များ ကူညီလို၍ဖြစ်ချေတော့သည်။

ထိုသူ လမ်းညွှန်မှုဖြင့် . . ကိုအောင်ချစ်၏ သားနေထိုင်ရာ အိမ်သို့ ရောက်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမြင်သည်နှင့် လွန်မင်းစွာ စိတ်မကောင်းဖြစ်သွားမိတော့၏။

သူနေသည်မှာ ရွာစွန်ဟုသာဆို၏။ တကယ်တန်းကျတော့ ရွာသုသာန်အစပ်တွင်ဖြစ်ချေတော့၏။ ရွာသုသာန်သည် ရွာအိမ်တန်းနှင့်ကပ်လျက်မဟုတ် တစ်ဖာလုံခန့် ဝေးသေး၏။

ခြံမရှိ ဝင်းမရှိ တဲအိမ်ကုပ်ကုပ်လေးတွင်ဖြစ်ချေ၏။ ဘယ်လိုဖြစ်သွားကြတာပါလိမ့်။

ကိုအောင်ချစ်ရှိတုန်းကဆိုပါလျှင် ရွာလယ်တွင် အိမ်ကြီးရခိုင်နှင့်ဖြစ်ချေ၏။

မှတ်မိသေးတော့၏။ ကျွန်တော်တို့ ကိုအောင်ချစ်ထံ ရောက်ခဲ့ကြသည့် လွန်ခဲ့သော သုံးနှစ်ခန့်က ကိုအောင်ချစ်နှင့်နောက်ဆုံး တွေ့ခဲ့သော အခေါက်ကဖြစ်သည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အမဲကြီးပစ်ရန် ရိုးမတောသို့ လာခဲ့ကြရင်း ပိန္နဲကုန်းရွာကလေးသို့ ဝင်ခဲ့ကြ၏။ သစ်တောဝန်ထောက်ကလေး မျိုးဝင်းနှင့်လည်း ချိန်းထားသည်ကိုး။

ကိုအောင်ချစ်အိမ်သို့ ညနေစောင်းလုတိုင် ရောက်သွားကြသည်။

"ကိုအောင်ချစ်ရေ . . မျိုးဝင်းလာသွားသေးလား"

ခရီးရောက်မဆိုက် လင်းမြင့်လှိုင်ကမေးလိုက်၏။

"တမြန်နေ့ကတည်းက ရောက်လာတာ. . ကိုပိုက်တို့မလာတော့ဘူးထင်ပြီး ပိတောက်ချောင်းဖျားတက်သွားလေရဲ့. ဒီမနက်ပဲသွားတာ ကိုပိုက်တို့လာလျှင် သူ့အဲဒီမယ် တစ်ပတ်လောက်ရှိဦးမယ်လို့ ပြောတယ်"





"ဟုတ်ပြီ" ဆိုကာ လင်းမြင့်လှိုင်သည် သေနတ်နှင့် ကျောပိုးအိတ်ကို ကြမ်းခင်းပေါ် ချလိုက်ပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ကျွန်တော်သည်လည်း ကြမ်းခင်းပေါ်ထိုင်ချလျက် ကျောပိုးအိတ်အတွင်းမှ ကော်ဖီမစ် အထုပ်များနှင့် အရီးတောင်းလက်ဖက်ထုပ်ကို သူကြီးကတော်သို့ လှမ်းပေးလိုက်၏။

"ဘာလို့ ဝယ်လာရပြန်တုန်း"

ကိုအောင်ချစ်က ကွမ်းမြုံ့ဝါးလျက် ပြောလေ၏။

"ဟဲ့ . . သား မင်းဦးတို့လာတယ်"

ကိုအောင်ချစ်၏ဇနီး ဒေါ်မှုန်က အိမ်နောက်ခန်းရှိ သားဖြစ်သူကိုခေါ်လိုက်သည်နှင့် အသက်အားဖြင့် (၁၄)နှစ်အရွယ်ခန့်ရှိ ကောင်လေးတစ်ယောက်သည်ထွက်လာပြီး . . .

"ဟာ. . ဦးကြီးတို့ . . ကျွန်တော့်အတွက်ဘာပါလဲ"ဟု မေးလေ၏။

သည်တွင် လင်းမြင့်လှိုင်က ကောင်လေးကို ပြုံး၍ကြည့်ရင်း သူ့ကျောဖိုးအိတ်အတွင်းမှ ပင်းရှပ်အကျႌတစ်ထည်ကို ထုတ်ပေးလိုက်လေ၏။

"ဟာ. . မိုက်တယ်. . ကျေးဇူးတင်တယ် ဦးလင်း"

လင်းမြင့်လှိုင်ပေးလေသည့် အကျႌကို ကပျာကသီလှမ်းယူပြီး ချက်ခြင်းဆိုသလိုပင် သူ့ခါးဝတ်စွပ်ကျယ်အကျႌကို ချွတ်ကာလဲဝတ်လိုက်တော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ပြုံး၍ကြည့်နေမိကြတော့၏။

"ကဲ. . ကိုပိုက်တို့ ခဏနေချေဦး . . ကျွန်တော်တောစပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းယောင်ထားတာ သွားဖြုတ်ချေဦးမယ်"

သို့ဆိုလျက် . . ကိုအောင်ချစ်သည် ဓားမတိုကို ခါးဝတ်ပုဆိုး နောက်ကျောတွင် ထိုး၍ ထွက်သွားလေတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကိုအောင်ချစ်၏စီစဉ်ပေးသည့် အခန်းတွင် ပစ္စည်းများကို ထားလိုက်ပြီး ဧည့်ခန်းသို့ပြန်ထွက်ခဲ့ကြကာ အဖန်ရည်သောက်ရင်း နားနေထိုင်လိုက်ကြ၏။

"နို့ဖြင့် . . မင်းနာမည် ဘယ်လိုခေါ်တုန်း"

"ကောင်လေး"

"ဟေ. . နာမည်က အပျံစားပါပဲလားကွ"

အတန်ကြာအချိန်တွင် သုတ်ကိုင်းဖြုတ်ရန် သွားသော ကိုအောင်ချစ်ပြန်ရောက်လာတော့၏။

"ရစ် နှစ်ကောင်တော့ဖြင့် ရခဲ့သဗျ"

သို့နှုတ်ပြောပြီး သူ၏ခါးတွင် ထိုးယူလာခဲ့သည့် ပုလင်းတစ်လုံးကို ပေးလာပြီး. .

"ထန်းလျက်ချက်အရက်တစ်လုံး ဆွဲလာသေးဗျ. . ကိုပိုက်တို့အတွက်ပေါ့"

သို့ဖြင့် ညနေတွင် ကျွန်တော်တို့သည် ပါလာသော ဝီစကီကို မသောက်ကြလေတော့ဘဲ ကိုအောင်ချစ်ယူလာသည့် ထန်းလျက်ချက် အရက်ကိုသာသောက်လိုက်ကြတော့၏။

အမြည်းအလို့ငှာ. . ရစ်ကောင်ကို ကြော်ပေးလေ၏။

သို့ဖြင့်ပင် အားမရ. . .

ကိုပိုက်တို့ ရောက်တုန်းရောက်ခိုက် ဧည့်ဝတ်ကျေလိုပါသည်





ဆိုလျက် . . ကျွန်တော်နှင့်လင်းမြင့်လှိုင် သောက်စားနေစဉ် အပြင်သို့ ပြန်ထွက်သွားပြန်၏။

သူပြန်လာသည့်တွင် တောဝက်သားများလည်းပါလာ၏၊ ငါးရံ့ခေါင်းတိုများလည်းပါလာ၏။

နွေးနွေးထွေးထွေး အိပ်ရန်ဆို၍ အသိမိတ်ဆွေအိမ်များမှ စောင်၊ ခေါင်းအုံး၊ ခြင်ထောင်တို့လည်း ငှားရမ်းလာချေ၏။

စားသောက်ထမင်းစားပြီး နားနေ. . အိပ်ယာဝင်သည့်တိုင် အနားမှမခွာ မိသားစုသုံးဦးလုံးနေလျက် ဧည့်ဝတ်ပြုကြချေ၏။

သို့ဆိုသလို. . ကိုအောင်ချစ်သည် အိမ်ရှင်ကောင်းပီသစွာ ဧည့်ဝတ်ပြုတတ်သူဖြစ်၏။

သည့်ပြင် . . သူ့ရွာကလေးတွင် နေထိုင်ကြသည့် ရွာသူ ရွာသားများကိုလည်း ကျောသာရင်းသားမခွဲ လိုအပ်သည့်များကို ဖြည့်ဆည်းပေးတတ်၏။ ကူညီတတ်၏။ သူ့အိမ်ခြံကြီးထဲတွင် သီးပင်စားပင်များလည်း စိုက်ထား၏။

"ကိုအောင်ချစ်ကြီး ဒန့်ဒလွန်သီးလေးပေးပါဦး ဆိုလျှင် အပင်မယ် ခူးသွားချေ ကြိုက်သလောက် လိုအပ်သလောက် နားချေဗျာ"

"သရက်သီး"

"ကိုယ့်ဘာသာရိုက်ချယူသွားကွာ"

ဆီလေးရှိလျှင် နည်းနည်းပေးစမ်းပါ ဆိုလျှင်လည်း . .

"မမှုန်ရေ. . ပေးလိုက်စမ်းပါကွာ"

"မိုးကျတော့မယ် . . အိမ်ကလည်းမမိုးရသေးဘူး ကလေးငယ်လေးတွေနဲ့တော့ ဒုက္ခပါပဲ. ." ညည်းလာလျှင်လည်း . . "အိမ်မိုးဖို့



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ထားတာတွေရှိတယ် လိုသလောက်ယူသွားကွာ"

အစရှိသဖြင့် မပေးမရှိမဖြစ်ဆိုသည့်စကားသည် သူ့နှုတ်မှလုံးဝ ပေါ်ထွက်လာခြင်း မရှိပါချေ။

ရွာနားရှိတောတောင်ထဲတွင် လာရောက်လုပ်ငန်းခွင့်ဝင်ရသည့် သစ်တောဝန်ထမ်းမှန်သမျှ သူနှင့်ကင်းသူမရှိ၊ သူ့ကိုချည်းအားကိုးလာကြရသည်ဖြစ်၏။ အကူအညီတောင်းတတ်၏။

ကျွန်တော်တို့လိုမုဆိုးများဆိုလျှင်လည်း လမ်းမပြလိုအပ်ပါက သူ့ထံအကူအညီတောင်းရ၏။ သူသည်တောလည်ကျွမ်း၏။

သို့ဆိုသလို ကိုအောင်ချစ်သည် ထိုရွာ၏သူကြီးထက်ပင် အရာရောက်သူဖြစ်ချေ၏။

"ကိုအောင်ချစ်"ရယ်လို့ပြောလိုက်လျှင်

"ပိန္နဲကုန်းရွာသားကိုအောင်ချစ်ကိုပြောတာလား"

"ပိန္နဲကုန်းရွာသွားမယ်"ဆိုလာကြလျှင်လည်း

"ကိုအောင်ချစ်ဆီရောက်မှာပေါ့"

"သူ့အိမ်မှာပဲ တည်းမှာပဲဗျာ"

သို့ဆိုသလို . . .

ရွာနီးချုပ်စပ်မှလည်း သူ့ကို မသိသူမရှိ။ ပိန္နဲကုန်းနှင့် ကိုအောင်ချစ်၊ ကိုအောင်ချစ်နှင့်ပိန္နဲကုန်းရွာသည် ဒွန်တွဲနေတော့၏။

ထိုနေ့ကလည်း ကိုအောင်ချစ်တစ်ယောက် သူ့အိမ်တွင် အိမ်မိုးရန် အလုပ်ရှိသော်လည်း ကျွန်တော်တို့နှင့် တောဘက်အမဲကြီးပစ်လိုက်ခဲ့ချေတော့၏။

အားနာ၍ မလိုက်ခဲ့ပါရန် တားငြား . . .





"ပြန်လာလျှင်ဖြင့်လည်း မိုးလို့ရပါတယ်ဗျာ"

သူ့အပြောဖြစ်သည်။

"ခေါ်သွားစမ်းပါ . . မိုးလည်းမကျလောက်သေးပါဘူး"

သူ့ဇနီးသည်ကပါ သို့အဆို . . .

"အဖေ . . လိုက်သွားချေ . . ကျွန်တော်ရွာထဲက ကာလသားတွေနဲ့ လုပ်ထားချေမယ်"

သားဖြစ်သူ ကောင်လေးကလည်း ကြည်ကြည်ဖြူဖြူ . .

ကိုအောင်ချစ်သည် သို့နှယ်လူစားဖြစ်၏။

ယခုမူ . . ကိုအောင်ချစ်မရှိချေတော့ပြီ။ ဒေါ်မှုန်မရှိချေတော့ပြီ။

သူ့အိမ်နှင့်ခြံကြီးလည်း မရှိချေတော့ပြီ။

ဘယ်လိုတွေပြောင်းလဲကုန်ပါလိမ့်။

"ရွာကဘယ်လိုခုပုံဖြစ်သွားရတာတုန်း . . ပြီးတော့မင်းလည်း ဘယ်လိုကြောင့် သည်လိုဖြစ်ရတာလဲကွာ"

ကောင်လေးကို သို့နှယ်မေးလိုက်၏။

"အဖေဆုံးတော့ ကျွန်တော်ရွာမယ်မနေချင်တာနဲ့ အမေ့ကိုခေါ်ပြီး ကင်းပတီးမှာ သွားနေကြတယ်၊ အမေလည်း အဖေ့စိတ်နဲ့ နောက်တစ်နှစ်လောက်မယ် ဆုံးသွားတယ်၊ သည်တော့ ကျွန်တော်လည်း ငါ့အဖေရွာမယ် ပြန်နေမယ်ဆိုပြီး ပြန်လာခဲ့တော့တာပဲ"

"နို့ဖြင့် ရွာကသုံးနှစ်အတွင်း အတော်ကလေးကို ဆုတ်ယုတ်သွားတာပဲနော်"

သို့ ကျွန်တော်ကမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောဆင်ရိုင်းအုပ် ဝင်မွှေတာလေ သည့်နောက်ရွာသား တွေလည်းကြောက်လန့်ပြီး ဒီရွာကပြောင်းပြေးကြတာပေါ့"

"ဘယ်လိုကြောင့် အဲလိုဖြစ်ရတာလဲကွာ"

လင်းမြင့်လှိုင်က အားမလိုအားမရပြောလိုက်၏။

"ဟုတ်တယ်. . အဖေက ရွာသူကြီးမဟုတ်ပေမင့် ရွာအကျိုးကို ကြည့်တယ် အိမ်လုံခြုံရေးထက် ရွာလုံခြုံရေးကို ပိုဂရုစိုက်တယ်"

"အေး . . ဟုတ်တယ်ကွ. . အရင်ကဆို ရွာကို ခြံစည်းရိုးခတ်ထားတယ်၊ ရွာတံခါးဆိုလျှင်လည်း အနိုင်အခန့်ပဲကွ ဒီတော့ ဘယ်တောဆင်တွေ ဝင်လာနိုင်ပါ့မလဲ"

သို့နှယ် ကျွန်တော်ကပြောလိုက်သလို လင်းမြင့်လှိုင်ကလည်း စိတ်မချမ်းမြေ့စွာဖြင့် . . .

"ခု ငါတို့ဝင်လာတော့ ရွာစည်းရိုးဆိုတာလဲ မရှိတော့ဘူး၊ အိမ်တွေဆိုတာလဲ နည်းပါးသွားပြီ ပြီးတော့ အိမ်ကြီးအိမ်ကောင်းတွေလည်း မရှိကြတော့ပါကလား၊ ဘယ်လိုဖြစ်သွားကြတာတုန်း"

အဖေမရှိတော့တဲ့ နောက်ပိုင်း ကျွန်တော်လဲ မရှိတော့ပေမင့် ရွာမှာ ကျန်ခဲ့တဲ့သူတွေက ပြောတာပဲ. . ရွာသူကြီးကရွာစည်းရိုးကို အစိကထား အနိုင်အခံ့မလုပ်တော့ဘူး. . သူ့အိမ်ဝိုင်းပဲ အနိုင်အခန့် လုပ်ထားတော့တယ်၊ ဒီတော့ တောဆင်ရိုင်းတွေက ရွာထဲလွှယ်လွှယ် ကူကူဝင်လာကြတာပေါ့တဲ့ စိုက်ခင်းတွေကိုလည်း ဖျက်ဆီး၊ လူနေအိမ်တွေကိုလည်းဖျက်၊ သည်တော့ ဘယ်သူနေရဲကြတော့မှာလဲတဲ့၊ ရွာသားတွေလည်း နီးစပ်ရာရွာကို ပြောင်းပြေးကြတော့တယ် လက်ရှိနေနေတဲ့လူတွေကလည်း အိမ်ကို ပြန်မဆောက်နိုင်ကြတော့ကာ တဲပဲထိုး





နေကြရတော့တယ်လေ"

"အင်း . . ကြားရတာ စိတ်မကောင်းစရာပေပဲ"

"နို့ဖြင့်. . ရွာထဲမယ် စည်းရိုးအနိုင်အခံ့နဲ့ အိမ်ကြီးအိမ်ကောင်းတွေတော့ တွေ့ခဲ့သား အဲဒါဘယ်သူ့အိမ်တွေလဲ"

လင်းမြင့်လှိုင်က မေးလေ၏။

"အဲဒါ . . သူကြီးအိမ်နဲ့ ဆွေတော်မျိုးတော်တွေအိမ်ပေါ့"

"အဲလိုဖြင့်လည်း ရွာသားတွေက ရွာစည်းရိုးလုံခြုံအောင် မခတ်နိုင်လျှင်ဖြင့်လည်း သူတို့လို ကိုယ့်အိမ် ကိုယ့်ခြံ ကိုယ်ဝန်း လုံခြုံအောင်လုပ်ကြပေါ့ကွာ"

သို့ပြောလိုက်သည်တွင် ကောင်လေးသည် မျက်နှာညှိုးငယ်ကျသွားပြီးလျှင် . . .

"ကျွန်တော်တို့မယ် စားစရာတောင် အနိုင်နိုင်ရယ်ပါ"

"နို့ဖြင့်လည်း မင်းဒီမယ် မနေပါနဲ့တော့လားကွာ . . အနေဆင်းရဲ အစားဆင်းရဲကွာ တရွာမပြောင်း သူကောင်းမဖြစ်တဲ့. ."

သို့လင်းမြင့်လှိုင်ကပြောလိုက်သည်။

"ကျွန်တော် ဒီရွာလေးကို သံယောဇဉ်ရှိလို့နေနေတာပါ၊ ဦးတို့လဲအသိပဲလေ. . ဟိုးတုန်းက ဒီရွာလေး ဘယ်လောက်နေချင်စရာကောင်းလဲ. . စည်းစည်းလုံးလုံးလဲရှိကြတယ်နော် . . ခုလုံခြုံမှုမရှိပေမင့် အဖေခေါင်းချသွားတဲ့နေရာလေ. . ဘာပြောပြော အဖေရဲ့ရွာ အဖေ့ရဲ့ခြံ၊ အဖေရဲ့အိမ်လေးမှာ ပြန်နေချင်တာပေါ့. . နို့ကြေသေး ဒီနားမှာပဲ ကုပ်ကပ်နေရသေးတာပေါ့. . . တစ်နေ့ကျလျှင်ဖြင့် ပြန်နေခွင့်ရလိမ့်မယ်လို့ မျှော်လင့်တယ်လေ. . အဲဒီအခါကျလျှင်ဖြင့်ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ရွာသားတွေကို စည်းစည်းလုံးလုံး ဖြစ်အောင်ပြန်လုပ်မယ်"

ကောင်လေးစကားကို သဘောကျ၍ ကျွန်တော်သည် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါကြည့်လိုက်၏။

လင်းမြင့်လှိုင်က ပြုံးပြလာသည်။

"ခုကော. . တောဆင်ရိုင်းတွေလာသေးလား"

ကောင်လေးကိုကြည့်၍ မေးလိုက်ပြန်သည်။

"ရံခါဆိုသလို လာသေးတယ်"

"သူကြီးက ဘယ်လိုမှ ရွာသားတွေရဲ့နေထိုင်လုံခြုံရေး လုပ်မပေးဘူးလား"

သို့ လင်းမြင့်လှိုင်က မေးလိုက်သည်တွင် ကောင်လေးသည် ရွှဲ့ပြုံးပြုံးလိုက်ပြီး . . .

တောဆင်ရိုင်းတွေသာ လူစကားနားလည်ကြလျှင်ဖြင့် သူကြီးက . . .

"ဟိတ်ကောင်တွေ မင်းတို့ ဖျက်ဆီးရုံတင်မဟုတ် တခါတည်း သာနင်းသတ်ပစ်ခဲ့ကြပါကလားရယ်လို့တောင် အကြံပေးချင်နေတာလေ"

ကောင်လေးစကားကြောင့် ကျွန်တော်ဒေါသထွက်သွားမိ၏။ ကျွန်တော်တို့သည် ဤရွာထဲဝင်ခဲ့စဉ်တုန်းကလည်း သိခဲ့မြင်ခဲ့ပြီးဖြစ်၏။ သူကြီးဆိုသူ၏ အိမ်ကြီးသည် ခိုင်ခန့်လွန်းလှချေ၏။ ခြံစည်းရိုးဆိုပါလျှင်လည်း သစ်လုံးတိုင်များဖြင့် အပိတ်ကာထားခြင်းဖြစ်၏။ သည်တော့ ဘယ်တောဆင်ရိုင်းတို့ရန် ကြောက်စရာလိုပါလိမ့်မည်နည်း။

ပြီးတော့ သူကြီးနေသော အိမ်ခြံဝင်းသည် တချိန်က





ကောင်လေး၏ဖခင်နေထိုင်ခဲ့ရာ ခြံဝင်းကြီးဟုသိရ၏။

အကြွေးနှင့် ခုနှိမ်သိမ်းခဲ့လေခြင်းဟု ကောင်လေးကပြော၏။ ထိုသည်ကိုတော့ ကျွန်တော်တို့အသိပင်ဖြစ်ချေ၏။

အတော်အတ္တကြီး တကိုယ်ကောင်းဆန်သူကြီးပါကလား။ ရွာသားတွေကိုတော့ ဖြစ်လိုရာဖြစ်စေဆိုပြီး စိတ်သဘောထားလေသည်ပဲ။

"နို့ဖြင့် မင်းအတွက်ငါတို့ အိမ်ကောင်းကောင်းတစ်လုံး ဆောက်ပေးခဲ့မယ် စည်းရိုးကောင်းကောင်းခပ်ပေးခဲ့မယ်"

သို့ ကျွန်တော်က မိတ်ဆွေကြီးကိုအောင်မြစ်မျက်နှာဖြင့် သူ့ကို ကူညီပံ့ပိုးပေးရန်ပြောလိုက်သည်။

သူပြုံးပြလာ၏။ ပြီး . . ခေါင်းကိုခါယမ်းလိုက်ပြီး . . .

"ကျွန်တော့်တစ်ယောက်လုံခြုံမှုအတွက်တော့ဖြင့် မလုပ်ချင်ပါဘူးဗျာ . . ဖြစ်နိုင်လျှင် တစ်ရွာလုံးအတွက် လုပ်ပေးစေချင်တယ်"

"ဟေ"

တကိုယ်ကောင်းမဆန် အများအတွက် ကြည့်တတ်သော သူ့ကို ကျွန်တော်လေးစားသွားမိတော့သည်။

ကျွန်တော်သဘောလည်းပေါက်သွားမိသည်။

"ဟုတ်ပြီလေ. . ဒီရွာကို လာလာဒုက္ခပေးနေတဲ့ တောဆင်ရိုင်းတွေကို နှိမ်နင်းပေးမယ် ပြီးတော့ သူကြီးနဲ့တိုင်ပင်ဆွေးနွေးပြီး တစ်ရွာလုံးကို စည်းရိုးခတ်ဖို့ လုပ်ပေးချင်ဖြင့်ကောကွာ"

သို့ပြောလိုက်သည်တွင် ကောင်လေးမျက်နှာပြုံးရွှင်လမ်းသွားလေတော့၏။

"ကောင်းပြီ. . ငါတို့ တောဆင်ရိုင်းကောင်တွေကို ရွာနား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ကပ်မလာနိုင်အောင် ခြောက်လှန့်ထုတ်ပေးမယ်. . သုတ်သင်သင့်တဲ့ အကောင်ကို သုတ်သင်ပေးမယ်"

"ကျေးဇူးဝင်လိုက်တာဗျာ . . ကျွန်တော်တို့တွေ အားမသန်လို့ မာန်လျှော့နေကြရတာဗျ. . အဲ. . ကျွန်တော်လဲ ဦးတို့နဲ့ တူတူလိုက်ပြီး တောဆင်ရိုင်းတွေကို နှိမ်နင်းဖို့ လိုက်ခဲ့မယ်"

"ဟေ"

အာဂကောင်လေးပါကလား။

"မင်းငယ်ပါသေးတယ် အဲဒီလောက်မစွန့်စားသင့်ဘူး"

သို့ လင်းမြင့်လှိုင်ကပြောလိုက်၏။

ကြည့်လေ သူ့အသက်ဘာရှိသေးတာမှတ်လို့ ၁၈နှစ်ပင် မပြည့်တတ်သေး။

"ဒါအရွယ်နဲ့မလိုက် စွန့်စားတယ်မခေါ်ဘူး စွန့်စားတယ်ဆိုတာ သေချာတဲ့ အလုပ်ကိုလုပ်ကြည့်ကြတာ၊ ခုဟာက ဖြစ်နိုင်တဲ့အလုပ်ကို ကိုယ်တိုင်ကိုယ်ကျလိုက်လုပ်ချင်တာပေါ့"

သည်ကောင်လေးကို လျော့တွက်၍မရပါကလား။

သည်သို့ကြောင့် လင်းမြင့်လှိုင်နှင့်ကျွန်တော် အမဲကြီးပစ်မည့်အစီအစဉ်ကို ဖျက်လိုက်လေပြီ. . ပိန္နဲကုန်းရွာကလေးသို့ လာရောက်ဒုက္ခပေးတတ်သော တောဆင်ရိုင်းကောင်တို့ကို ရှင်းလင်းပေးရန် အလို့ငှာ ထွက်လာခဲ့ကြသည်တွင် 'ကောင်လေး'ကိုပါ ခေါ်လာခဲ့ရချေတော့၏။

သို့ ထွက်ခဲ့သည်ဆိုရာ၌ ကိုအောင်ချစ်၏မိတ်ဆွေ မုဆိုးကြီးစောတာပုကို လမ်းပြအဖြစ်ခေါ်ခဲ့ကြသည်။





"တောဆင်ရိုင်းကောင်တိုင်းကို လိုက်လံသုတ်သင်လို့ မဖြစ်ဘူး"

သို့ ကောင်လေးကပြောလာ၏။

"ဒါ ဟုတ်တာပေါ့ကွာ တောဆင်ရိုင်းကောင်တိုင်း ရွာကိုလာဖျက်ဆီးကြတာမှ မဟုတ်တာ ဒီတော့ တောစပ်လောက်မှာ ကျက်စားနေတဲ့ တောဆင်ရိုင်းအုပ်ကိုသာ ရှာဖွေပြီး ဦးဆောင်ဆင်ကြီးကို သုတ်သင်လိုက်ရုံနဲ့အဆင်ပြေသွားလောက်တယ်"

သို့ ကျွန်တော်၏အယူအဆကို သဘောကျနှစ်ခြိုက်သွား၏။ မုဆိုးကြီးစောတာပုကလည်း . . .

"ဟာ. . ဟုတ်တယ်ကွ. . ငါတို့ရွာကို တောဆင်ရိုင်းတွေ ဝင် ဖျက်ဆီးတုန်းက ခေါင်းဆောင်လို့ ထင်ရတဲ့ ဆင်ကြီးကို ငါကောင်းကောင်းတွေ့လိုက်မိတယ်၊ ညာဘက်အစွယ်တပိုင်းကျိုးနေတယ်" ဟု အားတက်သရော‌ပြောလာ၏။

"ဖျောက်"

လင်းမြင့်လှိုင်က လက်ဖျောက်တစ်ချက်တီးလိုက်ပြီး . . .

"ဟုတ်ပြီ ဖထီပြောတဲ့ အစွယ်ကျိုးဆင်ရိုင်းကောင်ကို သုတ်သင်နိုင်လျှင်ဖြင့် ပိန္နဲကုန်းရွာရဲ့ အနာဂတ်လှပသွားလောက်တယ်"

ထိုနေ့တွင် ကျွန်တော်တို့သည် တကောင်စ နှစ်ကောင်စ တောဆင်ရိုင်းတို့ကို တွေ့ပေမင့် အစွယ်ကျိုးကောင်မဟုတ်သည်ကြောင့် ခြောက် လှန့်ပစ်ခတ်လိုက်ခြင်းသာပြုကြ၏။

"ဒိန်း"

"ဒိန်း"



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ခင်းလောက်တွင် ကျွန်တော်တို့သည် ခြေခင်းလက်ခင်း သာသည့် နေရာလေးတစ်ခုတွင် နားနေလိုက်ကြ၏။

"ငါ ဒီနားခဏသွားချေဦးမယ်"

သို့ မုဆိုးကြီးတာပုက ပြောလျက် သူ၏တလုံးထိုးတူမီးကို ဆွဲကိုင်ထွက်သွားလေသည်တွင် ကောင်လေးက . . .

"ဖထိ ကျွန်တော်လည်းလိုက်မယ်"ဆိုလျက် ပြေးလိုက်သွားတော့သည်။

သူတို့ထွက်သွားကြသည်တွင် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ထုံးစံအတိုင်း ဝိစကီကို ထုတ်သောက်လိုက်ကြတော့၏။

အမြည်းအလို့ငှာမရှိသည်ကြောင့် . . .

"ကိုလင်း . . ခဏလေးဗျ"ဆိုလျက် ကျွန်တော်သည် ရှေ့ ခပ်လှမ်းလှမ်းရှိ မြောင်လေးသို့ထွက်သွားလိုက်၏။ တွက်ထားလေသည့် အတိုင်း ကျောက်ရေအိုင်လေးအတွင်းမှ ကျောက်ငါးကျည်းနှစ်ကောင်ရလိုက်၏။ ကမ်းပါးယံစောင်းတွင်ပေါက်နေသည့် ကြက်ခြမ်းပင်မှ အမှည့်သီးနီရဲရဲသုံးလုံးခန့်ကိုလည်း ဆွတ်ခူးခဲ့၏။

သို့ဖြင့် လင်းမြင့်လှိုင်ရှိရာသို့ ပြန်လာလိုက်ပြီး ထင်းခြောက်များစုဆောင်း၍ မီးမွှေးလိုက်ကာ ငါးနှစ်ကောင်ကို တံစို့ထိုးမီးကင်လိုက်၏။

ငါးကင်မကျက်မီ ကြက်ခြမ်းသီးအမှည့်ကို အမြည်းလုပ်ကြ၏။

"ဒိန်း"

သို့ရှိစဉ် စောတာပုတို့ထွက်သွားသည့် တောင်ကြောလေးဘက်မှ သေနတ်သံတချက်ကြားလိုက်၏။





"ဘာကောင်ရလာလေမလဲမသိဘူးဗျို့"

လင်းမြင့်လှိုင်က ပြုံးစစဖြင့် ပြော၏။

"စောတာပုလည်း လက်မှန်းတည့်သူပေပဲဗျ"

သိပ်မကြာမီအချိန်လေးတွင် စောတာပုနှင့် ကောင်လေးတို့ ပြန်ရောက်လာကြသည်။

သားကောင်တစ်ကောင်ရလာကြ၏။

ရှေ့နောက်တုတ်လျှိုထမ်းလာကြသည်ကြောင့် ဘာကောင်မှန်းတော့ဖြင့် မသိရသေးချေ။

"တယ်ဟုတ်ပါကလား. . ကျွန်တော်တို့ ဒီမယ် တစ်ညစခန်းချလျှင်ဖြင့် ကောင်းမယ်ဗျ"

သို့ ကျွန်တော်ကပြောလိုက်၏။

"ဖထိက ဘယ်ဆိုးလို့တုန်းဗျ"

ကျွန်တော်က ရောက်မဆိုက် ချီးကျူးစကားပြောလိုက်၏။

"ဒါ. . ငါပစ်တာမဟုတ်ဘူးကွ. . ကောင်လေးပစ်တာ"

"ဟင်"

"ဗျာ"

'ကောင်လေး'သည် ထမ်းပိုးလာသော သားကောင်ကို မြေပေါ်သို့ချလိုက်ပြီး ပြုံးပြုံးလေးကြည့်နေလေ၏။

"တောဝက်ကောင်ပါကလား"

တောဝက်ပျိုလေးဖြစ်ချေတော့၏။ တောဝက်ပျိုလေးဆိုပေမင့် အစွယ်ငုံးတိုလေးပင် ထွက်နေချေပြီဖြစ်သည်။

"မင်းအမဲပစ်နေကျလား"



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်ကမေးလိုက်၏။ သူခေါင်းညိတ်ပြ၏။

"ငါနဲ့အမဲပစ်လိုက်နေကျလေကွာ"

သို့ စောတာပုကပြောလေမှ သဘောပေါက်သွားတော့၏။

"အေး . . အေး . . တောဝက်တို့ဘာတို့ ပစ်မယ်ဆိုလျှင်ဖြင့် သတိတော့ အမြဲမပြတ်ထားသင့်တယ်နော်"

သို့ ကျွန်တော်ကစိုးရိမ်စိတ်ဖြင့် သတိပေးပြောလိုက်သည်တွင် စောတာပုက ကောင်လေး၏ပုခုံးကို ပုတ်လိုက်လေပြီး . . .

"ဒီကောင်လေး တောဝက်ပစ်တာ သုံးကောင်လောက်ရှိနေပြီ" ရယ်လို့ တပည့်ကျော်အတွက် ဂုဏ်ယူပြောလာချေတော့သည်။

ကျွန်တော်တို့ ကောင်လေးကို လျော့တွက်၍မရချေတော့ပြီကို ကောင်းကောင်းသိထားလိုက်ကြတော့သည်။

"ကဲ . . ဖထီ ကျွန်တော်တို့ ဒီမယ်ပဲ ညအိပ်စခန်းချကြလျှင်ဖြင့် မကောင်းပေဘူးလား"

သို့နှယ် ပြောလိုက်၏။ သည်တွင် စောတာပု မျက်နှာတစ်ချက်ပျက်သွားကာ . . .

"မဖြစ်ဘူးထင်တယ် ဟိုရှေ့တကြောမှာ ဆင်ခြေရာတွေ ဗရပွတော့ တွေ့ခဲ့တာပဲ . . အမဲပစ်သွားရင်းနဲ့တောင် တောဆင်ရိုင်းတွေနဲ့ ပက်ပင်းတိုးမှာ တွေးပူမိရသေးတယ်"

သို့ စောတာပုစိုးရိမ်စိတ်ဖြင့် ပြောလာသည်တွင် လင်းမြင့်လှိုင်က သွားတက်လေးပေါ်ရုံပြုံးလိုက်ပြီး . . .

"သည့်တွက်မစိုးရိမ်ပါနဲ့ ဖထီရယ် ဒီတောဝက်ကို ပစ်လာတဲ့သေနတ်သံကြောင့် တောဆင်ရိုင်းတွေ အနားရှိနေလည်း လန့်ဖျတ်ပြေး





သွားလောက်ပါပြီ ညကျလျှင်ဖြင့်လည်း ထင်းမီးကောင်းကောင်းရှိပြီး ဝါးလုံးအစိမ်းတွေထည့်ရှို့လျှင်ဖြင့် ဝါးကွဲသံတွေက တောဆင်ရိုင်းတွေကို ဝေးဝေးပြေးသွားစေပါလိမ့်မယ်"

သို့ဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှာပင် စခန်းချညအိပ်ရန် စီစဉ်လိုက်တော့၏။

လေးယောက်အိပ်လောက်သည့် ဝါးတဲကို ထိုးလိုက်၏။ ထင်းခြောက်တုံးများကို စုဆောင်းထားလိုက်၏။ အခေါင်းပေါက်ကျယ်ဝါးလုံးများကိုလည်း ခုတ်ထားလိုက်ကြ၏။

သည့်နောက် ကျွန်တော်၊ လင်းမြင့်လှိုင်နှင့် ကောင်လေးတို့ ချောင်းဘက်ထွက် ရေချိုးသွားကြစဉ် စောတာပုသည် တောဝက်ကောင်ကို အသားဖျက် တံစို့ထိုး မီးကင်ကျန်ရစ်နေခဲ့တော့၏။

"ကွိစ်လ်"

"ကွိစ်လ်"

"ကွိစ်လ်"

ကျွန်တော်တို့ ရေချိုးနေသည့် ချောင်း၏ကမ်းပါးယံတောင်ကြောပေါ်မှ ဆင်အော်သံကြောင့် ကပျာကသီချောင်းထဲမှ တက်လိုက်ကြသည်။ တကောင်တည်းဖြစ်နိုင်၏။

တောင်ကြောလေးပေါ်မှ ရပ်လျက် အော်နေဟန်တူ၏။

"ဝူး"

"ဝူး . . . အူး"

"ကိုလင်း . . ဒီကောင်ဘာတွေ့လို့ အော်နေတာလဲ မသိဘူးဗျ"

ဆင်အော်သံကိုတွက်၍ ပြောလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျည်းစ် . . . ကျည်းစ် . . . ဝူး"

"ခွီး"

"ဂရူး . . ခွီးစ်"

သို့အသံကြောင့် ထိတ်လန့်သွားမိ၏။ ကျွန်တော်တို့ ရေစိမ်နေသည့် တောင်ကြောလေးအပေါ်မှ ထွက်ပေါ်လာသော အသံများဖြစ်ချေတော့၏။

ကြားရသည့်အသံတွက်၍ပြောရမည်ဆိုပါလျှင် ဆင်ကောင်သည် သားရဲကောင်တစ်ကောင်ကောင်နှင့် ထိပ်တိုက်တွေ့ တိုက်ခိုက်ရန်မာန်ဆောင်နေကြခြင်းဖြစ်နိုင်၏။

ကျားကောင်လေလား။

ဘာကောင်လေလဲ။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ကိုပိုက်ရယ် . . ခြောက်ထုတ်လိုက်တာကောင်းပါတယ်" ဆိုလျက် လင်းမြင့်လှိုင်သည် သူ့သေနတ်ဖြင့် ကမ်းပါးယံအပေါ် တောင်ကြောလေးရှိရာသို့ လှမ်းပစ်လိုက်တော့သည်။

"ဒိန်း"

"ဒိန်း"

နှစ်ချက်ခန့်ပစ်လိုက်ခြင်းဖြစ်၏။

တောင်ကြောပေါ်မှ ဝရုန်းသုန်းကား ပြေးလွှားထွက်သွားသံများကြားရ၏။

သည့်နောက် ကျွန်တော်တို့သည် စခန်းတဲသို့ ပြန်ခဲ့ကြတော့သည်။

ကျွန်တော်တို့ ပြန်ရောက်သည်တွင် 'စောတာပု'က . .





"ကဲ . . ငါ . . ရေသွားစိမ်ချေဦးမယ်"

သို့ပြောလျက် သူ့သေနတ်ကို ယူထွက်သွားလေသည်။

"စောက . . ဖထီးကြားလေမပေါ့ . . တောင်ကြောပေါ်မှာ ဆင်ကောင်နဲ့ သားရဲကောင် တိုက်ခိုက်တော့မယ်အသံကြားလို့ ခြောက်ထုတ်လိုက်ရသေးတယ် သတိထားသွားချေနော်"

သို့ ကျွန်တော်က သတိပေးပြောလိုက်သည်။

ကျွန်တော်တို့သည် အဝတ်အစားလဲလှယ်ဝတ်ပြီးနောက် ဝက်ကောင်တစ်စိတ်ထိုးမီးကင်ထားသည့် ထင်းပုံကြီးနားထွက်ထိုင်လိုက်ကြတော့သည်။

အသားကင်ကို တဖက်တချက်လှန်လှော်ပေးနေရင်း စကားစမြည်ပြောနေကြ၏။

အတန်ကြာတွင် စောတာပုပြန်ရောက်လာ၏။

သူ့မျက်နှာသည် ပြုံးစစဖြင့် ဖြစ်နေခြင်းကြောင့် . . .

"ဘာပြုံးတာတုန်း ဖထီးရဲ့"

သို့ မလုံမလဲ ကျွန်တော်ကမေးလိုက်၏။

"စောက ဆရာလေးတို့ တောခြောက်ခဲ့လိုက်ရတာဗျ"

"ဘာရယ်"

"ဘယ်လို"

"ဟင်"

"ငါရေသွားချိုးတော့ ဆင်အော်သံနဲ့ ကျားကောင်မာန်ဖီသံကြားတယ်၊ ပထမတော့ ငါလည်းတကယ်ထင်မိတယ်၊ နောက်မှ စဉ်းစားလိုက်တော့ကာ ဆရာလေးတို့လာတုန်းကလည်း ကြားရလို့



www.burmeseclassic.com

www.burmeseclassic.com



သေနတ်နဲ့ချောက်ပစ်ပြီးပဲ. . ခုပြန်လာ မာန်ဖီစောင်နေကြပြန်တယ်ဆို တော့ မသက်ာဘူးလေ. . နို့ကြောင့် ငါအဲဒီတောင်ကြောပေါ် ပုန်းကွယ် တက်ကြည့်လိုက်တယ်. . အသံသာကြားရတယ် ဘာကောင်မှမတွေ့ဘူး ကွ"

"ဟုတ်ပါ့မလား ဖထီရယ်"

သို့ ကျွန်တော်ကသေချာအောင် မေးလိုက်၏။

"သိပ်သေချာသပေါ့. . . အသံကြားရတဲ့ တောင်ကြောပေါ် မှာ ရှင်းနေတာပဲ. . ဟား. . ဟား. . ဟား. . ဟား"

သို့နှုယ်ပြောပြီး စောတာပုသည် သူ့ဘာသာသဘောကျ ရယ်မော နေလေသည်။

ထိုညတွင် ကျွန်တော်တို့သည် တောဝက်ကင်နှင့် တပျော်တပါး စားသောက်ပြီး အိပ်ယာဝင်လိုက်ကြတော့သည်။

နောက်တနေ့ နေ့လယ်ခင်းလောက်တွင် ကျွန်တော်တို့သည် ဝံတကောင်ကို ပစ်သတ်လိုက်ပြန်သည်။

သည့်နောက် ကျွန်တော်တို့သည် ရွာသို့ပြန်ခဲ့ကြသည်။ အပြန် လမ်းတလျှောက် မည်သည့်ဆင်ရိုင်းမျှ မတွေ့မိချေ။ ရွာပတ်ဝန်းကျင် ဤမျှလောက်တောတဝိုက် တောဆင်ရိုင်းများမရှိလေလျှင် လတ်တလော ရွာအတွက် တောဆင်ရိုင်းတို့ဝင်ရောက်နှောက်ယှက်ခြင်းမှ ကင်းလောက် ချေသေး၏ဟု တွက်လျက် ပိန္နဲကုန်းသို့ ပြန်ခဲ့ကြခြင်းဖြစ်၏။

ကောင်လေးနေအိမ်တဲလေးသို့ ပြန်ရောက်သည်တွင် မုဆိုး ကြီးတာပုက ဝံကောင်ကြီးအသားကို ဖျက်ပေးခဲ့ပြီး သူ့အတွက် တစ် ပိဿာတစ်တွဲယူကာ သူ့အိမ်ပြန်သွားလေတော့၏။





"နက်ဖြန်လာခဲ့မယ်"ဟု ပြောသွားသေး၏။

"ခပ်စောစောဖြင့်လာချေဗျာ. . ဒီတခါ ခပ်ဝေးဝေးလံလံ သွားကြတာပေါ့"ဟု ကျွန်တော်ကလှမ်းပြောလိုက်သည်။

နောက်တနေ့တွင် မုဆိုးတာပုနှင့်အတူ သူ့မိတ်ဆွေမုဆိုးများ ပါလာ၏။

သို့ကြောင့် သူတို့ကိုပါခေါ်၍ ကျွန်တော်သည် ရွာကိုအနှောက် အယှက်အကြီးအကျယ်ပေးခဲ့သော စွယ်ကျိုးတောဆင်ရိုင်းကောင်ကြီး ကို လိုက်ရှာကြပြန်တော့သည်။

မနေ့က ရောက်ခဲ့သော နေရာထက် ခပ်ဝေးဝေးတောနက် တွင်းဗင်လိုက်ကြ၏။

တကောင်စ နှစ်ကောင်စဆိုသလို တောဆင်ရိုင်းကောင်ကို တွေ့၏။ ခြောက်လှန့်ပစ်ခတ်ထုတ်လိုက်၏။ ရွာနှင့်ဝေးလေဖဖောင်းလေ မဟုတ်ပါကလား။

အတော်လေးတော့ဖြင့် ဟန်ကျလေသည်ဟု ပြောရချိမ့်မည်။ သို့ပေမင့် ထိုနေ့ ပိန္နဲကုန်းရွာပြန်ရောက်လူစုခွဲလိုက်ကြပြီး ညဘက်တွင် ပိန္နဲကုန်းရကွာသူကြီး ဦးတုတ်ကြီး ကျွန်တော်တို့ကို လာတွေ့လေတော့ ၏။

"ခင်ဗျားတို့ ကျုပ်တို့ရွာအတွက် လာရောက်ကူညီကြတယ် ကြားလို့ ဝမ်းသာမိပါတယ်ဆိုတဲ့အကြောင်း လာပြောတာပါ. . နို့ပေမင့် ဒီရွာဟာ ကျုပ်အုပ်ချုပ်တဲ့ရွာ ကျုပ်မှာလဲ တာဝန်ရှိတယ်ဆိုတာသိတယ်၊ ကျုပ်ရဲ့လူမှုရေးကိစ္စလေးတွေ မပြီးပြတ်သေးလို့ ဘာမှလုပ်မပေးနိုင်သေး တာပါ၊ ခင်ဗျားတို့ကို ကျေးဇူးလဲတင်ပါတယ်၊ ကျုပ်တို့ရွာကိစ္စ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြေရှင်းပါမယ်၊ ခင်ဗျားတို့ဝင်လုပ်ပေးစရာမလိုပါဘူး" ရောက်မဆိုက်ဆိုသလို သို့ပြောလာတော့၏။

ဟင်. . ဘယ်လိုကြီးပါလိမ့်၊ သူကြီးပြောပုံက ကျွန်တော်တို့လုပ်ရပ်ကို မလိုလားသည့်ပုံပါကလား။

"သူကြီးကို အရင်ကကျွန်တော်ပြောဖူးတယ်၊ အဲဒီတုန်းက သူကြီးပြောခဲ့တာလေ 'မင်းသူကြီးလား . . ငါသူကြီးလား'ဆိုပြီး ဒီရွာကိုအုပ်ချုပ်တာငါ . . နို့ဖြင့်လည်း ကိုယ့်အိမ်ခြံဝင်းကိုယ်လုံလုံခြုံခြုံကာကြလို့ ပြောခဲ့တယ်လေ နို့ကြောင့်ခုလို မိတ်ဆွေတွေက ဝိုင်းကူပေးလာကြတာလေ"

သို့နှယ်သူကြီးကို ကောင်လေးကပြောလိုက်ခြင်းကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ပြုံးမိကြတော့သည်။

သူကြီးဦးတုတ်ကြီး၏မျက်နှာကတော့ဖြင့် နီရဲသွားတော့သည်။ သို့ပေမင့် သူကြီးသည် ကပျာကသီ အမူအယာကိုပြင်လိုက်ကာ. .

"ဟုတ်ပြီလေ. . ဒီကနောင်ကြီးတို့ကို ကျေးဇူးတင်ပါတယ်၊ ရှေ့လျှောက်ကျွန်တော်တို့ရွာလုံခြုံရေးအတွက် ကျွန်တော်တို့ပဲလုပ်ပါရစေ ခုလိုဆိုတော့ ကျွန်တော်တို့သိက္ခာကျတာပေါ့ဗျာ"

သို့ပြောလာပြန်တော့လည်း လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် နားလည်မှုရှိစွာဖြင့် . . .

"ကဲ. . ကောင်လေး သူကြီးပြေကာတာလဲ ဟုတ်နေပြန်တယ် ဆင်ရိုင်းတွေရဲ့ ရန်ကိုသူကြီးနဲ့သာတိုင်ပင်လုပ်ကြတော့ကွာ ဦးတို့လဲ အထက်တောတက်ပြီး လာရင်းရည်ရွယ်ချက်အတိုင်း သားကောင်ကြီးတွေ ရှာပစ်ပြီးပြန်ကြတော့မယ်"





သို့ ဆုံးဖြတ်ပြီးနောက် ကျွန်တော်တို့နှစ်ယောက်သည် နောက်နေ့တွင် အထက်တောသို့ တက်ခဲ့ကြတော့၏။

သို့ဖြင့် အထက်တောတွင် လေးငါးရက်ခန့် လှည့်လည်စခန်းချနားနားနေနေ နေလိုက်ကြ၏။ သို့ရှိစဉ် မုဆိုးကြီးစောတာပုရောက်လာလေသဖြင့် . . .

"ဆို. . စောတာပု ဘယ်လိုအရေးကိစ္စပေါ်လာလို့လဲ"

ရောက်မဆိုက်ပင် ကျွန်တော်ကမေးလိုက်သည်။

"မနေ့က ပိန္နဲကုန်းရွာထဲကို တောဆင်ရိုင်းအုပ် ဝင်မွှေသွားတယ်"

"ဟေ. . ဘယ်လိုဖြစ်ပြန်သလဲ ရွာနီးတဝိုက် ကျက်စားနေတဲ့ တောဆင်ရိုင်းတွေကို ခြောက်လှန့်ထုတ်ပြီးပြီပဲကွ. . တကြော့ပြန်လာဦးတော့ သူကြီးကသူတို့ဦးဆောင်လုပ်ပေးမယ်ဆို"

သို့ ကျွန်တော်ကမေးလိုက်သည်။

"အင်း . . ဆရာလေးတို့က ရွာအနီးကျက်စားတတ်တဲ့ တောဆင်ရိုင်းတွေကို ဝေးဝေးမောင်းထုတ်ခြောက်လှန့်ပြီးပြီပဲ. . ရွာထဲကိုဆင်ရိုင်းအုပ်ပြန်ဝန်လာနိုင်စရာအကြောင်း လုံးဝမရှိပါဘူးဗျာ. . နို့ကြောင့် ဘယ်လိုဖြစ်ရတာတုန်း သိချင်လို့ နီးစပ်ရာမုဆိုးတွေကို မေးကြည့်လေတော့. . ."

"အေး ဘာပြောကြသလဲ"

ကျွန်တော်က စကားဖြတ်မေးလိုက်သည်။

"သူကြီးရဲ့ ယုတ်မာမှုဆိုတာ သိရတော့တယ်"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ဘယ်လို"

"ဟုတ်ပါ့မလား စောတာပုရယ် သူ့ရွာသူ ဘယ်ဖျက်ပါ့မလဲ"

သို့ ကျွန်တော်ကပြောလိုက်သည်တွင် စောတာပုသည် သူ့နောက်တွင်ပါလာသည့် ဂင်တိုတိုလူတစ်ယောက်ဘက်လှည့်၍

"ဂွတို မင်းပဲရှင်းပြလိုက်ပါတော့ကွာ"ဟုပြောလိုက်သည်။

သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်မျက်နှာကို လှမ်းကြည့်လိုက်ပြီးနောက် "ကဲ. . ပြောပါဦး" ဟု ထို ဂင်တိုတိုလူကို မေးလိုက်သည်။

သည်တွင် . . .

○ ○ ○ ○



'ဂွတို'သည် 'တောင်သလဲ'ရွာသားဖြစ်သည်။ သူ့အဖေသည် ဆင်ဦးစီးကောင်းတစ်ယောက်ဖြစ်သည်။ သို့ဆိုတော့ 'ဂွတို'သည်လည်း ဆင်များနှင့် ပတ်သက်၍ စိမ်းသူမဟုတ်။

ငယ်စဉ်ကတည်းက . . ဆင်ဝိုင်းတွင်းမှာနေ. . ဆင်ဝိုင်းတွင်းမှာပင်ကြီးပြင်းလာရသူဖြစ်သည်။

သူ့အဖေကဲ့သို့ ဆင်ဦးစီးတစ်ယောက်ဖြစ်မလာသော်လည်း ဆင်နှင့်ပတ်သက်၍ လုပ်ကိုင်စားနေသူဖြစ်၏။

သူ့အလုပ်သည် ဆင်များကို ကျုံးသွင်းဖမ်းကာ ရောင်းစားခြင်းဖြစ်၏။ သူ့အဖွဲ့တွင် လူများများစားစားတော့မြင့်မရှိ၊ လူလေးငါးခြောက်ယောက်ဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။

နို့ပေမင့် . . စည်းလုံးညီညွတ်ကြသည်။ ရဲရင့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဂွတို'က အုပ်စုခေါင်းဆောင်ဖြစ်သည်။

သူတို့သည် တောတောင်အတွင်း၌သာ လှည့်လည်နေထိုင်ကြသည်။ အိမ်ထောင်သည်များမဟုတ်ကြ။ လူလွတ်တို့ချည်းသာဖြစ်၏။

လွန်ခဲ့သော သုံးရက်လောက်က သူ့ထံသို့ လူနှစ်ယောက်ရောက်လာကြ၏။

အသိအကျွမ်းထဲမှ တစ်ယောက်ယောက်က ခေါ်လာခြင်းမဟုတ်။ သူတို့ဘာသာ 'ဂွတို'တို့ရှိမည်အရပ်ကို စုံစမ်းလိုက်လာခြင်းဖြစ်သည်။

"ဆို . . ဘာကိစ္စတုန်း" ဟုမေးလိုက်သည်။

"ရွာထဲကို တောဆင်ရိုင်း လေးငါးကောင်တစ်အုပ် မောင်းသွင်းပေးလျှင်ဖြင့် ငွေတစ်သိန်းပေးမယ်ဗျာ"

အံ့ဖွယ်ကောင်းလှပါကလား ဆင်တစ်ကောင်ဖမ်းရောင်းလျှင်တောင်မှ ပေတွက်ရောင်းဈေး ထိုမျှငွေကြေးအတိုင်းအတာရချင်မှ ရချိမ့်မည်။ ယခု. . ဆင်ရိုင်းအုပ်ရွာထဲမောင်းသွင်းပေးရုံဖြင့် ငွေတစ်သိန်းတောင်ရမည်ဆိုလေတော့. . "ဘယ်လိုကြောင့်လဲ"ပေါ့။

သူ့လူတွေကလည်း သူ့ကို အားကိုးတကြီးနှင့် ကြည့်နေကြချေပြီ။

"ဘယ်လိုကြောင့်လဲ. . မေးနေမယ့်အစား စရံငွေ ငါးသောင်းယူထားလိုက်တာ ခင်ဗျားတို့အတွက် ပိုမကောင်းပေဘူးလား"ဟု ထိုသူကပြောလာလေသဖြင့် သူ့လူများသည် သူ့ကိုလှမ်းကြည့်၊ ကဲကြည့် ခေါင်းဆတ်ပြကြလေ၏။

သည်တော့ 'ဂွတို'နှုတ်ဆိတ်နေလိုက်တော့၏။





ငွေငါးသောင်းကို လက်ခံယူလိုက်တော့၏။

လက်ခံလိုက်ပြီဆိုတော့ ထိုသူနိုင်းလေသည်အတိုင်း မဖြစ်မနေလုပ်ပေးလိုက်ချေတော့၏။

"ဟင်"

"ဟာ"

လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် 'ဂွတို' ဆိုသူကို စိမ်းစိမ်းကြီးကြည့်လိုက်ကြတော့၏။

လုပ်ရက်လိုက်တာ . . .

ကျွန်တော်တို့နှစ်ယောက်၏အကြည့် မျက်စိအောက်တွင် 'ဂွတို'တစ်ယောက် တာရှည်မခံနိုင်တော့လေပြီဖြစ်ခြင်းကြောင့် မျက်နှာငယ်လေးဖြင့် . . .

"နောင်မှ ကိုတာပုနဲ့တွေ့လို့ ကျွန်တော် ပိန္နဲကုန်းရွာသူကြီးဦးတုတ်ကြီးရဲ့ အကြံအစည်မှန်းသိရတော့တယ်ဗျာ"

သို့ သူကဝန်ခံလာပေမင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် 'ဂွတို'၏စကားကိုလည်း စိတ်မဝင်စားနိုင်တော့ချေ။ ပိန္နဲကုန်းရွာအတွက် စိုးရိမ်စိတ်ဖြစ်မိကြသည်။ ရွာအတွက်ဆိုလိုက်ရသလို ကောင်လေးအတွက်လည်း စိုးရိမ်မိပြန်သည်ကြောင့် . . .

"နို့. . နေပါဦး. . ကောင်လေးကော" ရယ်လို့ သတိတရမေးလိုက်သည်။

"လာရင်းကိစ္စ အဓိက . . အဲဒါပဲ"ဟု ပြောလာသဖြင့် ရင်ထိတ်သွားမိကြတော့သည်။

"ပြောစမ်းပါဦးဗျာ. . ကောင်လေးအတွက် စိုးရိမ်လိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာထဲရှိ ခြံမလုံတဲ့အိမ်တွေအားလုံး ဆင်ရိုင်းတွေရဲ့နင်းချေဖျက်ဆီးခဲ့လိုက်ရတယ်၊ ညဘက်ကြီးဆိုတော့ ထွက်မပြေးနိုင်တဲ့ အဖွားကြီးတစ်ယောက်ရယ် နို့စို့အရွယ်ကလေးတစ်ယောက်ရယ် ဆင်နင်းခံရလို့ သေသွားကြတယ်".

"ဟင်"

"ဟာ"

လွန်မင်းစွာ စိတ်မကောင်းဖြစ်မိကြတော့၏။

"အချို့ ကျိုးပဲ့ကြသူတွေလဲရှိတယ်"

"အလိုလေးဗျာ"

ကြားရသည့်သတင်းကြောင့် ရင်ဆို့သွားရ၏၊

"နို့ဖြင့် . . ကောင်လေးကိစ္စဆိုတာ ပြောပါဦး"

"ခု ကျွန်တော်ဆရာလေးတို့ကို လာပြောရင်း ကိစ္စက ကောင်လေးကိစ္စပေပဲ၊ ရွာထဲဆင်ရိုင်းတွေ ဝင်သောင်းကျန်းတော့ အဲဒီညမှာပဲ ရွာသားအချို့ကတော့ဖြင့် ကြောက်လန့်ထွက်ပြေးကုန်ကြတယ်၊ ပြန်မလာကြတော့ဘူး၊ ပြီးတော့ ကောင်လေးလဲ ပျောက်နေလေရဲ့"

"ဟေ"

"ဟင်"

ရုတ်တရက်မို့ တအံ့တဩဖြစ်သွားရသော်လည်း . . .

"သူလဲပဲ ကြောက်လန့်ထွက်ပြေးကြတဲ့ လူတွေနဲ့ရောပါ သွားလားမသိတာ"

သို့ ကျွန်တော်ကပြောလိုက်သည်၊

"မဖြစ်နိုင်ဘူး ရုတ်တရက်မို့ ကြောက်လန့်ထွက်ပြေးမိတယ်





ထား နောက်နေ့မနက်မယ် ပြန်လာရမပေါ့. . ခုတော့ သေဆုံးကြရတဲ့အထဲမှာလဲ သူ့အလောင်းကိုမတွေ့၊ ကျိုးပဲ့တဲ့အထဲမှာလည်း သူမပါအနားပတ်ဝန်းကျင်ရွာတွေ လိုက်စုံစမ်းတော့လည်း မရှိ"

"နို့နေပါဦး. . ဖထီးပြောတဲ့ ကောင်လေးရဲ့ ပုံပန်းသဏ္ဌာန်ပြောပါဦး"

စောတာပုစကားကို ဖြတ်၍ 'ဂွတို'ဆိုသူက မေးလေ၏။ သို့ဖြစ်၍ ကျွန်တော်က စောတာပုကိုယ်စား . . .

"ပိန်ပိန်ရှည်ရှည်. . နှာတံပေါ်ပေါ် မှုံးချွန်ချွန် မျက်လုံးပြူးပြူးရယ်"ပြောလိုက်၏။

"ဟာ. . ဟုတ်ပြီ. . အဲဒီညက ကျွန်တော့်အလုပ်လာအပ်တဲ့သူခေါ်လို့ သူကြီးအိမ်ဝင်းခြံထဲ ရောက်သွားတယ်၊ ကျန်ငွေငါးသောင်းပေးလိုက်တယ်၊ သည်တုန်းက သူကြီးခြံထဲမယ် ကောင်လေးတစ်ယောက်ကို ထိတ်တုံးခတ် ဖမ်းထားတာတွေ့တယ်"

"ဟင်"

"ဟာ"

"တောက်"

"မိုက်ရိုင်းလိုက်လေ"

"ကဲ. . နို့ဖြင့် သူကြီးအိမ်သွားကြစို့ . . ကောင်လေးကို ဘာသဘောနဲ့ ဖမ်းထားတာလဲ သွားမေးကြမယ်. . နို့ဖြင့်နေပါဦး 'ကိုဂွတို' က သူတို့ခိုင်းတဲ့အလုပ်ကို အခကြေးငွေယူပြီး လုပ်ပေးပြီးပြီပဲ ခုဘာလိုက်လုပ်တာလဲ"

သို့ ကျွန်တော်က 'ဂွတို'ဆိုသူကို မလိုလားမနှစ်သက်အာန် ရှဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှာမုန်းတီးဟန်ဖြင့် ပြောလိုက်၏။

"တကယ်တော့ ကျွန်တော့်မိတ်ဆွေတွေ အတော်များများ နေကြတာ ပိန္နဲကုန်းဆိုတာ သိရပေတယ်၊ စောတာပုဆိုလျှင်ဖြင့်လည်း သူငယ်ချင်းအရင်းချည်းရယ် ကိုအောင်ချစ်ဆိုတာ ကျွန်တော့်အသက် ကိုတောင် ကယ်ဖူးသေးတယ်၊ ခု သူကြီးဖမ်းထားတာ ကိုအောင်ချစ် သားလေးဆိုတော့. . ."

"ဟေ. . ပြောပါဦးကွ"

လင်းမြင့်လှိုင်က စိတ်ဝင်တစားမေးလိုက်သည်။

သည်လိုပါဆိုလျက် ပြောလာလေသည်မှာ. . .

○ ○ ○ ○



'ဂွတို'သည် ခြေခင်းလက်ခင်းသာသည့်နေ့တစ်နေ့တွက် သူ တစ်ယောက်တည်း ဆိုသလို မီးလောင်ကုန်းကျေးရွာသို့ ထွက်ခဲ့၏။ လွန်ခဲ့သော တစ်ပတ်လောက်က တောဆင်ရိုင်းတစ်ကောင် ဖမ်းဆီး ရောင်းလိုက်ရသည်ကြောင့် ငွေစလေးများ ရှင်နေသည်ဖြစ်၍ ပျော်ပါး စားသောက်ရန်ဖြစ်၏။

ပိန္နဲကုန်းရွာကိုဖြတ်၍ သွားရသည်ဆိုငြား ရွာမြင်လမ်းမှ ပတ်၍သွားခြင်းဖြစ်၏။ ဘယ့်တွက်မူ ပိန္နဲကုန်းရွာတွင် သူ၏အသိမိတ်ဆွေ များရှိကြခြင်းကြောင့်ဖြစ်၏။

သူ၏မိတ်ဆွေများသည် သောက်စားလျှင် သွေးဆိုးကြခြင်း ကြောင့်ဖြစ်၏။ တောစခန်းတွင်လည်း သူသည် အရက်သောက်လျှင် တစ်ယောက်တည်းသောက်တတ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူသည် မီးလောင်ကုန်းကျေးရွာတွင်သောက်စား၍ ပြန်ခဲ့သည်တွင် . . အနည်းငယ်အချိန်နှောင်းသွားသည်ဖြစ်၍ ပိန္နဲကုန်းရွာနှင့်သူ့စခန်းကြား တောလမ်းလေးတွင် ဝံကောင်နှင့်ထိပ်တိုက်တိုးလေတော့၏။

သူသည် ဝါးတောလေးအတွင်း ခြေမျက်စိသာသာရှိ ရေစီးချောင်းမြောင်လေးအတိုင်းဝင်အလာ ဝံကောင်သည်လည်း မြောင်လေးအတွင်း ငါးရှာစားပြီး ပြန်အထွက် ပက်ပင်းတိုးကြလေတော့၏။

"ဂါး . . ဂရား . . ဂရှး . ."

"ဂူး"

သူ . . သို့ ကြုံလိမ့်မည်ဟု တွက်မထား၊ မြောင်ကလည်း မြောက်ကျပ်ဖြစ်နေခြင်း တစ်ဖက်တစ်ချက် ကမ်းပါးယံသည် မတ်စောက်စောက် မျက်လုံးများကျယ်ထွယ်လာတော့၏။ အမူးများပျောက်သွားရတော့၏၊

သူဘာလုပ်ရမလဲ. .

ဝံကောင်သည်လည်း နောက်သို့ ပြန်လှည့်ရန် အခွင့်မသာ၊ ဒီတော့ဝံကောင်သည် သူ့ထွက်ပေါက်အတွက် တိုက်ခိုက်ထွက်ဖို့ရန် ပဒပ်ရပ်မာန်ဖီရင်း ရှေ့သို့ ဇွတ်တိုးလာ၏။

"ဂါး . . ဂရှး. . ဂေါ"

"ဂရှး . . ဂူး"

သူလုပ်စရာတခုတည်းသာရှိတော့၏။ သည်တော့ လျှပ်တပြက်ဆိုသလို သူသည် ကျွဲကောသီးလုံးခန့် မည်းမည်းကျောက်ခဲတစ်လုံးကို ကောက်ယူပစ်ပေါက်လိုက်ပြီး နောက်လှည့်တချိုးတည်းပြေးခဲ့လေတော့





၏။

ကျောက်ခဲလုံးဖြင့် သူ၏ပစ်ပေါက်မှုက ဝံကောင်ကြီးကို ဟန့်တားနိုင်ခြင်းမရှိသည့်ပြင် နာကျင်မှုကြောင့် ဒေါသအမျက်ပိုထွက်ကာ အားမာန်ပိုထည့် သူ့နောက်ပြေးလိုက်ခဲ့တော့၏။

မြောင်ဝသို့တိုင် လိုက်မမီအောင် ပြေးနိုင်ခဲ့ပြား . . မြောင်ဝအလွန် ကိုက်ငါးဆယ်လောက်တွင် ခြေမခိုင်ခွေယိုင်လဲသွားချေတော့၏၊

"ဂရှး . . . ဂူး . . ဂါး"

လျှပ်တပြက်ဆိုသလို ဝံကောင်သူ့အနားရောက်လာချေပြီ သူလူးလဲထလိုက်ပြန်သည်၊

အထမမြောက်၊ ဝံကောင်က လှမ်းကုတ်ပုတ်ရိုက်လိုက်သည်ကြောင့် ရှောင်တိမ်းလှဲချလိုက်ပြန်၏။

သူတော့ ဝံကောင်လက်မှ မလွတ်နိုင်တော့ပြီ တွက်လိုက်မိချိန်ကလေးတွင် . . .

"ဒိန်း"

"ဟာ"

သို့ အသံနှင့်အတူ ဝံကောင်ကြီးသည် သူ့အပေါ် မှိုးကျလာသည်ကြောင့် ကပျာကသီ လှိမ့်ရှောင်လိုက်သည်။

"ဘုန်း"

သိသိကလေးပါကလား။

"ခင်ဗျား ဘာမှမဖြစ်ပါဘူးနော်"

သို့ဆိုလျက် သူ့အား ဆွဲမထူလာသူကို ကြည့်လိုက်၏။ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



လဲ . . သူမသိပါကလား မည်သို့ပင်ဆိုစေ သူ့အသက်ကယ်တင်ရှင်ဖြစ်သည်ကြောင့် . . .

"ကျေးဇူးတင်လိုက်တာဗျာ" ရယ်ပြောလိုက်ရင်း ပြုံးပြထရပ်လိုက်သည်။

သည်သို့ဖြင့် ရင်းနှီးကျွမ်းဝင်သွားကြ၏။

သူ့အသက်ကယ်တင်ရှင်သည် ပိန္နဲကုန်းရွာသားကိုအောင်ချစ်ရယ်လို့ သိလိုက်ရသလို သူသည် တောင်သလဲရွာသား 'ဂွတို'ဖြစ်ကြောင်းလည်းပြောပြလိုက်သည်။

သည့်နောက် အဆက်အသွယ်ပြတ်ခဲ့ကြပြန်သည်။

တောင်သလဲရွာသို့ ကိုအောင်ချစ်ရောက်မလာနိုင်သလို ပိန္နဲကုန်းရွာသိုလည်း သူခြေဦးမလှည့်ဖြစ်ခဲ့ချေ။ သို့ပေမင့် တောတောင်ထဲတွင်မတော့ ရံခါဆိုသလို ဆုံတတ်ကြသည်။

နောက်ပိုင်း ကိုအောင်ချစ် ပိုးထိ၍ဆုံးသါးသည်ကို သိလိုက်ရ၏။ သည်တော့ ပိန္နဲကုန်းရွာဆိုသည့် အမည်နာမသည် သူနှင့်စိမ်းခဲ့ရတော့၏။ ရံခါကြားနေရသော်လည်း ကိုအောင်ချစ်တစ်ယောက်ကိုတော့ဖြင့် မေ့လျော့သွားချေတော့၏။

သူမေ့လျော့နေသော အသက်သခင်ကျေးဇူးရှင်၏ အမည်နာမကိုကြားလိုက်ရသည်တွင်မတော့ စိတ်မကောင်းကြီးစွာဖြစ်မိတော့၏။

ကြည့်. . တချိန်က ကိုအောင်ချစ်သည် တောရိုင်းတိရစ္ဆာန်ဝံကောင်လက်ချက်ဖြင့် သေရတော့မည့် သူ့အသက်ကို ကယ်ခဲ့၏။

ယခု. . သူသည် သူ့အသက်သခင်ကျေးဇူးရှင် နေထိုင်သည့်ရွာကို တောဆင်ရိုင်းများဖြင့် ဖျက်ဆီးခဲ့ချေပြီ။





သည်တော့ ကျေးဇူးရှင်၏သားလေးကို ဒုက္ခပေးလာကြသည့် လူရမ်းကားတို့ကို ကူညီပေးခဲ့သလို ဖြစ်နေတော့၏။ သို့သိလိုက်သည်တွင် လွန်မင်းစွာ စိတ်မကောင်းဖြစ်သွားမိတော့၏။

သို့ကြောင့်လည်း သူအမှားလုပ်ခဲ့မိကြောင်း စောတာပုကို ရင့်ဟပြောမိ၏။ သူဘာလုပ်ရမည် အကြံတောင်းမိ၏။ သည်တော့ စောတာပုသည် ကျွန်တော်တို့ထံ ခေါ်လာခြင်းဖြစ်တော့၏။

"ကဲ. . အချိန်ဆွဲနေလို့မဖြစ်ဘူး . . ခုပဲ ပိန္နဲကုန်းရွာသွားကြမယ်. . ကောင်လေးကို သွားကယ်ရမယ်"

သို့ စိုးရိမ်တကြီးပြောလျက် သေနတ်ကိုဆွဲကာ ထရပ်လိုက်သည်တွင် . . .

"ဆရာလေးရယ်. . စိတ်ငြိမ်ငြိမ်ထားစမ်းပါ . . ကျုပ်ပြောတာနားထောင်ပါဦး" ရယ်လို့ တာပုကဆိုလာသဖြင့် ပြန်ထိုင်လိုက်သည်။

'ဂွတို'ပြောလို့ ကိုအောင်ချစ်သားလေးကို သူကြီးဖမ်းထားတယ်ဆိုတာကြောင့် ကျွန်တော်လည်း လဟာမယ်ရွာသူကြီး စမ်းရွာသူကြီး ပိတောက်ကုန်းရွာသူကြီးတွေကို အကူအညီတောင်းပြီး ပိန္နဲကုန်းရွာသူကြီးဆီ သွားကြတယ်၊ ကောင်လေးကို ဖမ်းထားလျှင်လည်း လွှတ်ပေးပေါ့"

"အေး . . အဲဒီတော့ သူကြီးကဘာပြောလဲ"

ကျွန်တော်က အရင်စလို မေးလိုက်သည်။

"သူမသိပါဘူး . . သူဖမ်းမထားပါဘူး ဆိုပြီး ငြင်းလိုက်တယ် ရွာ ရွာသူကြီးတို့ကလည်း မေတ္တာရပ်ခံကြတယ်၊ 'ဘူး'ပဲ ခံနေတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့် ဝင်ရှာမယ်ဗျာ. . ဆိုလိုက်တော့လည်း ငြင်းမြဲ 'ဘူး'ခံနေတော့တာပဲ"

သို့ စောတာပုက စိတ်ပျက်အားလျော့ ပြောလာချေတော့၏။

"ဂွတိုက အသေအချာမြင်ခဲ့တာပဲဗျာ. အဲဒီမယ် ကောင်လေး ရှိကိုရှိတယ်၊ နို့ကြောင့် ဆရာလေးတို့သွားလည်း ငြင်းမှာပါပဲလေ"

"နို့ဖြင့် ဘယ်လိုလုပ်ပေးရမလဲ"

သို့ လင်းမြင့်လှိုင်က မေးလိုက်သည်။

"သူတို့နည်းနဲ့ သူတို့ကို ပြန်လုပ်လျှင်ဖြင့် တရားနည်းလမ်းလဲကျမယ် ကိုအောင်ချစ်သားလေးကိုလည်း ကယ်ထုတ်နိုင်မယ်"

"ဟေ"

သို့ပြောလသူသည် ဂွတိုဖြစ်ချေတော့၏။

"လုပ်ပါဦး . . မင်းအစီအစဉ်. . ရှင်းအောင်ပြောကွာ"

သည်တွင် ဂွတိုတစ်ယောက် မေးကြောကြီးများ ထောင်တက်အောင်အံကြိတ်လိုက်ပြီး . . .

"ကိုအောင်ချစ်ရဲ့ ကျေးဇူးကို ပြန်ဆပ်ရမယ့် အခြေအနေရောက်နေပြီဆိုတော့ ကျွန်တော်အတတ်နိုင်ဆုံး ကူညီမယ်ဗျာ"

သို့ ဆိုလာသဖြင့် လင်းမြင့်လှိုင်က သူ့လက်တွင်းမှ ဝီစကီကို တကြိုက်မော့လိုက်ပြီး ဂွတိုကို ကမ်းပေးလျက် . .

"ဆိုစမ်းကွာ . . အေးအေးငြိမ်ငြိမ်ပြော"ဟု ဆိုလိုက်၏။

ဂွတိုသည် လင်းမြင့်လှိုင်လှမ်းပေးလေသည့် ပုလင်းကို မယူဘဲ လက်ကာပြရင်း . .

"ပိန္နဲကုန်းရွာထဲကို တောဆင်ရိုင်း ဆယ့်လေးငါးကောင် တ





အုပ်ပြန်မောင်းသွင်းမယ်"ဟုပြောလေ၏။

"ဟင်"

"ဟာ"

ကြားလိုက်ရသောစကားကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင် လွန်မင်းစွာ ထိတ်လန့်သွားတော့သည်။

"ဘယ်လိုဖြစ်နိုင်မှာလဲကွာ တောဆင်ရိုင်းတွေ ပရမ်းပတာနဲ့ မြင်မြင်ရာအိမ်ဝင်ဖျက်ကြမှဖြင့် ပိုဆိုးရချည့်ကွာ"

သို့ ကျွန်တော်က စဉ်းစားချင့်ချိန်ပြောလိုက်၏။

သည်တွင် မုဆိုးကြီးစောတာပုက . .

"ဆရာလေးတို့ရယ် ရွာသားတွေအိမ်က သူတို့လုပ်လို့ ကုန်ပြီပဲဗျာ. . ရွာသားတွေလည်း မရှိသလောက်ပါပဲ"ဟုပြောလာသလို. .

"ဒီတခါ တောဆင်ရိုင်းတွေက သူတို့ခြံဝင်းတွေကိုပဲ ဖျက်ဆီးဖို့ရှိတော့တာပေါ့"

သို့နှယ် ဂွတိုကလည်း အားတက်သရော်ပြောလာလေတော့၏။

"အော် . . ဟုတ်လား"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"ဟုတ်တယ် ဆရာလေး. . နက်ဖြန်သဘက်လောက် လုပ်ငန်းစလို့ရပြီ"

"ဟာ. . အဲလောက် အချိန်တိုတိုနဲ့ လုပ်ဖြစ်နိုင်ပါ့မလား ကိုဂွတိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့လင်းမြင့်လှိုင်ကပြောလိုက်သည်တွင် ငွတိုသည် ရင်ကိုကော့
၍ ညာလက်မကို ထောင်ပြလေပြီး ပြုံးဖြီးဖြီးဖြင့် ကျွန်တော်နှင့်လင်းမြင့်
လှိုင်ကို ကြည့်ကာ . . .

"ကျွန်တော့်လူကွေ တွေ့ထားပြီး စုယားပြီးပါပြီ"

"ဟေ"

"ဟင်"

'ငွတို'ကို ကျွန်တော် မချီးကျူးဘဲ မနေနိုင်တော့ပါ လူတွေသည်
သူ့အရည်အချင်းနှင့် သူရှိကြသည်ချည်း မဟုတ်ပါကလား။

သည်သို့ဖြင့် ကျွန်တော်တို့သည် နောက်တစ်နေ့ညဘက်တွင်
လုပ်ငန်းစရန် ဆုံးဖြတ်လိုက်တော့သည်။

"ကျွန်တော်တို့ နက်ဖြန်လာခဲ့မယ် ခုလုပ်စရာလေးတွေရှိ
သွားလိုက်ပါဦးမယ်"

သို့ဆိုလျက် ငွတိုနှင့်စောတာပုတို့နှစ်ယောက် ပြန်သွား
တော့၏။

"ကိုလင်း . . ဘယ်လိုမြင်လဲ"

တချိန်လုံး လိုအပ်သည်မှလွဲ၍မည်သည့်စကားမျှ အပိုမပြော
လေသည့် လင်းမြင့်လှိုင်ကိုမေးလိုက်၏။

"သူတို့အစီအစဉ် သိပ်ကောင်းပါတယ် သုံးရွာသူကြီးတွေ
ကောင်လေးကို သွားတောင်းပြီးပဲ မရှိဘူးလို့ချည်း ပြောင်ငြင်းနေတာ
သည်တော့ အကြမ်းဖက်ပြန်ခေါ်ရတော့မပေါ့ဗျာ"

"အိုကေ . . ကိုလင်း"

သည့်နောက် အိပ်ယာဝင်လိုက်ကြသည်။





နောက်တနေ့ နံနက်စောစောတွင် စခန်းတဝိုက် ဆင်အော်
သံများကြောင့် လန့်ဖျတ်သွားကာ အိပ်နေရာမှ လူးလဲထထိုက်ပြီး
သေနတ်ကို ကောက်ကိုင်ထားလိုက်၏။

တောဆင်ရိုင်းကောင်တွေများလေလျား၊ ကျွန်တော်တို့စခန်း
ဘက် လမ်းလွဲရောက်လာပြီလားရယ် ထင်လိုက်၏။

လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်နှယ်ပင် သေနတ်ကို ကိုင်
လျက် ဆင်အော်သံများလာရာဘက် ကဲကြည့်နေလေ၏။

ကျွန်တော်သည် သို့နှယ်စောင့်ကြည့်နေလေသည်ဆိုသော်
လည်း ပြေးပေါက်ပြေးလမ်းကို ရှာကြည့်ထားပြီးဖြစ်တော့၏။

"ကျွီးစ်လ်. . ကျွီးစ်လ်. . ကျွီးစ်လ်. ."

"ကျွီးစ်လ်. . . ကျွီးစ်လ်. . . ကျွီးစ်လ်. ."

ဆင်အော်သံများ တဖြည်းဖြည်းကျယ်လောင်လာ၏။

တဖြည်းဖြည်းစခန်းနားရောက်လာခြင်းသဘောဖြစ်သည်။

ကျွန်တော်တို့စခန်းတဲရှေ့ချောင်းမကြီး အောက်ဘက်မှ ဆန်
တက်လာကြဟန်တူ၏။

သေချာခဲ့ပြီ ကျွန်တော်တို့စခန်းဘက်တည့်လာနေကြခြင်း
ဖြစ်၏။

တစ်ကောင်ဘည်းမဟုတ် အနည်းလေး လေးငါးကောင်တော့
ဖြင့် ရှိချိမ့်မည်။

"ကိုလင်း . . ဘယ်လိုလုပ်မလဲ"

စိုးရိမ်ဇာကြီးမေးလိုက်၏။ စခန်းနောက်ဘက်တောင်ကြော
ပြေပြေလေးသို့ တက်ရောက်ရှောင်နေရန် မျက်နှာရိပ်မျက်နှာကဲဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်၏။

"ခဏလောက်စောင့်ကြည့်ပါဦး ကောင်လုံးမြင်လေမှ တောဆင်ရိုင်းတွေ ဟုတ်မဟုတ် ကြည့်ပြီး ဆုံးဖြတ်ကြတာပေါ့၊ အထက်ဘက်ကို တက်အလုပ်လုပ်ကြမယ့် ဆင်တွေလည်းဖြစ်ချင်ဖြစ်နေမှာဗျ"

"ကျွန်တော်တော့ အဲလိုမထင်ဘူး စောတာပုတို့ ဂွတိုတို့အဖွဲ့ တောဆင်ရိုင်းတွေ ကျုံးသွင်းခဲနေရတဲ့ ဆင်တွေထဲက အချို့တလေ ပြေးလွှားရင်း လွတ်ထွက်လာတဲ့အကောင်တွေဖြစ်နေမယ် စိုးရိမ်လို့ပါ"

သို့ ကျွန်တော်ကသတိပေးချင့်ချိန်ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သည် မျက်မှောက်ကုတ် နားစွင့်လိုက်ပြန်ပြီး . . .

"ဟာ. . နေဦး ကိုပိုက်ရဲ့ သေသေချာချာ အသံနားထောင်စမ်းဗျာ. . လူသံတွေလည်းကြားရဲ့. . နို့ဆိုလျှင်ဖြင့် ဆင်ရိုင်းအုပ်မဖြစ်နိုင်တော့ဘူး. . အိမ်ဆင်တွေဖြစ်လိမ့်မဗျ"

"နို့ဆိုလျှင်ဖြင့် တော်ပါသေးရဲ့"

"ဂွတိုတို့များ ဖြစ်လေမလား"

လင်းမြင့်လှိုင်က သို့ပြောလာ၏။

"နို့ သူတို့ပြောသွားတော့ ညနေလောက်မှ လာခဲ့မယ်ဆို"

သို့ ကျွန်တော်ကပြောရင်း ချောင်းအောက်ဘက်သို့ လှမ်းကြည့်လိုက်ပြန်၏။

လင်းမြင့်လှိုင်သည်လည်း စိတ်ဝင်တစား ကဲကြည့်နေတော့၏။ သို့ ရင်တထိတ်ထိတ်ဖြင့် ကြည့်နေစဉ်တွင် ချောင်းကွေ့လေးမှ ဆင်တစ်ကောင်ဘွားခနဲ ထွက်လာတော့၏။

"ဟင်"





ဂွတိုပါကလား။

သည့်နောက်မှ ဆင်များ ကပ်အိမ်ကိုယ်စီ ဆင်ဦးစီးကိုယ်စီဖြင့် တစ်ကောင်ပြီးတစ်ကောင်ပေါ်လာကြတော့၏။

နောက်မှ ပေါ်လာသည့် ဆင်သုံးကောင်မှ တကောင်၏ဦးကင်းထက်တွင် မုဆိုးကြီးစောတာပုပါလာချေတော့၏။

သည်တော့မှ နှစ်ယောက်သား သက်ပြင်းချကြတော့သည်။

ရှေ့ဆုံးဆင်စီးလာသော ဂွတိုသည် ကျွန်တော်တို့နားရောက်သည်တွင် သူ၏ဆင်ကို ဝပ်တွားစေပြီး ဆင်ဦးကင်းပေါ်မှ ဆင်းလိုက်ပြီး

"ဆင်ရိုင်းကျုံးသွင်းတဲ့အဖွဲ့ အစောကြီးသွားကြပြီ ကျွန်တော်တို့နဲ့တောစပ် ခရုချောင်းထိပ်မယ် ဆုံဖို့ ပြောထားတယ်"ပြောလာတော့၏။

"ဆရာလေးတို့ကို လာခေါ်တာ"

စောတာပုသည်လည်း ဆင်ဦးကင်းပေါ်မှ ဆင်းလိုက်ရင်းပြော၏။

"ဟာ. . နားကြပါဦး စားသောက်ပြီးမှ သွားကြတာပေါ့"

သို့ ကျွန်တော်ကပြောလိုက်သည်တွင် သူတို့သည် ဆင်များကို ထူးခတ်လိုက်ကြပြီး စခန်းတဲပေါ်တွင် တက်ထိုင်နားလိုက်ကြ၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် စားသောက်ကြပြီး နားနေလိုက်ကြလျက် လုပ်ငန်းစဉ်များကို ဆွေးနွေးလိုက်ကြ၏။ ကိုယ်လုပ်ရမည့်တာဝန်ကိုယ်စီကို ခွဲဝေယူလိုက်ကြ၏။

နေမွန်းတိမ်းလောက်တွင် ပိန္နဲကုန်းရွာသို့ ထွက်ခဲ့ကြတော့သည်။

ညနေစောင်းလောက်တွင် ကျွန်တော်တို့သည် တောစပ် ခရုပ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသို့ ရောက်ခဲ့ကြသည်။

သို့နေရာမှ တောဆင်ရိုင်းတို့ကို ကျုံးသွင်းထုတ်လာမည့် ဂွတို့၏အဖွဲ့စောင့်နေကြ၏။

"ဂွတို ဘယ်လိုလဲ မင်းကောင်တွေ စိတ်ချရပါ့မလား"

လင်းမြင့်လှိုင်ကမေးလိုက်၏။

"ဒါ ကျွန်တော်တို့လုပ်နေကျ ကျွမ်းကျင်တဲ့အလုပ်ပါ"

သို့ပြောလာသဖြင့် ကျွန်တော်သဘောကျပြုံးလိုက်မိသည်။

သို့ဖြင့် အမှောင်ထုရောက်လာသည်တွင် . . .

"ဆရာကြီးတို့ ရွာနားသွားနှင့်ကြပါကလား ကျွန်တော် ဆင်ရိုင်းအုပ်အလာစောင့် လမ်းကြောင်းပြခေါ်လာခဲ့မယ်၊ တောဆင်ရိုင်းတွေ ရွာထဲဝင်ပြီဆိုမှ စီစဉ်ထားတဲ့အတိုင်းလုပ်ကြတာပေါ့"

သို့ ဂွတိုက ပြောလေသဖြင့် ကျွန်တော်တို့သည် ပိန္နဲကုန်းရွာထိပ်သို့ ထွက်ခဲ့ကြတော့၏။

ကျွန်တော်တို့ နေရာယူထားသည်မှာ ရွာ၏ရှေ့ ယိုင်နဲ့နဲ့ ရွာတံခါးပေါက်မှဖြစ်၏။

သူကြီးတုတ်ကြီး၏ အိမ်ကိုမျက်နှာချင်းဆိုင်နေရာလောက်မှ စောင့်လင့်နေခြင်းဖြစ်သည်။

'ဂွတို'စီစဉ်မှုအရ ဆင်ရိုင်းအုပ်ကြီး တောထဲမှနေ၍ မောင်းထုတ်လာပြီး သူကြီးအိမ်နောက်ဘက် အိမ်စည်းရိုးကို ဖောက်ထွင်းမည်ဟုသိရ၏။

အချိန်သည် တစတစကုန်လွန်လာခဲ့သည်။

ညဉ့်ကိုးနာရီလောက်တွင် တောစပ်မှ တောဆင်ရိုင်းအုပ် ပြိ





ဆင်းလာသံကိုကြားလိုက်ရ၏။

"ဟော. . လာကြပြီထင်တယ်"

ဆင်တယိုင် မြင်းတပြေးဆိုသကဲ့သို့ မြန်လိုက်သည့်ဖြစ်ခြင်း၊ တောဆင်ရိုင်းအုပ်သည် ဆူညံစွာအော်ဟစ်လျက် ရွာအတွင်း ပြေးလွှားဝင်ရောက်လာတော့၏။

'ဂွတို'ကို ချီးကျူးမိတော့၏။

သူ၏စီမံမှုသည် ကွက်တိပင်ဖြစ်သည်။

ရုတ်ခြည်းဆိုသလို ဆင်ရိုင်းအုပ်သည် သူကြီးအိမ်ခြံဝင်းကို စတင်ဝင်ရောက်ဖျက်ဆီးလေ၏။

ကျွန်တော်တို့သည်လည်း ဆင်စီး၍ တိုင်ပင်စီစဉ်ထားလေသည့်အတိုင်း သူကြီးအိမ်ခြံဝင်းသို့ ဝင်လိုက်ကြသည်။

ပွက်လောရိုက် ဆူညံနေသည့်ကြားမှ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကောင်လေးကို စေ့စေ့စပ်စပ်ရှာလိုက်ကြသည်။

သူကြီးဖမ်းဆီးချုပ်နှောင်ထားသည်မှာ ဟုတ်ကောဟုတ်ပါရဲ့လားမသိ။

ဘယ်မှရှာမတွေ့၊ ကျွန်တော်ဇောချွေးပျံ့ရချေပြီ။

"ဒုက္ခပဲ. . ဒုက္ခပဲဗျာ"

သို့ ဆိုညည်းလျက် လင်းမြင့်လှိုင်သည်လည်း ဗျာများနေတော့၏။

"ကောင်လေး . . ကောင်လေး"

"ကောင်လေး"

တကြော်ကြော်အော်ခေါ်ရင်း ပြေးလွှားရှာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်ကြား မဲမဲမြင်ရာ တွန်းတိုက် ဖျက်ဆီး နင်းချေနေလေသည့် တောဆင်ရိုင်းကောင်ကိုလည်း ရှောင်နေရ၏။ တောဆင်ရိုင်းများသည် တစ်ရွာလုံးရှိ အိမ်ကြီးအိမ်ကောင်းများကို တိုက်ခိုက်ဖျက်ဆီးနေကြ၏။

ညအချိန် ရုတ်တရက်တောဆင်ရိုင်းတို့ ရောက်လာဖျက်ဆီးခဲ့လိုက်ရသည်ကြောင့် ကိုယ်လွတ်ရုန်းပြေးကြသူများသာဖြစ်တော့၏။ အနိဋ္ဌာရုံအသံများကြားနေရ၏။ မြင်နေရ၏။ လွန်မင်းစွာတော့ဖြင့် စိတ်မကောင်းဖြစ်မိ၏။

ဘယ်တတ်နိုင်ပါ့မလဲလေ။

သူကြီးခြံဝင်းအိမ်ဝင်းထဲတွင် ကောင်လေးကိုရှာမတွေ့ပါကလား။

အချိန်အားဖြင့် နာရီဝက်သာသာလျင်ကြာလိုက်၏။

သူကြီး၏နိုင်ခန့်သော အိမ်ကြီးမြေပေါ်တွင်ပြားပြားဝပ်ပြိုလဲကျသွားချေ၏။

ရွာတွင်းရှိ အိမ်ကြီးအိမ်ကောင်းမှန်သမျှ ပြိုလဲပျက်ဆီးနေကြပြီဖြစ်သည်။

ဂွတိုဦးဆောင်သည့် အဖွဲ့သည်သေသပ်စွာဖြင့် တောဆင်ရိုင်းတို့ကို တောတွင်းပြန်မောင်းထုတ်ပြီးဖြစ်တော့၏။

သည်တော့မှ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဆင်ပေါ်မှ မြေပြင်သို့ ဆင်းလိုက်ကြသည်။

သူကြီးအိမ်ခြံဝင်းနှင့် ရွာတွင်း ကောင်လေးကို တွေ့လိုတွေ့ငြားရှာကြည့်လိုက်ပြန်၏။





ဆင်နင်းခဲ့လိုက်ရသည့်အထဲပါလေသည်လား စိုးတထိတ်ထိတ်ဖြင့် ကြည့်မိပြန်၏။

သူကြီး၏လူယုံ လက်သပ်မွေးထားသည့် လူဆိုးလူမိုက်များသည် ပိုးလိုးပက်လက် ပိုးဆိုးပက်စက် ဆင်နင်းထား၏။ ကိုင်ပေါက်ထား၍ ရုပ်ဆင်းအင်္ဂါပျက်လျက် သေဆုံးနေသည်အတွင်း မတွေ့လေခြင်းကြောင့်တော့ဖြင့် တဒင်္ဂစိတ်ချမ်းသာခဲ့ရချေတော့၏။

“ဟင်. . သူကြီးလဲမတွေ့ပါကလား သူလွတ်ထွက်ပြေးသွားပြီလားမသိ”

စောတာပုကပြော၏။

သည်သို့ဖြင့် လင်းအရုဏ်ရောက်လာချေပြီဖြစ်သည်။

ကောင်လေးကို လုံးဝမတွေ့။

ကောင်လေးဘယ်ရောက်နေပြီလဲ။

“ကောင်လေးကို သူကြီးချုပ်နှောင်ဖမ်းဆီးထားတယ်ဆိုတာ ဟုတ်ကောဟုတ်ရဲ့လားကွာ”

ကျွန်တော်က ဂွတိုကို စေ့စေ့ကြည့်မေးလိုက်၏။

“သိပ်သေချာပါတယ်ဗျာ”

“ဂွတို”သည် သို့နှုယ်ပြောပြီး ကျွန်တော်တို့အပါးမှ ပြေးထွက်သွားတော့၏။

လင်းမြင့်လှိုင်၊ စောတာပုနှင့် ကျွန်တော်တို့သည် ပင်ပမ်းကြလေပြီလည်းဖြစ်သည်ကြောင့် မြေပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြတော့၏။

“ရွာပျက်တာပဲ အဖတ်တင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က သို့နှယ်ပြောလာတော့၏။

အတန်ကြာတွင် 'ဂွတို'ပြန်ရောက်လာ၏။ မျက်စိမျက်နှာပျက်နေချေ၏။

"ဘယ်လိုလဲ..ကောင်လေးကို မတွေ့ပေဘူး ဟုတ်လား"

သို့ လင်းမြင့်လှိုင်က မေးလိုက်သည်တွင် မျက်မှောင်ကုတ်၍ ခေါင်းကို ရမ်းပြ၏။

သူကြည့်ရသည်မှာ မခံချိမခံသာဖြစ်နေပုံ၊ မကျေမနပ်ဖြစ်နေပုံ။

သို့ဖြစ်၍ ကျွန်တော်သည် လင်းမြင့်လှိုင်ကိုကြည့်ကာ သူ့အားဘာမှ ဆက်မပြောရန် ခေါင်းဆတ်ပြလိုက်ပြီး သစ်ပင်ကို ကျောမှီ၍ နားနေမှိန်းလိုက်တော့၏။

ကျွန်တော့်ကဲ့သို့ပင် အားလုံးသည် ပင်ပမ်းခြင်း အိပ်ရေးပျက်ခြင်းတို့ကြောင့် ကိုယ့်အတွေးနှင့်ကိုယ် နားနေလိုက်ကြတော့သည်။

'ဂွတို'တစ်ယောက် ငြိမ်ကုပ်လို့သာနေ၏။ တစ်ဦးတစ်ယောက်ကို မကျေနပ်နေပုံဖြစ်၏။

အတန်ကြာတွင် ကျွန်တော်သည် မှိန်းနေရာမှ အိပ်ပျော်လုအံ့ချိန်ကလေးတွင် ...

"ဟာ..ဟိုမယ် ရသေ့တစ်ပါး"

အံ့ဩတကြီးအော်ပြောလိုက်သည့် ဂွတိုအသံကြောင့် ဆတ်ခနဲ အသိပြန်ဝင်လာတော့၏။

မျက်လုံးကျယ်လာတော့၏။

"ဟင်"





"ရသေ့ဓမ္မပါလ ပါကလား"

သို့နှယ် ကျွန်တော်နှင့်လင်းမြင့်လှိုင် အံ့ဩတကြီးအသံထွက်သွားတော့သည်။

စောတာပုကတော့ အိပ်မောကျနေလျက်ရှိဆဲ၊

ရသေ့ဓမ္မပါလသည် ကျွန်တော်တို့အနားရောက်လာသည်တွင် မျက်စိးယိုယွင်းသေကြေနေကြသော မြင်ကွင်းကို ကြည့်လိုက်ပြီး စိတ်မသက်မသာဖြင့် ကျွန်တော်တို့နားမလည်နိုင်သော ဘုရားဂါထာတော်တစ်ပုဒ်ကို တည်ငြိမ်စွာ ရွတ်ဖတ်လိုက်ပြီးနောက် အရပ်လေးမျက်နှာသို့ မေတ္တာဖြန့်ကျက်ပို့ပြီး လက်တွင်းရှိကြေးစည်လေးကို "နောင်..ဝေ..ဝေ..ဝေ'ရယ်လို့ မြည်အောင် ရိုက်ခတ်လိုက်လေတော့၏။

"လူသေတာ ဘဝတစ်ခု ငြိမ်းတယ်လို့ အကောင်းဘက်တွေးမှန်လို့ရတယ်၊ ရွာပျက်တော့လည်းပြင်လို့ရတယ်၊ အချိန်မီတားဖို့ လာတာနှိပေမင့် လမ်းမယ်လူတစ်ယောက်အသက်ကယ်နေရလို့ နောက်ကျသွားရတာ"

"ဗျာ"

"ဟင်"

သို့ပြောလသည့် ရသေ့စကားကြောင့် သုံးယောက်စလုံး အံ့ဩကြီးဖြစ်သွားမိကြသည်။

"ပြောပါဦး..ရသေ့ကြီးရယ်..ရသေ့ကြီးက အဲဒီလူတစ်ယောက်အသက်ကိုငဲ့လိုက်တော့ ဒီမယ် လူတွေအများကြီးပဲသေ၊ အိုးအိမ်တွေလည်းပျက်စီး၊ လူတော်လူကောင်းတစ်ယောက်လည်း ပျောက်ဆုံးနေလေရဲ့..ရသေ့ကြီးသာ အချိန်မီရောက်လာမယ်ဆိုလျှင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လဲ 'နောင်တ'ဆိုတာ ကြုံရမယ်မဟုတ်ဘူး ခုတော့လွန်ပြီ လေမှ ကျွန်တော်တို့နောင်တရမိသလိုပဲ ရသေ့ကြီးရယ်"

သို့နှယ်ကျွန်တော်က ပြုခဲ့မိသောလုပ်ရပ်အတွက် နောင်တ ရလိုဟန်ပြောလိုက်လေ၏။

သည်တွင် ရသေ့ဓမ္မပါလက ပြုံးလျက်။

"နို့ပေမင့် ဒီမယ် ဖျက်စီးဆုံးရှုံးခဲ့ရတာတွေနဲ့ ရသေ့ကယ်လိုက် ရတဲ့သူတစ်ယောက်ကို ချိန်ဆကြည့် ပြောရလျှင်ဖြင့် တန်ပါပေတယ်ရယ် လို့ပြောရမှာပေါ့"

"ဗျာ"

"ဘယ်လို"

"ရှင်းအောင်ပြောပါလား ရသေ့ကြီးရယ်"

သို့ ကျွန်တော်ကအားမလိုအားမရပြော့လိုက်၏။

"ကိုပိုက်တို့သိပ်တွေ့ချင်နေတယ်ထင်တဲ့ လူတစ်ယောက်ပဲ"

သို့နှယ်ပြောပြီး ရသေ့သည် သူလာရာလမ်းဘက်လှည့်ကာ မျှော်ကြည့်နေသည်ကြောင့် . . .

"ဘယ်သူများပါလိမ့်"

လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ပြိုင်တူလိုလိုမေးလိုက်မိတော့ ၏။

"ပိန္နဲကုန်းရွာသား ကိုအောင်ချစ်ရဲ့ သားလေးပေပဲ"

"ဗျာ"

"ဟင်"

"ဟာ"





သည်တကြိမ်တော့ဖြင့် သုံးယောက်စလုံး (လင်းမြင့်လှိုင်၊ ကျွန်တော်နှင့် ဂွတို) အံ့ဩတကြီးဖြစ်သွားမိကြတော့၏။

"နို့ဖြင့် ကောင်လေးလား"

"ခုသူ ဘယ်မှာလဲဟင်"

"ရသေ့ကြီးဘယ်မှာဘယ်လိုတွေ့လို့ ဘယ်လိုကြောင့် ဘယ်လို ကယ်ခဲ့ရတာလဲဟင်"

သို့မေးလိုက်သည့် ကျွန်တော့အား ရသေ့ဓမ္မပါလက ပြုံး၍ ကြည့်လေပြီး . . .

"ကိုပိုက်သိချင်တာတွေ များလှချည်လား နို့ကြောင့် ရသေ့ လည်း ဘယ်လိုစလို့ ဘယ်လိုဖြေရမှန်းမသိတော့ပါဘူး၊ ကဲ. . ကဲ. . ဟောဟိုမယ်"

သို့နှယ်လာလမ်းသို့ ပြန်လှည့်ငေးမောကြည့်ရင်း ပြောလေ သဖြင့် ရသေ့ကြီးလှမ်းမျှော်ကြည့်ရာသို့ လိုက်ကဲကြည့်လိုက်ကြတော့ သည်။

"ဟင်"

"ဟာ"

"အာ"

အတန်ငယ်ဝေးနေသေးခြင်းကြောင့် 'ကိုရင်လေး'တပါးဆို သည်ကိုသာ သိလိုက်ရ၏။

ဘယ်သူဘယ်ဝါမှန်းတော့ဖြင့် မသိ။

ကျွန်တော်တို့ထံ ဦးတည်၍တရွေ့ရွေ့လျှောက်လှမ်းလာနေ သော ကိုရင်လေးကို လူလုံးကွဲမြင်ရလေတော့မှ ကောင်လေးဖြစ်နေမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိရတော့၏။

"အလိုလေးဗျာ. . ဘယ်လိုဖြစ်ရတာပါလိမ့်"

ရသေ့ဓမ္မပါလရှင်းလေမှ သိရပေတော့မည်သို့ကြောင့် ရသေ့ဓမ္မပါလကို လှည့်ကြည့်လိုက်ကြသည်။

"ဟင်"

"ဟာ"

ရသေ့မရှိတော့ပါကလား၊ ကျွန်တော်တို့အပါးမှထွက်သွားလေပြီပဲ၊ အတော်လှမ်းလှမ်းပင်ရောက်ချေပြီ။

အဲ့ဩဂကြီး ရသေ့ဓမ္မပါလ၏ ကျောပြင်ကို ကြည့်နေဆဲမှာပင် 'နောင်. . ဝေ. . ဝေ. . ဝေ'ရယ်လို့ ကြေးစည်သံလေးကြားလိုက်ကြရပြီးနောက် 'ကိုရင်လေးပြောပြပါလိမ့်မယ်'ရယ်လို့ အသံသဲ့သဲ့ကိုလည်း ကြားလိုက်မိတော့သည်ကြောင့် . . ကိုရင်လေးထံ လှည့်ကြည့်လိုက်ကြပြန်သည်။

ကိုရင်လေးအနားရောက်လာချေပြီပဲ။

တည်ငြိမ်သောမျက်နှာကို မျက်လွှာချထား၏။

"ဘယ်လို. . ဘယ်လိုဖြစ်ရတယ်၊ မိန့်ပါဦး ကိုရင်"ရယ်လို့ ကျွန်တော်ကလျှောက်လိုက်လေသည်တွင် . . .

○ ○ ○ ○



ကောင်လေးသည်လွန်မင်းစွာ ဒေါသထွက်နေသည်။ သူကြီးဦးတုတ်ကြီးသည် အင်မတန် ယုတ်ညံ့သူပါကလား။ ကိုယ့်ရွာကိုယ်ပြန်ဖျက်နေသူဖြစ်၏။ ဤတောင်ခြေ ဤနေရာလေးတွင် ငြိမ်းချမ်းသာယာတဲ့ ရွာကလေးဖြစ်လာအောင် သူ့အဖေက သူကြီးမဟုတ်ပေငြား ရွာသူရွာသားတို့ကို စည်းရုံးလှုံ့ဆော်ဦးဆောင်လုပ်ခဲ့သည်။ အချိန်တွေ ရင်းနှီးခက်ခက်ခဲခဲလုပ်ခဲ့သည်။ ဒါကို နောက်မျိုးဆက်သစ်သူကြီးက ဆထက်တံပိုး တိုးတက်ဖို့မလုပ်သည့်ပြင် ထိန်းထိန်းသိမ်းသိမ်း မလုပ်နိုင်သည့်ပြင် သူကိုယ်နှိုက်က ဖျက်နေပါကလား။ သို့ပေမင့် သူက သူစိမ်းတွေ၏ ပံ့ပိုးကူညီမှုကို ရယူပြီး ရွာကိုလာလာဖျက်နေသည့် တောဆင်ရိုင်းတို့ရန်မှ တတ်နိုင်သမျှ ကာကွယ်ခဲ့၏။ အားငယ်စိတ်ပျက်နေသော ရွာသားတို့ကို အားပေးစည်းရုံး ဒါကို သူကြီးကလက်မခံ၊ ကိုယ်တိုင်လည်း လုပ်နိုင်ခြင်းမရှိ ဦးဆောင်လုပ်ပေးမရှိသည့်ပြင် သူ့ကိုပင်သူကြီးနေရာလု



www.burmeseclassic.com

www.burmeseclassic.com



မည့်ကောင်ဟု စွပ်စွဲပြောဆို ချုပ်နှောင်ထားပြန်သေးတော့၏။

သူသည် သူကြီးနေရာရယူလို၍မဟုတ် သူ့အဖေတုန်းကလည်း သူကြီးမဟုတ်ခဲ့ပေမင့် သူကြီးနှင့်ပူးပေါင်း ရွာကောင်းစားရေး တိုးတက်ရေး လုပ်ခဲ့သည်ပဲ။

တိုးတက်ခဲ့သည်ပဲ. . ကောင်းစားခဲ့သည်ပဲ။

ယခင်သူကြီးတုန်းက နားလည်မှုရှိသည်။ ရွာတိုးတက်ကောင်းစားရေးကိုသာကြည့်သည်။ ယခုသူကြီးတုတ်ကြီးကတော့ သို့ မဟုတ် သူ့ကောင်းစားရေး၊ သူ့ဆွေမျိုးတသိုက်ကောင်းစားရေး သူနှင့်ပုလဲနံ့သင့်သူများ ကောင်းစားရေးကိုသာကြည့်၏။

ရွာသည်လည်းပျက်နေချေပြီပဲ။

ညကရွာကို တောဆင်ရိုင်းတွေဝင်ဖျက်ခဲ့ကြသည်။ ရွာသားတွေသေသူသေ ကြေသူကြေ၊ သူ့ကိုလည်း. .

“မင်းနဲ့ ဟိုမုဆိုးနှစ်ယောက်ပေါင်းပြီး သူ့ဟာသူနေတဲ့ တောဆင်ရိုင်းတွေကို သွားစလို့ တောဆင်ရိုင်းတွေက လက်တုန့်ပြန်လာကြတာဖြစ်မှာပေါ့”ရယ်လို့ မဖြစ်နိုင်သည့် စွဲချက်ဖြင့် သူ့ကိုဖမ်းဆီးချုပ်နှောင်ထားလေသည်။

ဘာတတ်နိုင်ပါမည်နည်း။

သူကသူကြီးကိုး။

သူဖမ်းဆီးချုပ်နှောင်ခံနေရခြင်းကို သူဝမ်းမနည်း သူမမှု၊ သူပူနေရသည်မှာ ရွာသားတို့၏ကံကြမ္မာ။

“သူကြီး . . သူကြီး”

ဟော. . မုဆိုး ဦးတာပုအသံပါကလား။

ကေန်န သူ့ကိုလာတွေ့တာဖြစ်ချိမ့်မည်။ သူထွက်တွေ့ချ





လိုက်ပါဘိ။ သို့ကြား တွေ့ခွင့်မရပါလေ။ သူ့အား ထိပ်တုံးခပ်မထား၊ တုပ်နှောင်ချည်မထားလင့်ကစား ညစ်တီးညစ်ပတ် အခန်းကျဉ်းကလေးတွင်ပိတ်လှောင်ထားခြင်းသည် ဆိုးဝါးလွန်းလှ၏။ သို့နှယ်ထားမည့်အစား မြေကွက်လပ်တွင် ထိပ်တုံးခတ်နေလှမ်းထားခြင်းက ပိုကောင်းလိမ့်မည်ဟု တွက်မိတော့၏။

“သူကြီး . . ညက ရွာထဲတောဆင်ရိုင်းတွေ ဝင်မွှေတော့ကာ သေသူသေ. . ကြေသူကြေ. . ရွာပြောင်းပြေးသူပြေး၊ အဲဒီအထဲမယ် ကိုအောင်ချစ်သားလေးမရှိပေဘူး၊ သူကြီးအိမ်မှာများ ရောက်နေလေလား”

သို့နှယ် စောတာပုမေးလာသံကို သူကောင်းကောင်းကြားချေ၏။

“ဒီကောင်လေးဘယ်လိုကြောင့် ငါ့အိမ်ခြံထဲရှိရမတုန်းကွ သူ့ဟာသူ ဘယ်ရောက်လို့ရောက်မှန်းမှမသိတာ အားအားယားယား ငါသူ့ကိုလိုက်မကြည့်နိုင်ပါဘူး ညကအရေးအခင်းကိစ္စ ခေါင်းရှုတ်ရတဲ့အထဲကွာ သွားကွာ သွားစမ်းကွာ”

သို့နှယ်ပြောလွှတ်လိုက်သံကိုလည်း သူကြားလိုက်၏။ အတော်ယုတ်မာကောက်ကျစ်တဲ့ သူကြီးပါကလား။

သို့ဖြင့် နောက်သုံးလေးရက်အကြာတွင် . . .

“ဦးတုတ်ကြီး ခင်ဗျား ‘ကောင်လေး’ကိုဖမ်းဆီးချုပ်နှောင်ထားတယ်ဆို”

ဟင် . . ဒါ. . လဟာမငယ်သူကြီးအသံပါကလား။

“မဟုတ်ရပါဘူးဗျာ. . ဘယ်သူပြောတုန်း”

“ဘယ်သူပြောတာမပြောတာထက် ကျုပ်တို့ ‘ကောင်လေး’နဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်တယ်"

ဒါ. . စမ်းရွာသူကြီးအသံပေပဲ။

"ဘယ်လိုဖြစ်နိုင်မှာလဲဗျာ . . ဟိုတမြန်နေ့ရှေ့တစ်ရက်ညက တောဆင်ရိုင်းတွေ ရွာဝင်ဖျက်သွားတယ် သေသူသေ ပြေးသူပြေး ကြောက်လန့်တကြား ထွက်ပြေးသူတွေလဲရှိတယ်. . အဲဒီအထဲပါမပေါ့"

"ကိုတုတ်ကြီး ခင်ဗျားအဲလို လက်လွှတ်စပယ် မပြောနဲ့နော် ကိုယ့်ရွာသားတစ်ယောက်အရေးကိစ္စက ခင်ဗျားအရေးကိစ္စပဲမဟုတ်လား ခင်ဗျားမယ်တာဝန်ရှိတယ်လေ. . ကောင်လေးက သူ့အဖေနေခဲ့တဲ့ရွာကို အင်မတန်သံယောဇဉ်ကြီးတာကလား တောဆင်ရိုင်းတွေကို ကြောက်လို့ပြေးတယ်မမှတ်လေနဲ့. . ကောင်လေးက မုဆိုးတွေနဲ့ပေါင်းပြီးတောင် တောဆင်ရိုင်းတွေကို လိုက်နှိမ်နင်းခဲ့တာပဲဗျာ"

ပိကောက်ကုန်းရွာသူကြီးလဲပါပါကလား၊ သူ့ဖခင်၏မိတ်ဆွေတွေပါကလား၊ သူ့တွက်ဝိုင်းကျိုးပမ်းနေကပါကလား၊ ဒါ. . စောတာပု လက်ချက်ဖြစ်ချိမ့်မည်။

"တကယ်မရှိပါဘူးဗျာ ခင်ဗျားတို့ပြန်ကြပါတော့၊ ကျုပ်မလိမ်ဝံ့ပါဘူး၊ မညာဝံ့ပါဘူး ပျက်စီးသွားတဲ့အိမ်တွေပြန်ဆောက်ပေးဖို့ ကျုပ်မယ်လုပ်စရာတွေ အများကြီးရှိသေးတယ်ဗျ"

သို့ဆိုကာ ကလိမ်စေ့ငြမ်းဆင် ပြောလိုက်လေ၏။

"တောက်"

မကျေမနပ်တောက်ခတ်သံကို ကြားလိုက်ရ၏။

စောတာပုပင်ဖြစ်ချိမ့်မည်။

အခင်းဖြစ်နေ့က စောတာပုလာသည်။

ခုတခါ သုံးရွာသူကြီးတို့ကို အကူအညီတောင်းလာကြပြန်





သည်။

သို့ဆိုလျှင် သူဖမ်းဆီးချုပ်နှောင်ခံထားရကြောင်း စောတာပု အသေအချာသိနေပေလိမ့်မည်။

စောတာပု၏ တောက်ခတ်သံကို သူသဘောပေါက်မိသည်။

စောတာပုသည် သူ့ဖခင်၏ မိတ်ဆွေကောင်းကြီးဖြစ်သည်။ သူ့အပေါ်တွင်လည်း သံယောဇဉ်ကြီးသူဖြစ်သည်။

သူ့အဖေ၏မိတ်ဆွေကောင်းများဖြစ်ကြသော မုဆိုးကြီး လင်းမြင့်လှိုင်နှင့်ကိုပိုက်တို့နှင့် စောတာပုသည်လည်း အင်မတန်ခင်မင်ကြသူများဖြစ်သည်။

သို့ဆိုပါလျှင် မုဆိုးကြီးစောတာပုသည် သူ့ကိစ္စနှင့်ရေဆုံးရေဖျားလိုက်မည့်သူဖြစ်သည်။

သူ့တွက်တအားဖြစ်ရသည်။

စောတာပုသည် သဘောမနောကောင်းကာ ရိုးသားသူတစ်ယောက်ဖြစ်ပြီး . . မဟုတ်မခံစိတ်ရှိသူဖြစ်၏။

စောတာပုအကြောင်း သူကောင်းကောင်းသိသည်။

သူလုပ်နိုင်သည့် နည်းမျိုးစုံသုံး၍ သူ့ကိုလာတွေ့ဖြစ်အောင်တွေ့ပေတော့မည်။

သို့ဆိုပါလျှင် သူကြီး၏ရှေ့ရေးအတွက် သူရင်လေးမိတော့၏။ ကြီးကို သူကသို့သဘောထားနိုင်ပေမင့် သူကြီးက . . .

"ကောင်လေး နင်ကြိုဟ်မွေတာ ခုငါ့ကို အားလုံးက ငြိုငြင်သွားပြီ"

စောတာပုတို့ပြန်သွားကြသည်နှင့် သူကြီးတုတ်ကြီးက သို့ ကိုလာတွေ့ ကြိမ်းဝါးပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အော်. . ဦးလေးကပြောရတယ်ရှိသေး ကျွန်တော့်မယ်ဘ
အပြစ်ရှိလို့ ချုပ်နှောင်ထားရတာလဲ"

"အမြင်ကပ်လို့ဟေ့"

အလိုလေးဗျာ . . ကြည့်စမ်း. . ကြည့်စမ်း. . လူကြီးလူကော
မပီသလိုက်တာ. .

"ဟိတ်ကောင်တွေ လာကြစမ်း"

သူကြီးအသံဆုံးသည်နှင့် သူကြီး၏တပည့်လက်သားသုံးယော
အပြေးအလွှားရောက်လာကြ၏။ လားလားဘယ်သူတွေများလဲ
တရွာလုံးအော့ကြောလန် ရွံ့ကြောက်ဖြစ်ကြတဲ့ ကြက်သူခိုးရယ်၊ အရ
သမားရယ်၊ ဘိန်းစားရယ်ပါကလား။

"သူ့ကိုကြိုးတုပ်၊ ရွာပြင်ထုတ် သတ်ပစ်လိုက်ကွာ"

"ဖြစ်ပါ့မလား သူကြီးရဲ့ စောစောကပဲ သုံးရွာသူကြီးလူ
တောင်းတယ်မဟုတ်လား"

သို့နှယ် ဘိန်းစားက စောဒကတက်ပြောလေ၏။

သည်တွင် သူကြီးက ဘိန်းစားကို 'နားရင်း'တစ်ချက်ပိတ်ရို
လိုက်ပြီး . . .

"မင်းဘာစကားပြောတာလ" ဟု မျက်ထောက်နီကြီးဖြင့်ပြေ
လိုက်သည်တွင် ကြက်သူခိုးက ကမန်းကတန်းပင်. . .

"အော် . . . သူက သူကြီးခိုင်းတာမလုပ်ချင်လို့ . . မလု
လို့ မဟုတ်ပါဘူး သူကြီးအတွက်ပြောတာပါ. . သူကြီးကဖြစ်နိုင်တယ်
လို့ကတော့ ကြက်သူခိုးတို့က လက်မနှေးဘူးသာမှတ်လိုက်စမ်းပါ ဟဲ.
ဟဲ. . ဟဲ"

အလိုလေးဗျာ. . မကောင်းမှုဒုစရိုက်လုပ်သူချင်း ရဲဘော





ရဲဘက်စိတ်ရှိလိုက်တာ. .

အင်းလေ. . ကြက်သူခိုး၊ အရက်သမား၊ ဘိန်းစား . .

ဒီသုံးယောက်ရွာထဲတွင် အတူသွားလာ လုပ်ရှားနေကြသူများ
မဟုတ်ပါကလား။

တရွာလုံး၏အော့ကြောလန်ဘွဲ့ကို သုံးယောက်စလုံးသာတူညီ
မျှရထားကြသည်ပဲ။

သို့ဖြစ်၍ "အေးပါ. . ငါကဖြစ်နိုင်မှန်းသိလို့ လုပ်တာပါကွာ. .
ငါ့မယ်အစီအစဉ်ရှိပါတယ်"

"ဆိုပါဦးသူကြီးရယ်"

သုံးယောက်ပြိုင်တူမေးလိုက်ကြ၏။

"အေး. . ဒို့ရွာ တောဆင်ရိုင်းတွေဝင်ဖျက်လို့ အိုးအိမ်တွေ
ဖျက်စီး သေသူသေ၊ ကြေသူကြေ၊ ပြေးသူပြေး မဟုတ်လား အထက်ကို
ငါသတင်းမပို့ရသေးဘူးလေ"

"ဘာဆိုင်လို့လဲ"

ဖုံးဝေးသော ဘိန်းစားကမေးလိုက်၏။

"ဘိန်းစားရယ် မင်းကဘိန်းလေးစားပြီး မှိန်းနေရဖို့ပဲ သိတယ်
သူကြီးပြောတာ ငါသဘောပေါက်တယ် ငါပြောပြမယ်"

"အေးကွာ . . သူကြီးလေသံအကုန်မခံနဲ့ မင်းပြောလိုက်ကွာ"

သို့နှယ် အရက်သမားကပြောလိုက်ပြန်၏။

"ဆင်နင်းလို့သေသွားတဲ့သူတွေစာရင်းထဲ 'ကောင်လေး'ရဲ့
နာမည်စာရင်းထည့်လိုက်ရုံပေါ့ကွာ"

"ဟေ. . ဟုတ်ပေသားပဲ. . ဟဲ. . ဟဲ. . ဟဲ"

"ကဲ. . ကဲ. . ကြာတယ်ကွာ မြန်မြန်လုပ်ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ကြက်သူခိုး၊ အရက်သမား၊ ဘိန်းစားတို့သည် သူ့ကို ချုပ်နှောင်ကြိုးတုပ်လိုက်ကြ၏။

အဝတ်အိတ်ဖြင့် ခေါင်းကိုစွပ်ချလာ၏။

ပြီးနောက် နွားလှည်းပေါ်ပစ်တင်လိုက်ကြသည့်ပြင် သူကြီး အလိုကျထုနှက်ကန်ကျောက်ကြပြန်လေတော့၏။

"ငါသူကြီးဖြစ်လာလို့ မင်းတို့သုံးယောက် ရွာထဲမှာ လုပ်ချင်တာလုပ်လို့ရတာ မဟုတ်ပေဘူးလား"

"သိပ်ဟုတ်တာပေါ့သူကြီးရယ် သူကြီးနဲ့ ကျွန်တော်တို့က ငယ်ငယ်တုန်းက တေဖော်တေဖက်တွေပဲ မဟုတ်လား၊ ဘဝမမေ့တတ်လို့လဲ သူကြီးဖြစ် ကောင်းစားလာတာပဲလေ"

"ဟေး . . ဟေး . . ဟေး . . ဟေး"

"ဟင်း . . ဟင်း . . ဟင်း . . ဟင်း"

"ဟီး . . ဟီး . . ဟီး . . ဟီး"

"ကဲကွာ . . ကွဲကွာ . . ဒုံး . . ဖုန်း . . ခွပ် . . ဖုံး"

ဟားတိုက်ရယ်မောထုနှက်ကန်ကြောက်ကြလေတော့၏။

လမ်းကြမ်းပေါ် မောင်းနှင်လာသည့် လှမ်းကြမ်းပေါ်တွင် လဲလျောင်းလိုက်ပါခဲ့ရသည့်ပြင် ထုနှက်ကန်ကြောက်ခံရပြန်သည်ဆိုတော့ ကောင်လေးအတွက် ငရဲကျသည့် အလားပင်ဖြစ်သည်။

နာရီဝက်သာသာခရီးအရောက်တွင် လှည်းရပ်သွားသည်ကို သူသိလိုက်၏။

သည်တော့မှလည်း သူထုနှက်ကန်ကြောက်ခြင်းမှ လွတ်ခဲ့ရသည်ဆိုငြား . . .

"ဆင်းကွာ"ဆိုလျက် တွန်းချခံရလေခြင်းကြောင့် လှည်းပေါ်





မှ မြေပေါ်သို့ လိမ့်ဆင်းကျသွားပြန်တော့၏။

"ဘုတ်"

"အွန့်"

မြေကြီးပေါ် ခြေပစ်လက်ပစ်ပြုတ်ကျသွားသည့်ပြင် ဒလိမ့်ကောက်ကွေးလိမ့်ကျသွားပြန်တော့၏။

သူသိလိုက်ပြီဖြစ်သည်။

လှည်းလမ်းနံဘေးထဲ လိမ့်ဆင်းသွားခြင်းဖြစ်၏၊ ချောင်းလေးထဲတွင် ရေရှိပုံမပေါ်။

"ပေးစမ်း မင်းရဲ့လှံ ငါကိုယ်တိုင်ထိုးသတ်မယ်၊ ပြီးတော့မှ မင်းတို့ ဆက်လုပ်ကြ"

သူသေရမှာ မကြောက်ပါဆိုပေမင့် သူတကယ်သေရတော့မည်သိလိုက်သည်တွင် ရင်ထိတ်သွားတော့၏။

နာကျင်ခြင်းများကိုပင် သတိမထားနိုင်တော့ချေ။

သူ့ဦးခေါင်းကိုအဝတ်အိမ်ဖြင့် စွပ်ထားကြလေခြင်းကြောင့် ဘာကိုမျှ မြင်နိုင်စွမ်းမရှိ၊ ကြိုးများဖြင့်တစ်ကိုယ်လုံး တုပ်နှောင်ခံရခြင်းကြောင့်လည်း လှုပ်ရှားလို့မရ။

သို့ကြောင့် သူကြီးထိုးချလာမည့် လှံချက်က သူ၏ခန္ဓာကိုယ်ဘယ်နေရာလာလေမည်မသိ။ နှလုံးသားတည့်တည့်ကိုလား၊ ဝမ်းဗိုက်ကိုလား၊ ခါးကိုလား၊ လည်မြို့ကိုလား၊ သို့တွေးမိသ၍ စိတ်လှုပ်ရှားနေရတော့၏။ နားကိုတော့ စွင့်ထားမိ၏။ သို့ကြောင့်လည်း . . .

"ဒကာကြီး စိတ်လိုက်မာန်ပါ၊ မလုပ်လိုက်ပါနဲ့"

ဟင်း . . ဘုန်းကြီးတစ်ပါးလေလား။

သူ့ကိုကယ်တင်လေမည့်အသံ၊ တည်ငြိမ်သောအသံကြီးဇာ



www.burmeseclassic.com

www.burmeseclassic.com



ညောင်းပါလေမလား၊ ရင်တထိတ်ထိတ်။ အတန်ကြာသည့်တိုင် တိတ်ဆိတ်ငြိမ်သက်သွား၏။ ကယ်တင်ရှင်၏ ဩဇာမညောင်းခဲ့သော်ဆိုသည့် အတွေးသူ့တွင် ရှိနေသေးသည်ကြောင့် စိတ်လှုပ်ရှားနေသေးတော့၏။

"သူ့ကို ဆွဲထူလိုက်ပါ၊ တုပ်နှောင်ထားတဲ့ ကြိုးတွေကို ဖြည်ပေးလိုက်ပါ၊ ခေါင်းကအစွပ်ကြီးကို ဖြုတ်လိုက်ပါ"

လေသံပြင်းပြင်း အမိန့်ပေးသံမဟုတ်သော်ငြား ဩဇာညောင်းပုံရသည့် တည်တည်ငြိမ်ငြိမ်အသံဖြစ်ချေ၏။

သည့်တွက် သူအားတက်မိတော့၏။

သည့်နောက်သူ့ကို တုပ်နှောင်ထားသည့် ကြိုးတွေ ဖြည်ပေးကြ၏။ ဆွဲထူကြ၏၊ ခေါင်းစွပ်ကြီးကို ဖြုတ်ပေးလာ၏။

"ဟင်"

သူကံကောင်းလေသည်ပဲ၊ သူတို့တရွာလုံးသာမက ပတ်ဝန်းကျင်ရွာများကပင် အားကိုးတကြီးဆည်းကပ်ကြည်ညို လေးစားခံနေရသည့် ရသေ့ကြီးပါကလား။

ရသေ့ကြီးမမ္ဗပါလပါကလား။

"အသက်ရှည်ကျန်းမာပါစေကွယ်"

ရသေ့မမ္ဗပါလက သူ့ကို မြင်သည်နှင့် သို့နှယ် ဆုပေးပြီး သူကြီးတုတ်ကြီး ဘက်လှည့်လိုက်ကာ . . .

"ဒကာကြီး ဟိုမယ်ကြည့်စမ်း"

သို့ပြောလိုက်သည်ကြောင့် သူသည်လည်း သူကြီးနှင့်အတူ ရသေ့ကြီး ညွှန်ပြရာ ပိန္နဲကုန်းရွာထိပ်သို့ လှမ်းကဲကြည့်လိုက်၏။

သူကြီးတော့ဘာမြင်သည်မသိ၊ သူမြင်လိုက်သည်က ပိန္နဲကုန်းရွာထိပ်တွင်ရှိ ရွာဦးစေတီလေးဖြစ်ချေ၏။





"ဘာတွေ့လဲ ဒကာကြီး"

"ရွာဦးကစေတီလေးပါ"

"အဲဒါ. . ဘယ်သူတည်ထားလေလဲ"

"ကျုပ်တည်ထားတာပါ ရသေ့ကြီး ကျုပ်ပိုက်ဆံနဲ့ ကျုပ်တည်ထားတာလေ ဘာဖြစ်လို့လဲ"

လာ. . လာချေသေးပြန်၏။ မဏ္ဍပ်တိုင်တက်ပြနေသေးပြန်၏။ ရယ်ရရာအကောင်းသားကလား။

"ဟုတ်ပါတယ် ရသေ့သိပါတယ်၊ ဘာလို့တည်ခဲ့တယ် မေးချင်လို့ပါ"

"ကုသိုလ်ကောင်းမှုပြုတာပါ ရသေ့ကြီးရယ်"

"ဘာရယ်. . ဟုတ်ကဲ့လား. . ဘုရားဒကာဆိုတာ ဖြစ်ချင်သူတိုင်း မဖြစ်နိုင်ဘူးကွဲ့. ဘာပြောပြော ဒကာကြီးက ဘုရားတည်ခဲ့တဲ့အတွက် ဘုရားဒကာတော့ဖြစ်နေပြီ၊ မမိုက်ချင်စမ်းပါနဲ့ ဒကာကြီးရယ် လူမိုက်လိုက်လျှင်ဖြင့်လည်း လူမိုက်ချည်းသက်သက်လုပ်စမ်းပါ၊ ဘုရားဒကာဆိုတဲ့ အရေခြုံပြီး အကုသိုလ်အလုပ်ကို မလုပ်ချင်စမ်းပါနဲ့ ကဲ. . ရသေ့ပြောမယ် လူဆိုတာ သေမျိုးချည်းမဟုတ်လား၊ ခုပဲ ဒကာကြီးအသက် ၆၀ကျော် ၇၀နီးမဟုတ်လား၊ ရှေ့ဘယ်နှစ်နှစ်နေရဦးမှာမို့လဲ လူ့သက်တမ်းကုန်လုပြီပဲ. . လောဘတွေ ဒေါသတွေ မောဟတွေ ယ်ဖျောက်ပါတော့လား ဘယ်ကိုမှန်းမသိဘဲ သွားရမယ့်ခရီးအတွက် ာမှ မစုဆောင်းတော့ဘူးလား ကဲ. . ပြော"

"ကျုပ် . . ကျုပ် မှားပါတယ် ရသေ့ကြီးရယ် ကောင်လေးမင်း ဦးကြီးကို ခွင့်လွှတ်ပါကွယ် ဒီရွာကောင်းကျိုးအတွက်လည်း မင်းဆက်လုပ်ပါတော့ ဦးကြီးတော့ ခုပဲရသေ့ကြီးစကားနားထောင်ပြီးဘာဝ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြီး ဘဝကူးတော့မယ်၊ ကူညီပါရသေ့ကြီးရယ်"

သို့နှယ်ပြောပြီး သူကြီးတုတ်ကြီးသည် ရသေ့ကြီးရှေ့ ဒူးထောက်ထိုင်ချလိုက်တော့၏။

သည်တွင် ရသေ့ကြီးက ပြုံးလိုက်ပြီး သူကြီးတုတ်ကြီး၏ ဆံစများကို လက်ဖဝါးဖြင့် သပ်လိုက်လေပြီး . . .

"အိမ်း . . ဒကာကြီးက အရိပ်ပြအကောင်မြင်တတ်တာကလား၊ လူ့ဘောင်ကို စွန့်ပြီး သာသနာ့ဘောင်ဝင်ပြီးလေမှ ဘဝကူးမယ်ဆိုလျှင်ဖြင့် ကောင်းပေါ့ကွယ်"

သို့နှယ်ပြောပြီး ရသေ့မေ့ပါလသည် ကြက်သမား၊ အရက်သမား၊ ဘိန်းစားတို့ကို ကြည့်လိုက်လေ၏။

ကြက်သမား၊ အရက်သမား၊ ဘိန်းစားတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီးနောက်၊

"ကျွန်တော်တို့လည်း သူကြီးနဲ့အတူ ရသေ့ကြီးနောက်လိုက်ခဲ့ပါရစေ"ရယ်လို့ ပြိုင်တူပြောလာကြတော့၏။

ကောင်လေးသည် သူတို့ကိုကြည့်ပြီး သဲဝေဂရသွားလေတော့၏။

သူလုပ်နေသည်မှာ ပိန္နဲကုန်းရွာနှင့် ရွာသားတွေကောင်းစားရေးအတွက် ဖြစ်၏။ သို့ဆိုပြန်တော့ သူ့အဖေ၏ အစဉ်အလာကို ထိန်းသိမ်းလိုခြင်းမဟုတ်ပါကလား။

သည်တော့ကာ တရားသဘောနှင့် ပြန်ကြည့်ပါက သူသည်လည်း အတ္တမခွာနိုင်သူဖြစ်နေပါကလား။

သူ့အဖေနေခဲ့တဲ့ရွာ။

သူ့အဖေကူညီပံ့ပိုးခဲ့လို့ ဖြစ်လာခဲ့တဲ့ ရွာကလေးရယ်လို့ အသိရှိ





နေခြင်းကြောင့် သူ အ ဖေတူသားဖြစ်၍ ကျိုးစားနေမိခြင်းသည်လည်း အတ္တဆန်နေခြင်းပါကလားရယ်လို့ သိလိုက်ပြီဖြစ်သည်ကြောင့် . .

"ရသေ့ကြီး ကျွန်တော့်ကိုလည်း သာသနာ့ဘောင်ဝင်ခွင့်ပြုပါရယ်လို့ ပြောလိုက်လေတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကောင်လေးပြောပြလေသည့်စကားကို ဆုံးခန်းတိုင်အောင် နားထောင်လိုက်ကြပြီးသည်နှင့် . .

"သာဓု"

"သာဓု"

"သာဓု" ရယ်လို့ သုံးကြိမ်ခေါ်လိုက်ကြလေတော့သည်။

စာဖတ်ပရိသတ်အားအစဉ်လေးစား

ကျိုးစားလျက်

ကိုပိုက်

(၆-၈-၂၀၀၄)

ညနေ - ၄ : ၃၅

သုခုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## "မြှားစူးမျောက်"

မိုးသည်စွေ၍ရွာနေခြင်းဖြစ်သည်ကြောင့် စခန်းတဲနားမှာပင် နေလိုက်ကြသည်မှာ နေ့တဝက်ပင်ကျော်ချေပြီဖြစ်သည်။

သို့ဖြင့် . . . သဲသဲမှသည် ဖွဲဖွဲတော့ဖြင့် ဖြစ်လာ၏။

"နို့ဖြင့် . . ဦးဇာမဏီပေးလိုက်တဲ့ အမဲကြော်နဲ့ ကောက်ညှင်းပေါင်း ယူလာကောင်းသား"

သို့နှယ် လင်းမြင့်လှိုင်က ပြောရင်းလဲလျောင်းနေရာမှ ဖြေးလေးစွာထထိုင်လေသည်။

"ဒီလိုမှန်းမှ ဘယ်သိပါ့မလဲဗျာ"

ကျွန်တော်က ပက်လက်အနေအထားအိပ်လျက်မှ ပြောလိုက်သည်။





"ဦးဇာမဏီပြောလိုက်သလို 'ရင်ငန်း' မြောင်ဖျားမယ် 'ဆတ်' တွေပေါ်ဆိုဗျာ"

"ဆတ်ကောင်ပစ်ဖို့အရေးထက် ကနေ့စားဖို့အတွက် အမဲတစ်ကောင်တော့ဖြင့် ရမှဖြစ်လိမ့်မယ်ဗျ"

သို့ ကျွန်တော်က လင်းမြင့်လှိုင်ကိုပြောပြီး လူးလဲထထိုင်လိုက်သည်။ နောက် . . နံဘေးတွင်ချထားသည့် လက်ဆွဲတော်သေနတ် ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကို ကောက်ကိုင်လိုက်ပြီး ပွတ်သပ်နေလိုက်ရင်း အပြင်ကို လှမ်းကြည့်လိုက်၏။

"သည့်ထက်တော့ မိုးစဲမယ့်ပုံမပေါ်ဘူး သည်လောက် အခြေအနေနဲ့ ဟိုနားဒီနား အမဲထွက်ရှာလျှင်ဖြင့် ရနိုင်ကောင်းရဲ့"

"အေးဗျာ. . သည်တနေ့တညတော့ဖြင့် ဒီမြောင်ပေါက်မှာပဲ စခန်းချ ညအိပ်ကြရတော့မှာပဲ"

လင်းမြင့်လှိုင်က သို့နှယ်ပြောပြီး "ကဲ; . . လာဗျာ" ဆိုလျက် သူ၏လက်စွဲတော် ဝင်ချက်စတာကို ဆွဲယူ . . စခန်းတဲပေါ်မှ ဆင်းသွားလေတော့သည်ကြောင့် ကျွန်တော်သည်လည်း သူနှင့်ကပ်ပါလိုက်သွားခဲ့တော့သည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အမဲပစ်ရန်အလို့ငှာ မနေ့က မီးလောင်ကုန်းကျေးရွာသို့ ထွက်ခဲ့ကြ၏။

သူကြီး ဦးဇာမဏီအိမ်တွင် ညအိပ်နားကြပြီး . . ယနေ့ မနက်စောစောထွက်ခဲ့ကြခြင်းဖြစ်သည်။

" 'ရင်ငန်း' မြောင်ဖျားမယ် ဆတ်တွေပေါ်တယ်ဗျာ"

တနေ့ညက ဝါးခုတ်ရာမှ ပြန်လာခဲ့သော 'ငခွေး'က သို့ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြောလာသဖြင့် ရင်ငန်း'မြောင်ဖျားဘက် ထွက်လာခဲ့ကြခြင်းဖြစ်သည်၊ 'ရင်ငန်း'မြောင်ပေါက်ဝရောက်လုတွင် မိုးသည်းထန်စွာ ရွာလာေ သဖြင့် အရံသင့်ရှိနှင့်ပြီး ဝါးခုတ်တဲတစ်လုံးတွင် မိုးခိုနားလိုက်ကြခြင်းဖြ ၏။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မရမ်းမြောင်ပေါက်ဝ တွင် သောင်တင်နေခြင်းဖြစ်တော့၏။

မီးလောင်ကုန်းမှ မရမ်းမြောင်ပေါက်ဝရောက်သည့်တို မည်သည့် သားကောင်မျှလည်း ပစ်ခတ်မရသည့်ပြင် တနေကုန်လု ရွ လိုက်သည့် မိုးကြောင့် မလုံမလဲ ဝါးတဲမှာပင် အချိန်ကုန်ခဲ့ကြရတေ ၏။

ကျွန်တော်တို့နှစ်ယောက်၏ ဗိုက်ထဲတွင် မနက်စောစော ဦးဇာမဏီအိမ်မှ စားခဲ့ရသည့် ကောက်ညှင်းပေါင်းနှင့် အမဲကြော်အနည် ငယ်မျှသည် ဘယ်လိုရှိနိုင်ပါတော့မည်နည်း။

မိုးရွာစမှစ၍ သောက်ခဲ့ကြသည့် ဝီစကီပုလင်းတစ်ပြားသ လည်းမရှိချေတော့ပြီ။

ဝီစကီသောက်ပြီး အိပ်ပျော်သွားကြသည်မှာ မည်မျှကြာေ ပြီကိုတော့ဖြင့် မသိ၊ အိပ်ယာနိုးသည့်တိုင် မိုးကာမစဲ၊ သည်တော့ ဝ ကြမ်းခင်းပေါ်မှာပင် နှစ်ယောက်သား ဆက်လက်လဲလျောင်းနားေ လိုက်ကြခြင်းဖြစ်သည်။

မိုးသည် စဲနိုး . . တိတ်နိုး . . လွန်မင်းစွာဆာလာကြပြီဖြ သည်။ သို့ကြောင့် . . မိုးဖွဲဖွဲရှိနေငြား တဲမှထွက်ခဲ့ကြခြင်းဖြစ်ချေတေ သည်။





'ရင်ငန်း'မြောင်ဖျားသို့ တက်လို့ကလည်း မဖြစ်၊ သို့ကြောင့် ဤမှာပင် တစ်ညတာနားနေစခန်းချ မနက်မှ ရင်ငန်းမြောင်ဖျားတက် ကြရန် ဆုံးဖြတ်လိုက်ကြခြင်းဖြစ်သည်။

ကျွန်တော်တို့သည် မြောင်ကြောလေးအတိုင်း လျှောက်ခဲ့ကြ ခြင်းဖြစ်သည်။

ချုံနွယ်သစ်ပင်တို့ကို တိုးဝှေ့ကာ ဖယ်လျှောက်လာခဲ့ကြခြင်း ဖြစ်၏။

လမ်းရယ်လို့တော့ဖြင့် သတ်သတ်မှတ်မှတ် မရှိချေ။

အောက်ပေါင်းရှုတ် ပန်းစုံတောကြီးဖြစ်သည်။

သို့ . . တောတိုးလျှောက်ခဲ့ကြရာမှ . .

"ကွီးစ် . . ကွီးစ် . . ကွီးစ်"ရယ်လို့ အသံကြားသဖြင့် ဝမ်းသာ သွားမိကြသည်။

ကျွန်တော်တို့လျှောက်လမ်းရှေ့လေးမှ ဖြစ်သည်။ မျောက်တို့ ၏ အသံဖြစ်ချေ၏။

သို့ဆိုပါလျှင် ကျွန်တော်တို့အတွက် စားစရာတော့ဖြင့် မလွဲ မသွေရနိုင်ပြီဟု တွက်ပြီးဖြစ်သည်။

ပရမ်းပတာတောတိုးသွား၍တော့ မဖြစ်ချေတော့။ သို့ကြောင့် မော့ကန်း . . မော့ကန်းဖြင့် တိတ်ဆိတ်စွာ လျှောက်သွားလိုက်ကြသည်။

"ကွီးစ် . . ကွီးစ် . . ကွီးစ်"

"ကွီးစ် . . ကွီးစ် . . ကွီးစ်"

အတော်လျင်သော မျောက်များဖြစ်သည်။ ကျွန်တော်တို့လာ နေသည်ကို သိသွားခြင်းကြောင့်ဖြစ်မည်။ ဝရုန်းသုန်းကား ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြတော့သည်။

"တောက်"

မကျေမနပ်ဖြစ်လျက် သို့နှယ် လင်းမြင့်လှိုင်က 'တောက်'ခတ်လိုက်၏။ အနားရောက်သွားသည်တွင် တကောင်တမြီးမျှမရှိကြလေတော့ချေ။

"စိတ်မာတ်မကျပါနဲ့ ကိုလင်းရယ် ရှေ့နားလောက်ကျလျှင်ဖြင့် သားကောင်တစ်ကောင် မရဘူးပြောနိုင်မလား"

သည်သို့ဖြင့် နှစ်ယောက်သား လျှောက်ခဲ့ကြပြန်၏။ သိပ်ဝေးဝေးပင်မလျှောက်လိုက်ရချေ။

"ဟာ. . ဟိုမယ် . . ကိုလင်း"

ကျွန်တော်သည် မြောင်ကမ်းနံဘေး ပေါက်ရောက်လျက်ရှိသည့် ရေမနေပင်ကြီးတစ်ခု ကိုင်းဖျားသို့ လှမ်းကြည့်ပြောလိုက်၏။

ထို ကိုင်းဖျားအခက်အလက်တို့ကို ဆွဲခိုရမ်းနေသည့် မျောက်လေးတစ်ကောင်ကို မြင်လိုက်သည်။

လင်းမြင့်လှိုင်က သူ့လက်တွင်းရှိသေနတ်ဖြင့် ထိုးချိန်လိုက်၏။

"နေဦး ကိုလင်း. . အဲဒီမျောက်ကို အသေအချာကြည့်စမ်းပါဦးဗျာ"

သို့နှယ် ကျွန်တော်က အံ့သြတကြီးပြောလိုက်သည့် ဘယ့်တွက်မူ ကျွန်တော်မြင်လိုက်သော ထိုမျောက်လေး၏ ရင်ညွန့်တွင် မြားတစ်စင်း စိုက်ဝင်နေသည်ကို တွေ့လိုက်ရ၍ဖြစ်သည်။

"ဟင်"

"ဟာ"





ဘယ်တုန်းက စူးနစ်ဝင်နေလေသည်မသိ။ လတ်တလောပစ်လိုက်ခြင်းတော့ဖြင့် မဖြစ်နိုင်။

မနေ့က သို့မဟုတ် လွန်ခဲ့သော နေ့များက စူးဝင်နေခြင်းဖြစ်ချိမ့်မည်။

ကျွန်တော့်အထင် မြားချက်မိခဲ့သော်လည်း မြားပစ်မုဆိုးလက်မှ လွတ်မြောက်လာသော အကောင်ဖြစ်မည်။

စောလေးက ထွက်ပြေးသွားသော မျောက်အုပ်စုမှအကောင်ဖြစ်မည်။ ရန်သူအရိပ်အရောင်မြင်၍ သူတို့ပြေးထွက်သွားကြရာမှ ထိုအကောင်သည် ရရှိထားသော ဒဏ်ရာကြောင့် မပြေးလွှားနိုင် ကျန်ရစ်ခဲ့ခြင်းဖြစ်မည်။

"ဟာ"

"ဟင်"

လင်းမြင့်လှိုင်ပင် မပစ်ရသေး ထိုအကောင်သည် မြေပေါ်သို့ ပြုတ်ကျလာတော့၏။

မျောက်ကောင်ပြုတ်ကျရာသို့ ပြေးလွှားသွားလိုက်ကြသည်။

ကျွန်တော်တို့ကို မြင်သည်နှင့် ပြေးလွှားသွားရန် ကျိုးစားနေပုံဖြစ်သည်။

"ခွီးလ်"

"ခွီးလ်"

ပြုတ်ကျခဲ့သောဒဏ်ရာ ရင်ညွန့်မှ မြားစူးဝင်ဒဏ်ရာတို့ကြောင့် ထိုနေရာလေးမှ ကပျာကသီပြေးလွှားသွားနိုင်ခြင်းမရှိခြား သူ့အနားကပ်မလာနိုင်ရန်အလို့ငှာ မြေပြင်မှာပင် ကုန်းကုန်းကွကွဖြင့် ဖာန်



www.burmeseclassic.com

www.burmeseclassic.com



ဖိနေတော့၏။ သို့ကြောင့် လင်းမြင့်လှိုင်က သူ့လက်တွင်းရှိသေနတ်ဖြင့် လှမ်းထိုးချိန်လိုက်သည်တွင် . . .

"ကွီးစ် . . ကွီးစ် . . ကွီးစ်" ရယ်လို့အော်လျက် လမ်းလေးတဖက်ကို ဦးခေါင်းပေါ်သို့ မြောက်ကာတင်ကာ လုပ်နေလေတော့၏။

"မသတ်ပါနဲ့ ကိုလင်းရယ်"

သို့ ကျွန်တော်ကပြောလိုက်၏။

မျောက်လေးကိုကြည့်ပြီး ကျွန်တော်အတော်ကလေး စိတ်မကောင်းဖြစ်သွားသည်၊ သနားလည်းသွားမိသည်။ သို့ကြောင့် စခန်းသို့ဖမ်းခေါ်လာကာ သူ့ရင်ညွန့်မှ စိုက်ဝင်နေသော မြှားတံကို အရင်းလောက်မှ ချိုးပေးလိုက်ပြီး ဆေးအုံပေးလိုက်၏။

သို့ လုပ်ပေးစဉ် ထိုမျောက်လေး၏ ထူးခြားချက်ကို သတိပြုလိုက်မိသည်။

သူ၏အမြီးက တထွာလောက်သာရှိပါကလား၊ ပြီးတော့မျက်ကွင်းတဖက်လည်းမည်းနေလေ၏။

ကံဆိုးရှာသည့် မျောက်ကလေးဖြစ်နိုင်သည်။

မွေးကတည်းက အမြီးတိုကလေးဖြစ်ပြီး မျက်ကွင်းတဖက်မည်းနေခြင်း(မွေးရာပါ)ဖြစ်မည်။

ထိုနေ့က ကျွန်တော်တို့သည် မည်သည့်သားကောင်မျှ မရလိုက် ကံအားလျော်စွာ တောင်အုန်းပင်တွေ့လေသဖြင့် ထိုတောင်အုန်းဖူးများကိုပင် ခုတ်ယူကာ စားရချေတော့၏။

မျောက်ကေလးကိုတော့ဖြင့် သနားမိသဖြင့် ဘေးမဲ့ပေးလိုက်ကြတော့သည်။





မျောက်ကလေးသည် ဆေးဝါးထည့်ပြီး လွှတ်လိုက်သည်နှင့်ပြေးလွှားခိုလွှဲထွက်သွားလေတော့၏။

"ကွီးစ် . . ကွီးစ် . . ကွီးစ်"ရယ်လို့ အော်ဟစ်သွားတော့၏။

ထိုမျောက်လေးပြေးလွှားသွားလေမှ ပတ်ဝန်းကျင်ရှိ သစ်ပင်များပေါ်တွင် ဘယ်အချိန်ကရောက်နေမှန်း မသိရသော မျောက်များသည် ဆူညံစွာအော်ဟစ်ရင်း မျောက်ကလေးကို ခြံရံပြေးထွက်သွားကြလေသည်။

ထိုနေ့ညတွင် ကျွန်တော်တို့သည် စခန်းတဲရှေ့တွင် မီးပုံကိုအလျှံငြီးငြီးဖြစ်အောင် လုပ်လိုက်ကြပြီးလေမှ အိပ်ယာဝင်လိုက်ကြသည်။ ဆာလောင်နေခြင်းကြောင့်ပေလားမသိ အတော်နှင့်အိပ်မပျော်နိုင်ကြချေ။

မည်သို့ပင်ဆိုစေ အိပ်ပျော်သွားပြန်တော့လည်း တရေးသာလျှင် ဖြစ်တော့၏။

"ကျလိ . . ကျလိ . . ကျလိ"ရယ်လို့ ကျေးငှက်တို့၏အသံနှင့်အတူ အိပ်ယာမှနိုးလာကြတော့သည်။

ထင်းမီးပုံသည် အရှိန်သာလျော့သွား၏။ မီးတောက်ကတော့ဖြင့်ရှိနေဆဲပင်။

သို့ကြောင့်လည်း တညလုံး နွေးထွေးမှုရသဖြင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ခဲ့ကြခြင်းဖြစ်သည်။

"ဆာလိုက်တာဗျာ"

အိပ်ယာမှ လူးလဲထလိုက်ရင်းကျွန်တော်ကသို့ ညည်းလိုက်၏။

"တူတူပဲပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က သွားတက်လေးပေါ်ရုံ ပြုံးပြပြောရင်း တဲပေါ်မှ ဆင်းသွားလေ၏။

"ဟာ. . ကိုပိုက် ဒီမယ်ကြည့်စမ်း"

သို့နှယ် တအံ့တသြပြောလာသံကြောင့် လင်းမြင့်လှိုင်ကို လှမ်းကြည့်လိုက်သည်။

"ဟင်း"

လင်းမြင့်လှိုင်မြေပြင်မှ ကောက်ယူပြလာသော အနာသည် 'ယုန်'တစ်ကောင်ဖြစ်နေလေသဖြင့် ကျွန်တော်အံ့သြသွားမိ၏။

"သိမ်းငှက်က အစာအလို့ငှာ ချီလာရင်းပြုတ်ကျလာတာများလား"

သွေးသံရဲရဲ ဒဏ်ရာဒဏ်ချက် ဗရပွဖြင့် သေနေသည့် ယုန်ကောင်ကိုကြည့်ရင်း လင်းမြင့်လှိုင်က ပြောလေ၏။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ. . ကျွန်တော်တို့အတွက် အဆင်ပြေသွားတာပေါ့ဗျာ"

သို့နှယ်ပြောလျက် ကျွန်တော်သည် လင်းမြင့်လှိုင်လက်ထဲမှ ယုန်ကောင်သေကို လှမ်းယူအသေအချာ စစ်ဆေးကြည့်လိုက်သည်။

သားရဲကောင်တစ်ကောင် ကုတ်ဖဲ့သတ်ဖြတ်ခဲ့ရခြင်းဖြစ်သည်ကြောင့် ထိုယုန်ကောင်သေကို အမရေဆုတ် ဗိုက်ခွဲ အူနှုတ် တံစို့ထိုး မီးကင်လိုက်တော့သည်။

ကျွန်တော်တို့အတွက် အတော်ကလေး အဆင်ပြေသွားတော့၏။ ထိုယုန်ကောင်မီးကင်ကို စားသောက်ကြပြီးနောက် ထိုစခန်းတဲလေးကို စွန့်ခွာခဲ့ကြတော့သည်။





'ရင်ငန်း' မြောင်အဖျားသို့ တက်ခဲ့ကြခြင်းဖြစ်သည်။

သို့လျှောက်ခဲ့ကြရာမှ စခန်းနှင့် မဝေးလှသောနေရာအရောက်တွင် တောဝက်တစ်ကောင်ကို တွေ့လိုက်ကြသည်။

"ကျွန်တော်ပစ်မယ် ကိုပိုက်"

လင်းမြင့်လှိုင်က သို့ပြောလျက် သစ်ပင်ကြီးတစ်ပင်နောက် ပြေးကပ်လိုက်ပြီး သူ၏လက်တွင်းရှိသေနတ်ဖြင့် ထိုးချိန်လိုက်သည်။

ကျွန်တော်သည် သူ့နောက်နံဘေးမှနေ၍ သူချိန်ထားသည့် ပစ်မှတ်ရှိရာ လှမ်းကြည့်လိုက်သည်။

"ဖြစ်နိုင်ပါ့မလား"

တောဝက်ကောင်သည် ချုံနွယ်ပင် နောက်တွင်ရှိနေခြင်းကြောင့် သို့မေးလိုက်ခြင်းဖြစ်သည်။

"လွယ်တော့မလွယ်ဘူးကိုပိုက်ရဲ့ . . ဒီကောင်ရှေ့နဲနဲထွက်လာလျှင်ဖြင့် ကောင်းမယ်"

တောဝက်ကောင်သည် မြေတွင်းမှ ဘာကိုထိုးကော်စားနေလေသည်မသိ တလှုပ်လှုပ်နှင့် သာရှိနေ၏။ အပြင်သို့ထွက်လာခြင်းတော့ဖြင့်မရှိ။

လင်းမြင့်လှိုင်သည်လည်း သည်းညည်းခံစောင့်နေပုံရ၏။

သို့ရှိစဉ် . . .

"ဘုန်း"

"ကွီးစ်. . ကွီးစ်. . ကွီးစ်. . ကွီးစ်"

တောဝက်ကောင်နောက်ဘက် ခပ်လှမ်းလှမ်းရှိ သစ်ပင်ပေါ်မှ မျောက်တစ်ကောင်ပြုတ်ကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျောက်သည် ကပျာကသီ မြေပေါ်မှထကာ သို့နှယ်အော်ဟစ် . . နီးစပ်ရာ သစ်တစ်ပင်ပေါ် ပြေးလွှားကုပ်တွယ်တက်သွားတော့၏။ သို့ကြောင့် တောဝက်ကောင်သည် ရုတ်တရက်ဖြစ်လာခြင်းကြောင့် အလန့်တကြားဖြစ်ကာ ချုံနွယ်ပင်နောက်မှ ပြေးထွက်လာတော့၏။

"ဒိန်း"

သတိအလျှင်မပြတ်ရှိသော လင်းမြင့်လှိုင်က လျှပ်တပြက်ပစ်လိုက်တော့၏။

လင်းမြင့်လှိုင်ပေပဲ။ သို့နှယ် သားကောင်ပြေးလွှားလွတ်ရိုးထုံးစံမရှိပါချေ။

"မျောက်က 'ချောက်လွှတ်' ပေးတာလား မှတ်ရတယ်ဗျာ"

သို့နှယ် ကျွန်တော်ကပြောလိုက်၏။

"ကျွန်တော်တို့ မြောင်ဝစခန်းပြန်နားကြပြီး နောက်နေ့မှ 'ရင်ငန်း'မြောင်ဖျားတက်ကြမယ်"

သို့ လင်းမြင့်လှိုင်က ပြောလာခြင်းကြောင့် ကျွန်တော်တို့သည် မြောင်ဝစခန်းတဲတွင် တနေ့ပြန်နေလိုက်ကြပြန်တော့သည်။

"အင်း . . အဆင်ပြေချင်တော့လဲ ဒီလိုပဲပေါ့ဗျာ"

တောဝက်သားကို အင်မတန်ကြိုက်သော လင်းမြင့်လှိုင်က သို့နှယ် ပီတိဖြစ်ကာ ပြောလာတော့၏။

နောက်နေ့တွင်လည်း ကျွန်တော်တို့ ရင်ငန်းမြောင်သို့ မတက်ဖြစ်ချေ။ ဘယ့်ကြောင့်မူ တောဝက်ပေါင်နှစ်ချောင်းကို အသားခြောက်များအဖြစ်လုပ်၍ မီးကြပ်တိုက်နေကြခြင်းကြောင့်ဖြစ်၏။

မြို့ပြန်လက်ဆောင်ယူသွားရန် အလို့ငှာဖြစ်သည်။





သည့်နောက်နေ့ . . နေမွန်းတည့်လောက်မှ ရင်ငန်းမြောင်ဖျားတက်ဖြစ်ခဲ့ကြသည်။

"ဘာကောင်တွေ့တွေ့ မပစ်တော့ဘူးဗျာ . . မြောင်ဖျားမယ် ဆတ်ကောင်တွေ့လေမှ ပစ်မယ်"

သို့နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ကြသည်။

သည်သို့ဖြင့် ကျွန်တော်တို့နှစ်ယောက်သည် နေမွန်းလွဲသာသာတွင် ရင်ငန်းမြောင်ဖျားသို့ ရောက်ခဲ့ကြတော့သည်။

ရောက်မဆိုက်ပင် ကျွန်တော်တို့သည် စခန်းတဲထိုးလိုက်ကြသည် ကျွန်တော်ကို နားနားနေနေ သုံးလေးရက်တန်းသည်နေ၍ ဆတ်ကောင်ကို ရှာပစ်ကြမည်။

ဘယ့်ကြောင့်မူ 'စက်တင်ဘာလ'တွင် ကျရောက်မည့် ကျွန်တော့်မွေးနေ့တွင် မြို့ပြရှိ မိတ်ဆွေအပေါင်းအသင်းများကို ဆတ်သားအစစ်အမှန်ဖြင့် ဧည့်ဝတ်ပြုကျွေးမွေးလို၍ဖြစ်သည်။

အသားအစိုတော့ဖြင့် ကျွေးနိုင်မည်မဟုတ်။ ဆတ်သားခြောက် စစ်စစ်တော့ဖြင့် ကျွေးနိုင်ပေမည်။

လင်းမြင့်လှိုင်က ကျွန်တော်၏ဆန္ဒကို ပြည့်ဝစေရန် လိုက်လံကူညီခြင်းဖြစ်၏။

ကံဆိုးစွာဖြင့် ထိုညနေပိုင်းတွင် မိုးရွာချလာလေသည်ကြောင့် စခန်းတဲမှာပင် ခိုနေလိုက်ကြရ၏။

ရိက္ခာအလို့ငှာ ပူစရာတော့မရှိချေပြီ။

လင်းမြင့်လှိုင်တွင် တောဝက်သားမီးကင်တွေရှိနေသည်ပဲ။

ကျွန်တော်တို့အတွက် အခက်အခဲမှာ တညနေလုံး မိုးသဲသဲရွာ



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းကြောင့် ထင်းမီးမဖိုနိုင်ခြင်းဖြစ်၏။

သို့ကြောင့် . . တညလုံး ကောင်းကောင်းမအိပ်ရချေ။

ကြက်အိုင်ကြက်နိုးသာဖြစ်တော့၏။ နို့တောင်မှ တညလုံး လိုလို စခန်းတပိုက် မျောက်ကောင်တို့၏ ဆူဆူညံညံ အော်ဟစ်သံတို့ ကြောင့် ဖြစ်ချေ၏။ မျောက်တို့ကိုပင် ကျေးဇူးတင်ရပေချိမ့်မည်။ ဘယ့် တွက်မူ ဆူညံသောပတ်ဝန်းကျင်တွင် သားရဲကောင်တို့ မနေတတ်ကြ ခြင်းကြောင့် ဖြစ်တော့၏။

နောက်တနေ့တွင် ရာသီဥတု သာသာယာယာဖြစ်လေသည် ကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဆတ်ကောင်အရှာထွက်ခဲ့ ကြတော့သည်။ မနေ့က မိုးရွာထားခြင်းကြောင့် မြေပြင်တွင် သားကော ခြေရာများ လွယ်လင့်တကူရှာဖွေနိုင်ခဲ့၏။

ကျွန်တော်တို့ပစ်ခတ်လိုသော 'ဆတ်ကောင်'ခြေရာများတွေ့ သော်လည်း ခြေရာကောက်မလိုက်နိုင်ခဲ့ကြချေ။

စိုင်ကောင်၊ ဂျီ(ချေ)ကောင်၊ တောဝက်ကောင်တို့ကိုတေ ဖြင့် ပစ်ခတ်ရန် အခွင့်အရေးရငြား လက်ရှောင်ခဲ့ကြတော့၏။ တနေကု လုတိုင် ဆတ်ကောင်နှင့်မဆုံကြချေ။ သို့ကြောင့် စခန်းတဲသို့ပြန်ခဲ့ကြ တော့သည်။

နောက်နေ့တွင် ကျွန်တော်တို့နှစ်ယောက်သည် လူခွဲထွက် ကြတော့၏။ လင်းမြင့်လှိုင်က စခန်းအရှေ့ဘက်၊ ကျွန်တော်က စခ အနောက်ဘက်၊ ညနေစောင်းသည့်တိုင် မရှာကြရန်လည်း ဆုံးဖြတ်လို ကြ၏။ နံနက်စာ စားသောက်ပြီးနောက် ထွက်ခဲ့ကြခြင်းဖြစ်သည် မိုးလင်းလုအချိန်က မိုးရွာထားခြင်းကြောင့် ချောင်းမြောင်တို့တွင် ရေစီ





လောက်အောင် ရေများရှိနေ၏။ သို့ကြောင့် ကျွန်တော်သည် စခန်း အနောက်ဘက် တောင်ကြောပြေပြေလေးအတိုင်းသာ လျှောက်လာခဲ့ ခြင်းဖြစ်သည်။ သို့ဖြင့် ကြံခတ်ဝါးရုံတောသို့ ရောက်ခဲ့သည်တွင် မမျှော် လင့်ဘဲ သားကောင်တစ်ကောင်ကို လှမ်းတွေ့လိုက်၏။

ကျွန်တော် ကြက်သီးတော့ဖြင့် ထသွားမိသည်။ ကြံခတ်ဝါးရုံ တောအတွင်း ပြေးလွှားနေသော သတ္တဝါကောင်သည် ကျားကောင်ဖြစ် နေခြင်းကြောင့်ပင် နို့ပေမင့် အတော်အလှမ်းကွာနေခြင်းဖြစ်သည် ကြောင့် တော်သေးတော့၏။

ကြံခတ်ဝါးရုံတို့ ရှုပ်ရှက်ခတ်နေခြင်းကြောင့် ကျားကောင် ဆော့ကစားနေလေသည်လား သားကောင်ငယ်တစ်ကောင်ကို လိုက်လံ ဖမ်းဆီးနေလေသည်လားတော့ဖြင့် မသိရပါချေ။

မည်သို့ပင်ရှိစေ ကျွန်တော်ထိုနေရာမှ အလျှင်အမြန်လှည့်ပြန် ရန်သာ ဖြစ်တော့၏။

လာလမ်းအတိုင်း ပြန်ခဲ့သည်ဆိုပေမင့် လမ်းများလေပြီဟု ထင်လိုက်မိသည်။ သို့ကြောင့် ပတ်ဝန်းကျင်နှင့်မြေပြင်အနေအထား ကို ကြည့်လိုက်သည်။

"ဟင်"

ကျွန်တော်လမ်းမှားခဲ့သည်မှာ သေချာပေပြီလား။ ဘယ့်တွက် မူ မြေပြင်တွင် ကျားကောင်ခြေရာ တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။

ထိုခြေရာ လာခဲ့တုန်းက မမြင်ခဲ့လေသည်ပဲ၊ အမှတ်တမဲ့လာ ခဲ့ခြင်းကြောင့်ပေလားတော့မသိ။

ကျွန်တော်ပြန်လမ်းတလျှောက် စိတ်လှုပ်ရှားနေသည်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဝန်ခံရပေမည်။

သေနတ်ကိုင်ထားသော လက်သည်ပင် ချွေးစေးများထွက်လာ ချေတော့၏။

ကျားကောင်၏ခြေရာသည် လတ်လတ်ဆတ်ဆတ်ကြီးကိုး၊ မဖြစ်ချေပြီ၊ ခပ်သုတ်သုတ်ပြန်မှ ဖြစ်မည်။ သူ့တွက်ကာ ခြေလှမ်းသွက် သွက်လျှောက်ခဲ့ခြင်းသည် ကျွန်တော်၏ အမှားပင်ဖြစ်ချေတော့၏။

"ဟာ"

ကျွန်တော်လျှောက်နေသော တောင်ကြောလေးပေါ်မှ ခြေ ချော်ကျခဲ့ရလေတော့သည်။

တောင်ကြောတောင်ကမ်းသည် အနည်းငယ်မတ်စောက်ခြင်း ဖြစ်သည်ကြောင့် အောက်မြောင်အတွင်းသို့ ဒလိမ့်ကောက်ကွေးကျသွား လေတော့၏။

"အား"

ကျောက်မြောင်နံဖူးရှိ ကျောက်တုံးနှင့်ကျွန်တော့်နောက်စေ့ ရိုက်ခတ်မိသည်ကြောင့် မိုက်ခနဲမူးသွားတော့၏။

ကျွန်တော်အတော်နှင့်ပြန်မထနိုင်။

အားယူကျိုးစားထ၏။ မူးဝေလို့လာသည်။

အမြင်သည် ဝိုးတဝါးဖြစ်နေ၏။

"အားလားလား . . ."

ကျွန်တော့်သေနတ် . . သေနတ်ဘယ်လွင့်ကျန်နေပါလိမ့်။

ပတ်ဝန်းကျင်တဝိုက် ဝေ့ဝိုက်ကြည့်လိုက်သည်။

"ဟာ"





တောင်ကြောကမ်းပါးအလယ်လောက်တွင် သစ်ပင်ငယ်တစ်ခု ၌ ချိတ်တင်နေပါကလား။

အောက်ခြေမှ လှမ်းယူလို့ကတော့ မီလိမ့်မည်မဟုတ်။ ခါးချိတ် ဓားကို သတိရလိုက်ပြန်၏။

ဟူးတော်ပါသေးရဲ့ . . ခါးချိတ်ဓားတော့ဖြင့် ရှိနေ၏။

ဓားကိုထုတ်လိုက်သည်။ မြောင်စပ်တောင်ကမ်းစောင်းတွင် ပေါက်နေသည့် မျှင်ဝါးခပ်လတ်လတ်တစ်လုံးကို ခုတ်၍တံချူလုပ်ကာ သေနတ်ကို လှမ်းယူလျှင်ဖြင့် ရချိမ့်မည်။ သို့ကြောင့် မျှင်ဝါးကို ခုတ်ရန် မြောက်ကမ်းနားကပ်သွားရန် ကိုယ်ကို မတ်မတ်ရပ်လိုက်သည်တွင် . .

"ဟာ"

ကျွန်တော်လွန်မင်းစွာ ထိတ်လန့်သွားတော့သည်။

ကျွန်တော်ရှိနေသည့် မြောင်တွင်းသို့ ကျားကောင်ဝင်လာနေ ပါကလား။

ကျွန်တော်နှင့်ဆိုပါလျှင် ဝါးနှစ်ပြန်ခန့်သာ ဝေးလိမ့်မည်။ ကျွန်တော် ထွက်ပြေးစရာလမ်းမရှိပါကလား။ တဘက်တချက်တွင် မတ် စောက်သော မြောင်ကမ်းပါးယံများရှိနေ၏။

ကုပ်တွယ်တက်ဖို့ရန်လည်း အချိန်မရှိလောက်။

ကျွန်တော့်လက်တွင်းရှိ တစ်တောင်မျှမရှိလောက်သော ဓားက ဘာလုပ်၍ ရပါလိမ့်နည်း။

လက်တွင်း သေနတ်ကလည်း ရှိမနေ။

ကျားကောင်သည် ကျွန်တော်ရှိနေခြင်းကိုလည်း သိပုံမပေါ် ခေါင်းငိုက်စိုက်ချ လျှောက်လှမ်းလာနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရပါ့။

ကျွန်တော်ကျားကောင်ကို ကြည့်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေတော့၏။

ဒူးများပင် တဆတ်ဆတ်တုန်လာတော့သည်။

ဘုရားတ,ရုံမှတပါး အခြားမရှိချေပြီ။

ကျွန်တော်ဝင့်လည်ချေပြီ။

သားကောင်ဘ၀ မကြာမီပြန်ရောက်ရပေတော့မည်။

"ဝေါင်း"

"ဂရောင်း"

သွေးပျက်လုမတတ် ခံစားလိုက်ရတော့၏။

ကျားကောင်ကြီး ကျွန်တော့်ကို မြင်သွားချေပြီ။ ကျားကောင်နှင့် ကျွန်တော် ဝါးတစ်ပြန်ခန့်သာဝေးတော့၏။

ကျွန်တော်ကြောက်လန့်စွာ မှင်တက်နေမိခြင်းသည် ကျွန်တော့်အတွက် ကံကောင်းခြင်းဟု ဆိုရလေမလားမသိ။

ကျွန်တော်သည် ရှေ့ဆက်လျှောက်လာခြင်းမရှိ၊ ကျွန်တော်သည် ပကတိ ကျောက်ရုပ်လိုဖြစ်နေခြင်းကြောင့် ကျားကောင်အတွက် ဝေခွဲမရသော ဟန်ဖြစ်နေပုံပင်။ ကျွန်တော့်ကို စူးစိုက်ကြည့်နေ၏။

"ဝေါင်း"

"ဂရောင်း . . ဝေါင်း"

အသံဖြင့် ခြောက်လှန့်ကြည့်၏။

"ဘုရား . . ဘုရား"

သို့နှယ် ဘုရားတမိတော့သည်။ ဇောချွေးများပင် ပျံလာချေ





ပြီဖြစ်သည်။

တကိုယ်လုံး တဆတ်ဆတ်တုန်နေလေတော့၏။

"ခွီးလ်"

"ခွီးစ်လ် . . ခွီးလ်"

"ကွိစ် . . ကွိစ် . . ကွိစ်"

သို့အသံများနှင့်အတူ မျောက်တအုပ်သည် မြောင်ကမ်းသစ်ပင်ကြီးငယ်တို့အပေါ်မှ ကျားကောင်ရှေ့သို့လည်းကောင်း၊ ကျားကောင်ခန္ဓာကိုယ်ပေါ်သို့လည်းကောင်း ရုတ်တရက်ကျလာကြတော့၏။

"ဝေါင်း"

"ဂရောင်း"

ကျားကောင်သည် ကျွန်တော့်ကိုသာ အာရုံစိုက်ကြည့်နေလေရာမှ သို့မျောက်တအုပ်၏ ဆူညံသောအသံပြုလျက် ရုတ်တရက်တိုက်ခိုက်လာခြင်းကြောင့် ထိတ်လန့်တကြားဖြစ်ကာ နောက်ကျွမ်းတိုး လှည့်ပြေးသွားလေတော့၏။

ကျွန်တော်သည်လည်း သို့မထင်မှတ်ဘဲ ရုတ်တရက်ဖြစ်သာခြင်းကြောင့် တကိုယ်လုံး တုန်တက်သွားကာ မျက်လုံးများပြာသွားတော့၏။

အတန်ကြာလေမှ သတိပြန်ဝင်လာတော့သည်။

ရှေ့မြင်ကွင်းကိုလည်း ကြည်လင်ပြတ်သားစွာ မြင်လိုက်ရချေပြီ။

"ဟင်"

မျောက်လေးတစ်ကောင်ပါလား . . ကျားကောင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ချောက်ထုတ်၊ မောင်းထုတ်၊ တိုက်ခိုက်ထုတ်လိုက်သော မျောက်များ ဘယ်ရောက်သွားကြပါလိမ့်။ ခုတော့ဖြင့် သူတစ်ကောင်တည်းပါကလား။

ကျွန်တော်သည် ထိုမျောက်လေးနားသို့သွားရန် ဟန်ပြင်လိုက်စဉ်မှာပင် ထိုမျောက်လေးသည် 'ကွိစ်' 'ကွိစ်' 'ကွိစ်' ရယ်လို့ အာပြမတတ်ပါးစပ်ဟအော်ရင်း လှစ်ခနဲ လှည့်ပြေးကာ အနီးဆုံးရှိသစ်တစ်ပင်ပေါ် ဖက်တွယ်တက်သွားလေတော့သည်။

ဘုရားရေ့ . ထိုမျောက်ကလေးသည် မျက်စိတဖက်မျက်ကွင်းမဲနေပြီး ရင်ညွန့်တွင် မြွားတံငုတ်တို၊ အမြီးတိုမျောက်ကလေးဖြစ်နေပါကလား။

သည့်နောက် ကျွန်တော်သည် ကမ်းပါးယံတွင် ချိတ်တင်နေသည့်သေနတ်ကို ဝါးလုံးဖြင့်ထိုးချိတ်ယူလိုက်ပြီး စခန်းတဲသို့ လမ်းရှာပြန်ခဲ့လေတော့သည်။

စခန်းတဲတွင် လင်းမြင့်လှိုင်ရောက်နှင့်နေပြီးဖြစ်သည်။

"ဆတ်ကောင်ကို အပိုင်ပစ်လိုက်နိုင်ပေမင့် ကျွန်တော့်လက်ပေါ် မထင်မှတ်ဘဲ မျောက်တစ်ကောင် ခုန်ချလာတော့ကာ ပစ်မှတ်လွဲသွားရတယ်ဗျာ နာလိုက်တာ"

ရောက်မဆိုက် အားမလိုအားမရပြောလာသည့် သူ့စကားကြောင့် ကျွန်တော်အံ့ဩခဲ့ရသလို ကျွန်တော့်အဖြစ်ကို ပြောပြလေလျှင် လင်းမြင့်လှိုင်သည်လည်း အံ့ဩတကြီးဖြစ်သွားမှာ သေချာပေသည်။

ကျွန်တော့်အသက် တစ်နှစ်တိုးလာပြန်ပြီရယ်လို့ ကြွေးကြော်ကာ မွေးနေ့ပွဲတွင် သားကောင်လေးကို သတ်ကျွေးမွေးလိုသည့်





ကျွန်တော့်စိတ်ကူးသည် လွန်စွာမှ မိုက်မဲသည့် လုပ်ရပ်ပါကလားရယ်လို့ သိလိုက်သည်ကြောင့် နောက်နေ့တွင် 'ရင်ငန်း'မြောင်ဖျားမှ မြို့ပြသို့ ပြန်ခဲ့လေတော့သည်။

ကျိုးစားလျက်

ကိုပိုက်

၂၂-၇-၂၀၀၄

(3:40 -PM)



www.burmeseclassic.com

www.burmeseclassic.com

## "အံ့ဖွယ်လူသတ်ကောင်"

အချိန်ကား ညနေစောင်းအချိန်ဖြစ်သည် တောနက်ခြင်း၊ အရွက်အုံ့အုံ့စိုင်းစိုင်း ပင်လုံးရှည်သစ်ပင်တို့ အောက်ခြေတွင် ချုံနွယ် ပိတ်ပေါင်းတို့ဖြင့် ရှုတ်ထွေးနေခြင်း၊ မိုးဖွဲ့ရွာနေခြင်းကြောင့် အေးစိမ့်စိမ့် ပင်ဖြစ်လို့နေ၏။

"ဒုတ် ..ဒုတ် ..ဒုတ်"

"ဂျွတ်..ဖြောင်း"

ထိုနေရာလေးတဝိုက်တွင် ဝါးပင်အုံတို့ အစုလိုက်ကျိုးတိုးကျဲ တဲပေါက်လျက်ရှိ၏။

ရှားပါးစွာ ပေါ်...နေရခြင်းကြောင့်လေလားမသိ ပင်လုံးဖြော ဝါးလုံးချောများဖြစ်ကြ၏။





သို့ကြောင့်လည်း ဝါးခုတ်သမားဖိုးထောင်သည် စိတ်ကြိုက် ဝါးလုံးများဖြစ်သည်ကြောင့် တနေ့တာ ခုတ်နိုင်သလောက် ဇွဲနဘဲကြီး စွာ ခုတ်နေခြင်းဖြစ်သည်။

"တော်ပါပြီ..ဖိုးထောင်ရယ်..ငါတော့ ချမ်းတောင်လာပြီ၊ စခန်းပြန်ကြစို့ကွာ"

သို့နှယ် ဖိုးခွေးဆိုသည့် လုပ်ဖော်ကိုင်ဖက်ဝါးခုတ်သမားက ပြောလာတော့၏။

"အေးပါကွာ..ဟိုကောင်တွေ ရောက်မလာမီရနိုင်သလောက် ခုတ်ထားချင်လို့ပါ.."

သို့နှယ်ပြောလျက် ဆက်ခုတ်လို့နေပြန်သဖြင့် ..

"နို့ဖြင့်လည်း ငါ..စခန်းပြန်နှင့်တော့မယ်ကွာ"

ဖိုးခွေးက စိတ်မရှည်ဟန်ဖြင့် ပြောလာသည်ကြောင့် ဖိုးထောင် သည် ဝါးခုတ်နေရာမှ ရပ်လိုက်ပြီး ...

"မင်း မစောင့်နိုင်လဲသွားတော့ကွာ...ငါတော့ ဆက်ခုတ် ဦးမယ်" ဟုပြောလေ၏။

"အေးကွာ..ငါသွားနှင့်ပြီး ဒီကြက်ကောင်ယူသွားပြီး ချက် ထားလိုက်မယ်"

သို့နှယ်ပြောလျက် ဖိုးခွေးသည် သုတ်ကိုင်းထောင်၍ရထား သော တောကြက်ဖသေကောင်ကို ယူသွားချေတော့၏။

ဖိုးခွေးတစ်ယောက် စခန်းပြန်ရောက်၍ ထမင်းဟင်းများ ချက်ပြီးသည့်တိုင် ဖိုးထောင်တစ်ယောက် ပြန်မရောက်နိုင်သဖြင့် လည် တဆန့်ဆန့် ဖြစ်နေလေတော့၏။

ဘယ်တွက်ကြာနေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



မှောင်စပင်ပျိုးလုချေပြီ။

ဆာကလည်းဆာနေချေပြီဖြစ်သည်ကြောင့် "ဆာပြီ မစောင့်နိုင်တော့ဘူး"ဆိုလျက် ထမင်းဟင်းကို ခူးခတ်စားလိုက်တော့၏။

တောကြက်ဖသားကို ကာလသားချက် ချက်ထားခြင်းဖြစ်၏။ စားကောင်းလိုက်သည့်ဖြစ်ခြင်း ထမင်းစားစဉ်တချိန်လုံး ဖိုးထောင်ကို လုံးဝသတိမရပါတော့ချေ။

ဆာဆာနှင့်စားလိုက်သည်မှာ ထမင်းအိုးပင် တဝက်မကကျိုးသွားချေသည်။

ထမင်းစားသောက်ပြီးနောက် စခန်းတဲပေါ် ပြန်တက်လှဲကာ ဆေးပေါ့လိပ်တစ်လိပ်ကို ဖွာနေလေတော့၏

"ဒီကောင် . . ဘာလို့များကြာနေပါလိမ့်"

ဆေးပေါ့လိပ်ငွေ့ကို သုံးလေးဖွာလောက် ရှိုက်လိုက်ပြီးနောက် လဲလျောင်းနေရာမှ လူးလဲထလိုက်ပြီး စခန်းတဲရှေ့ရှိ ထင်းမီးပုံကြီးကို မီးထိုးလိုက်တော့၏။

မှောင်လာချေပြီပဲ။

ဒုက္ခပဲ . . ဒီကောင်တစ်ခါဖူးမျှ အဲလောက်နောက်မကျ၊ ခုဘာဖြစ်နေပါလိမ့်။

တောကောင်အန္တရာယ်နှင့်ကြုံစရာလည်း သည်တောပတ်ဝန်းကျင်တွင် သားရဲကောင်များ မရှိလောက်ချေ။

သို့ဖြင့် တဖြေးဖြေး ညဥ့်နက်လာ၏။

မိုးဖွဲလေးပင် ကျလာချေပြီဖြစ်သည်။ သို့ကြောင့် စခန်းတဲပေါ်တက်၍ လဲလျောင်းလိုက်ချေတော့၏။

အခြားဝါးခုတ်သမားများကို ခေါ်၍ခုတ်ကွက်သို့ လိုက်ကြည့်





လျှင် ကောင်းလေမလား စိတ်ကူးမိပြား မိုးရွာနေခြင်းနှင့် ဝါးခုတ်သမားအချို့ရှိနေသည့် တဲသည် အတန်ငယ်လှမ်းနေသဖြင့် ထိုစိတ်ကူးကို ဖျက်လျက် အိပ်လိုက်လေတော့သည်။

ဖိုးထောင်ကို စောင့်ရင်း မျှော်ရင်း တောင်တွေး မြောက်တွေး တွေးနေမိခြင်းကြောင့် အတော်ညဥ့်နက်မှ အိပ်ပျော်သွားခဲ့ပြား ခပ်စောစောပင် နိုးလာသည်ကြောင့် မနေ့က ခုတ်ကွက်ရှိရာသို့ ထွက်ခဲ့တော့၏။

ပုဂံချောင်းရေကျဖြစ်သည့် သူတို့ဝါးခုတ်ကွက်ရှိရာ တောင်ကြောသွားသည့် မြောင်ပေါက်ဝလေးသို့ ရောက်သည့်တွင် ဖိုးထောင်ကို တွေ့ရလေတော့၏။

"ဟာ"

မှောက်ခုန်ကြီးဖြစ်နေသော ဖိုးထောင်ကို ပြေးပွေ့ထူလိုက်၏။

"အား"

ကြောက်လန့်တကြား အော်လိုက်ကာ သူပွေ့ပိုက်ထားသည့် ဖိုးထောင်ကို လွှတ်ချကာ ရပ်လိုက်၏။

"ဘယ်လိုဖြစ်ရတာလဲ ဖိုးထောင်ရယ်"

ကြည့်စမ်း မျက်နှာတပြင်လုံး စုတ်ပြတ်နေပါကလား၊ သွေးတို့သည် မြောင်ရေစီးနှင့် မျောပါသွားကြလေပြီဖြစ်သည်။ ယည်မြို့သည်လည်း ပေါက်ထွက်နေတော့၏။

အနည်းငယ်မျှသော သွေးရောင်တို့သာ တွေ့ရ၏။

ဝံကောင်လက်ချက်လေလား မပြောတတ်ချေ။ သားရဲကောင်တစ်ကောင်ကောင်၏ တိုက်ခိုက်ချက်ဖြစ်ပေမည်။

ဖိုးခွေးသည် ကပျာကသီပင် ထိုနားမှ လှည့်ထွက်ခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖော်ကိုင်ဖက် တရွာတည်းသားဝါးခုတ်သမားတို့ထံ ပြေးသွားခြင်း ဖြစ်တော့သည်။

✤ ✤ ✤ ✤ ✤

ပေပင်ကုန်းရွာသူကြီး ဖိုးကလဲ၏ အကူအညီတောင်းခံချက်အရ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ပဲခူးရိုးမတောင်ခြေရှိ မီးလောင်ကုန်းကျေးရွာနှင့် ဒလွယ်ခုတ်လောက်တွင်ရှိ ပေပင်ကုန်းရွာလေးသို့ ရောက်ခဲ့ကြပြန်တော့၏။

"ဘယ်လိုဖြစ်ရတာတုန်း ဦးဖိုးကလဲရယ် ပြောပါဦး. ."

သို့ ကျွန်တော်ကမေးလိုက်သည်တွင် . .

"လွန်ခဲ့တဲ့ တစ်လကျော်လောက်က ကျုပ်ရွာက ဖိုးထောင် ဝါးခုတ်သွားရင်း ဘာသားရဲကောင် ဒုက္ခပေးသွားလဲ' မသိဘူး သေသွားရှာတယ်"

"ဝံကောင် နို့မှမဟုတ်. . ကျား . . ကျားသစ် ဖြစ်မှာပေါ့"

လင်းမြင့်လှိုင်က ပြောလေသည်တွင် သူကြီးသည် ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"မဖြစ်နိုင်ဘူး ရွာနီးချုပ်စပ်က မုဆိုးကျော်တွေ အခင်းဖြစ်တဲ့ နေရာသွားလေ့လာပြီးပြီ. . အဲဒီနားတဝိုက်မယ် ဘယ်သားရဲကောင် ခြေရာမှ မတွေ့ကြဘူး"

**"အသေအချာမရှာကြလို့ ဖြစ်မှာပေါ့"**





"ဘယ့်နှယ်ပြောပါလိမ့် . . သိပ်ရှာတာပေါ့. . ခြေရာကောက် အင်မတန်တော်ပါတယ်ဆိုတဲ့ မုဆိုးကြီးမြင့်မောင်တောင်ပါသေးရဲ့"

သို့ သူကြီးက ပြောလေသဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

နို့ဆိုလျှင်ဖြင့် အံ့ဖွယ်ကောင်းနေပါကလား။

ဝါးခုတ်သမား ဖိုးထောင်မျက်နှာကို ကုတ်ခြစ်လည်မြိုကို ကိုက်ဖဲ့သွားသည့် သားကောင်သည် မည်သည့်သားရဲကောင်ဖြစ်နိုင်မည်နည်း။

"**တစ်ဦးတစ်ယောက်က** သားရဲကောင်လို့ထင်ရအောင် ဒဏ်ရာဒဏ်ချက်လုပ်ထားခဲ့ပြီး သတ်ဖြတ်သွားတာကော မဖြစ်နိုင်ချေဘူးလား"

သို့ ကျွန်တော်က တွေးတွေးဆဆမေးလိုက်၏။

"အဲဒါတော့ ကျုပ်လဲ မပြောတတ်ဘူး မုဆိုးကြီးမြင့်မောင် တွက်ဆသလို သားရဲကောင်တစ်ကောင်ဖြစ်တာတော့ သေချာတယ်တဲ့ နို့ပေမင့် ဘာသားရဲကောင်လဲဆိုတာတော့ သူတပ်အပ်မပြောနိုင်ဘူးတဲ့"

"အဲဒီတုန်းက သူ့အလောင်းနားမယ် ခြေရာမရှိတောင်မှ ထူးခြားတဲ့ တစုံတရာ ဆိုပါစို့ဗျာ. . လူ့အသုံးအဆောင်ပစ္စည်း သူ့ပစ္စည်း မဟုတ်တာပေါ့ဗျာ အဲ. . တွေ့မိသေးလား"

လင်းမြင့်လှိုင်က မေးလေသည်တွင် သူကြီးဦးဖိုးကလဲ တချက် စဉ်းစားလိုက်ပြီး . . .

"အဲ. . တခုတော့ရှိတယ် . . မျောက်သေလေးတစ်ကောင် တွေ့တယ် ဦးခေါင်းနှစ်ခြမ်းကွဲပြီးသေနေတာ . . အဲဒီမျောက်ကလည်း ဖိုးထောင်သတ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူကြီးဘယ်လိုလုပ်ပြောနိုင်သလဲ"

"မုဆိုးမြင့်မောင်ပြောတာပဲ. . ဖိုးထောင်ရဲ့ ဝါးခုတ်ဓားမယ် သွေးစွန်းနေတယ်တဲ့. . ပြီးတော့ ဖိုးထောင်ရဲ့ ဦးကင်းဆံပင်မယ် မျောက်ဦးနှောက်ဖတ်တွေ ကပ်နေတာ တွေ့ရတယ်တဲ့. . အဲလိုပြောတာပဲ"

သူကြီးစကားဆုံးသည်နှင့် ကျွန်တော်သည် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း . . .

"ဖြစ်နိုင်ပါတယ် . . မျောက်ကောင်လေးကို မြေပြင်ပေါ် တွေ့လိုက်တော့ ဖိုးထောင်က ရုတ်ခြည်းပြေးခုတ်လိုက်တာဖြစ်မယ်ပေါ့ အနီးကပ် ခုတ်ရတော့ကာ သူ့မျက်နှာဦးခေါင်းတဝိုက် သွေးနဲ့ဦးနှောက်တွေ ပေကျံကုန်ခဲ့တာ ဖြစ်မပေါ့"

"ကဲ. . ဖထီဒီလောက်သိရလျှင်ဖြင့်ရပြီ အစိကကျွန်တော်တို့က ဘာလုပ်ပေးရမှာတုန်း"

သို့နှယ် လင်းမြင့်လှိုင်က မေးလိုက်သည်တွင် . . .

"ဘာကောင်လက်ချက်မှန်းမသိတော့ကာ. . ရွာသားတွေ ဘယ်သူမှ တောထဲမဝင်ရဲကြတော့ဘူးလေ"

"ဘာကြောက်စရာရှိတုန်းဗျာ. . ဖိုးထောင်အဲလိုသေရပြီး နောက်ပိုင်း တောတက်တဲ့သူတွေ ဘာတွေဖြစ်၊ ကြုံရသေးလို့လဲ"

"ဖိုးထောင်သေပြီးနောက်ပိုင်း ဝါးခုတ်သမား တစ်ယောက်နှစ်ယောက် အရဲစွန့်ပြီး သွားကြသေးတယ်"

"ပြောပါဦး . . ဘာဖြစ်ကြသေးလို့လဲ"

ကျွန်တော်ကမေးလိုက်သည်

သည်တွင်သူကြီးက အဖန်ရေတစ်ခွက်ငုံ့သောက်လိုက်ပြီး . .





"သူတို့စခန်းချတဲ့ . . . ညဥ့်သန်းခေါင်ယံမှာပဲ . . . . . မျောက်ကောင်တွေရဲ့ ဆူဆူညံညံအသံတွေကြားရတယ်တဲ့. . ကြောက်လန့်တကြား အော်ဟစ်သံတွေ မာန်ဖီတိုက်ခိုက်သံတွေ ဝရုန်းသုန်းကား ပြေးလွှားသံတွေ စုံလို့ပဲတဲ့ သူတို့ဝါးခုတ်သက်တမ်းမယ် တကြိမ်တခါမှ အဲလိုမျိုး မကြုံဖူးဘူးတဲ့"

"အင်း . . နို့ဖြင့် အဲဒီညက မျောက်အုပ်ထဲ ရန်သူသားကောင် တစ်ကောင်ကောင် ရောက်လာလို့ဖြစ်မယ်ပေါ့"

"အဲဒါကြောင့်ပေါ့. . မျောက်တစ်အုပ် ကြောက်လန့်တကြား ဖြစ်အောင် ဘယ်လိုသားကောင်မျိုးပါလိမ့်ဆိုပြီး သူတို့ပါထိတ်လန့်သွား ကြတာလေ. . နောက်နေ့မနက်စောစောပဲ သူတို့တွေပြန်ပြေးလာကြ တော့တယ်"

"အင်း . . သည့်နောက်ပိုင်း ဘယ်သူမှ တောထဲမဝင်ကြတော့ ဘူးပေါ့"

ကျွန်တော်ကပြောလိုက်ရင်း လင်းမြင့်လှိုင်ထံမှ အရက်ပုလင်း ကို လှမ်းတောင်းလိုက်၏။

"ဟာ. . ဆရာလေးနေနေ. . ဆရာလေးတို့နှစ်ယောက် သောက်တတ်မှန်းသိလို့ ကျုပ်စီစဉ်ထားပြီးပါပြီ"

သို့နှယ်ပြောလျက် သူ့နောက်ဘက် အိမ်တိုင်နောက်ကွယ်တွင် ထောင်ထားသည့် အရက်ပုလင်းကို လှမ်းယူလိုက်ပြီး . . .

"မုဆိုးမြင့်မောင် ဥက္ကံမြို့ထဲဆင်းတုန်းက ကျုပ်မှာထားတာ၊ ဂရင်းရှိုင်ရယ်ဝီစကီ ရွှေပတ်လေ"ဟုပြောလျက် ကျွန်တော့်ကို လှမ်းပေး လေ၏။

"အင်း . . ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် ကျွန်တော်တို့သည် သူကြီးဦးဖိုးကလဲ ကြိုတင်စီစဉ်ထားသည့် ကြက်သားကြော်နှင့် မျောက်ချေးခါးတို့ကို အမြည်းလုပ်သောက်လိုက်ကြ၏။

သို့ စားရင်းသောက်ရင်းမှ . . .

"နက်ဖြန် ခပ်စောစောခရီးထွက်မယ် လမ်းပြတစ်ယောက်ထည့်ပေးပါ"

သို့ ကျွန်တော်ကပြောလိုက်သည်တွင် သူကြီးဦးဖိုးကလဲသည် သူ၏သားဟုထင်ရသော အိမ်တွင်းမှ ကောင်လေးတစ်ယောက်ကို လက်ယပ်ခေါ်လိုက်ပြီး . .

"ဖိုးခွား . . ရွာထဲသွား 'ဖိုးခွေး'ကို ခေါ်ချေ"

သူကြီးစကားဆုံးသည်နှင့် အသက်အားဖြင့် ဆယ်နှစ်ခန့်သာရှိမည်ထင်ရသည့် ကောင်လေးသည် အိမ်ပေါ်မှဆင်းသွားလေတော့သည်။

အတန်ကြာတွင် ကောင်လေးတစ်ယောက်ထဲပြန်ရောက်၏။

"အပါး . . ဦးဖိုးခွေးမရှိဘူး မီးလောင်ကုန်းရွာသွားတယ်တဲ့"

"အဲလိုဆိုလဲ ပြီးကောကွာ မနက်ကျ ငါပဲလိုက်သွားမယ်"

သို့သူကြီးကပြောလိုက်သည်တွင် ကောင်လေးသည် ကပျာကသီအိမ်ပေါ်ပြေးတက်လာပြီး သူကြီးဦးဖိုးကလဲနား ကပ်ထိုင်လိုက်ပြီး လေသံသဲ့သဲ့ဖြင့် . . .

"ဦးဖိုးခွေးမရှိဘူးလို့ သူ့မိန်းမကြီးကသာပြောတယ် ဖိုးခွား သူတို့ခြံထဲဝင်လိုက်ကတည်းက ဦးဖိုးခွေးကို တွေ့လိုက်တယ်အပါး၊ အလကား လိမ်ပြောလိုက်တာ၊ တောထဲလိုက်ရမှာကြောက်လို့လားမှ မသိတာ"





"ဟေ"

သို့ ကောင်လေးပြောလာသည့်စကားကြောင့် ဦးဖိုးကလဲ မျက်စိမျက်နှာပျက်သွားတော့၏။ သည့်နောက် အံကိုတချက်ကြိတ်လိုက်ပြီး . . .

"မိန်းမရေး မင်းကိုယ်တိုင်သွားစမ်းကွာ . . ဖိုးခွေးမိန်းမကို ပြောလိုက် ဖိုးခွေးကို ခုလွှတ်လိုက်ဖို့ ငါပြောခိုင်းတယ်ပြော . . ဘယ်ကိုသွားသွား အရောက်လာဖို့ အရေးကြီးတယ်လို့ အေး . . ဒီညမှ နင့်ယောကျ်ားရောက်မလာလျှင် နောက်နေ့မယ် . . နင့်ယောကျ်ားကို ဖိုးထောင်သေမှု မသက်ာလို့ ဖမ်းချုပ်တော့မယ်လို့ပြော ဟုတ်လား . ."

သို့နှယ်ပြောပြီး သူကြီးဦးဖိုးကလဲသည် ကျွန်တော်တို့ဘက် မျက်နှာပြန်မူလိုက်ပြီး . . .

"အဲဒါသာကြည့်ဗျာ . . တောထဲသွားရမှာကို ကြောက်ကြတာ"ဟုပြောလေသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်၍ ပြုံးပြလိုက်မိတော့သည်။

သည့်နောက် မျှားမကြာမီအချိန်ကလေးတွင် သူကြီးမိန်းမပြန်ရောက်လာတော့၏။ သူနှင့်အတူ လူလတ်ပိုင်းတစ်ယောက်ပါလာလေ၏။

ဖိုးခွေးပင်ဖြစ်ချိမ့်မည်။

"သူကြီး . . ကျွန်တော်စောလေးကတင်ပြန်ရောက်တာ"

သို့သာပြောလာငြား ထိုသူ၏မျက်နှာသည် မူပျက်နေချေတော့၏။

ကောင်လေးသည် ထိုသူ့ကို ကြည့်ပြီး မျက်နှာကို မဲ့လိုက်ကာ "ဟွန်း မသိတာမှတ်လို့ ဘယ်မှလဲသွားတာမဟုတ်ဘဲနဲ့ မသိတာမ[illegible]လို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးတိုးရေရွတ်ပြောလိုက်ပြီး အိမ်ထဲဝင်သွားတော့၏။

လူလည်ကောင်လေးကို ကြည့်၍ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ပြုံးလိုက်မိသေးတော့၏။

"မင်းသူငယ်ချင်း ဖိုးထောင်ကို သတ်တဲ့တရားခံကို ဖော်ထုတ်ပေးမယ့်သူတွေပဲ . . အဲဒါမင်းနက်ဖြန် နံနက်စောစော ဒီဆရာလေးတို့ကို လမ်းလိုက်ပြချေ . . ဟုတ်လား"

သည်သို့ဖြင့် ကျွန်တော်တို့သည် နောက်တနေ့စောစောတွင် လမ်းပြဖိုးခွေးနှင့်အတူ သူကြီးအိမ်မှ ထွက်ခဲ့ကြတော့သည်။

သူကြီးကကျွန်တော်တို့အတွက် ကြက်သားကြော်များကိုပင် ထည့်ပေးလိုက်သေးတော့၏။

ကျွန်တော်တို့ စခန်းမှ ထွက်ခဲ့ကြသည်တွင် ညနေခင်းအချိန်မှာပင် ဖိုးခွေးနှင့်ဖိုးထောင်တို့ ဝါးခုတ်စခန်းချတဲသို့ ရောက်လာကြတော့၏။

ထိုနေရာလေး၌ နားနေလိုက်ကြပြီး မြောင်ဝတွင်း ဖိုးထောင်သေဆုံးနေသည့်နေရာသို့ သွားလိုက်ကာ အတန်ကြာကြာလေး အကဲခတ်မိကြသေး၏။

အချိန်ကြာပြီလဲဆိုတော့ မည်သည့်ထူးခြားမှုမျှ မတွေ့ကြချေ။

"မျောက်ကောင်က မြေပြင်မှာ ရှိနေတယ်ဆိုတော့ မဟုတ်မှလွဲချေဗျာ . . ဒီကောင်လေး ဒီအပင်ကြီးပေါ်က ခြေချော်လက်ချော်ကျလာတာပဲဖြစ်နိုင်တယ်"

နံဘေးမြောင်ကမ်းစောင်းပေါ်တွင် ပေါက်နေသည့် ထိန်ပင်ကြီးကို မော့်ကြည့်၍ လင်းမြင့်လှိုင်ကပြောလေ၏။

"ဒီကောင်လေး . . ခုန်လွှားလွှဲခို အပင်ကူးပညာသင်ယူနေတုန်း မတော်တဆပြုတ်ကျလာရတာဖြစ်မယ်"





ကျွန်တော်၏ထင်မြင်ချက်ကို ပြောလိုက်ပြန်သည်။ နို့ပေမင့် ...းထောင်ကို ဘယ်လိုသတ္တဝါကောင် ရက်ရက်စက်စက် ကိုက်ဖဲ့ကုတ်ခြစ်သွားသည်ကိုတော့ဖြင့် မမှန်းဆတတ်ပါချေ။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ထိုနေရာတဝိုက်စေ့စပ်သေ...ာအာရုံစိုက်ကြည့်နေကြချိန်တွင် လမ်းပြအဖြစ် လိုက်လာသည့် ဖိုးခွေး ...စ်ယောက်ဂဏာမငြိမ်ဖြစ်နေသည်ကြောင့် . . .

"ကိုလင်း ဖိုးခွေးကြည့်ရတာ တခုခုကို စိုးရိမ်ကြောက်လန့်နေ...ပဲဗျ" ရယ်လို့ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က သွားတက်လေး ...ပေါ်ရုံပြုံးလာပြီး . .

"ဘာရယ်မဟုတ် . . ကြောက်တာသက်သက် ဖြစ်မှာပါဗျာ"

ထိုနေရာလေးတွင် မှောင်ရိပ်သန်းလာချေပြီဖြစ်၍ စခန်းတဲသို့ ...ြန်ခဲ့ကြတော့၏။ မြောင်ဝအထွက် ပုဂံချောင်းတဖက်ကမ်းနံဘေးတွင် ...ပေါက်လျက်ရှိသည့် ကျွန်းပင်ပျိုအောက်တွင် ဂျီ(ချေ)တစ်ကောင်လှမ်း...တွေ့ လိုက်သည်ကြောင့် မြောင်တွင်းပြန်ဝင်လိုက်ကာ အကာအကွယ်ပြု...လိုက်၏။

တော်သေးရဲ့ . . ဂျီ(ချေ)ကောင်က ကျွန်တော်တို့ကို မမြင်။

"ချောက်"

လင်းမြင့်လှိုင်က သူ့သေနတ်ကို မောင်းတင်လိုက်သည်ကြောင့် ကျွန်တော်သည် အသာငြိမ်နေလိုက်တော့၏။

ကျွန်းပင်အောက်မှ ဂျီ(ချေ)သည် "ပီးစ်" "ပီးစ်"ရယ်လို့ အော်...စ်ရင်း သူ့နောက်ဘက်ရှိ တောတန်းလေးအတွင်း သမင်လည်ပြန်...ကြည့်နေလေခြင်းအားဖြင့် သူ့အပြင် အခြားတစ်ကောင်ရှိနိုင်သေးသည် ...ဟု တွက်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နည်းတူ လင်းမြင့်လှိုင်သည်လည်း တွက်ဆမိပုံရ၏။ သို့ကြောင့် ဂျို(ချေ)ကောင်လေးကို ပစ်ခတ်ခြင်းမပြုလေဘဲ အချိန်ကြာကြာချိန်ရွယ်ထားပုံရချေ၏။

ဟာ. . ဟုတ်ပြီ ကျွန်တော်တို့ထင်ထားသလို ထိုဂျို(ချေ) ကောင်လေးနားသို့ လွန်စွာမျှကြီးမားသော ဂျို(ချေ)ဖိုကြီးတစ်ကောင် ရောက်လာတော့၏။

"အကောင်ကြီးပဲ ပစ်ချေရော့မယ့်"ဆိုလျက် လင်းမြင့်လှိုင်သည် ဂျို(ချေ)ကောင်လေးထံ ဦးတည်ထားသည့် သေနတ်ပြောင်းဝကို ဂျို(ချေ)ဖိုးကြီးထံသို့ ရွှေ့လျားလိုက်တော့၏။

ဂျို(ချေ)ကောင်လေးသည် ဂျို(ချေ)ဖိုကြီး၏ လည်တိုင်ကို သူ၏ ဦးကင်းဖြင့် ပွတ်သပ် ကလူကျီဆယ်နေလေ၏။

သည်တွင် လင်းမြင့်လှိုင်သည် "ဟင်း" ရယ်လို့ သက်ပြင်း တချက်ချလိုက်ပြီး . . ပစ်မှတ်ချိန်ထားသော သေနတ်ကို မြေသို့ စိုက်ချ လိုက်တော့၏။

"မပစ်ချင်တော့ပါဘူးဗျာ" ဆိုလျက် ထရပ်လာတော့၏။

ကျွန်တော်ဆိုပါလျှင်လည်း လင်းမြင့်လှိုင်နှယ် ဆုံးဖြတ်မိပေ လိမ့်မည်။

"ဝုန်း"

"အား"

"ဟင်"

"ဟာ"

သို့ တိတ်ဆိတ်ငြိမ်သက်နေသည့်အချိန်တွင် ရုတ်တရက် ပြုလ သံကြီးကြားလိုက်သည်ကြောင့် အသံလာရာနောက်ဘက်သို့ ပြိုင်တူ





လှည့်ကြည့်မိကြတော့၏။

ကျွန်တော်တို့ထင်ထားသည်မှာ မြောင်ကမ်းစပ်ရှိ သစ်ပင်ကြီး တစ်ပင် မြောင်အတွင်းပြိုလဲကျလာခြင်းဖြစ်ချိမ့်မည်ပေ့၊

လုံးဝမဟုတ်ပါချေ။

ထိန်ပင်ကြီးပေါ်မှ ကြီးမားသော သစ်ကိုင်းခြောက်ကြီး ကျိုးကျ လာခြင်းဖြစ်၏၊

သို့ဖြစ်ရပ်ကြောင့် ဖိုးခွေးတစ်ယောက် အတော်ကလေး တုန်လှုပ် သွားပုံဖြစ်သည်။ သို့ကြောင့်လည်း ထိန်ပင်ကြီးပေါ်နှင့် ပတ်ဝန်းကျင် တဝိုက် မျက်ကလဲဆန်ပြာ ဝေ့ဝိုက်ကြည့်နေလေ၏။

တစုံတရာကို ရှာဖွေနေဟန်ဖြစ်၏၊ သို့ကြောင့် . . .

"ဘာမှမဟုတ်ပါဘူးဗျာ . . သစ်ကိုင်းခြောက်ကျိုးကျတာပါ"

သို့ကျွန်တော်ပြောလိုက်သည်တွင် ဖိုးခွေးသည် ခေါင်းကို တွင် တွင်ခါပြီး. . "မဟုတ်ဘူး . . မဖြစ်နိုင်ဘူး . . ထိန်ပင်ကြီးပေါ်မယ် မဲမဲ သတ္တဝါကြီးတစ်ကောင်ကို ရိပ်ခနဲတွေ့လိုက်တယ်. . နာနာဘာဝလေ များလားမသိဘူး. . ဖိုးထောင်များ မကျွတ်မလွတ်သရဲဖြစ်ပြီး ထိန်ပင် ကြီးပေါ် မှီနေတာလား မသိဘူး"

"ဘယ်လိုဖြစ်နိုင်မှာလဲ ဖိုးခွေးရယ် ငါတို့က မုဆိုးတွေပါ မင်း လောက်တော့ဖြင့် မသာတောင်မှ မညှ့်နိုင်ပါဘူးကွာ. . ငါတို့နှစ်ယောက် လည်း အသံကြားကြားခြင်းလှည့်ကြည့်ကြတာပဲ. . . မင်းမြင်လျှင် ငါတို့ လည်းမြင်ရမှာပေ့ါ. . . မင်းအမြင်မှားအထင်မှားတာဖြစ်ပါလိမ့်မယ်ကွာ ကဲ. . လာ စခန်းပြန်ကြစို့"

ဖိုးခွေးသည် ကျွန်တော်တို့ နောက်ပါးမှ ကပ်ပါလာခဲ့ရ‌ြငြား နောက်ဘက်သို့သာ လှည့်လှည့်ကြည့်နေရှာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် မသိလိုက်ဘာသာ နေလိုက်ကြတော့သည်။

"ဟာ. . ဟိုမယ်. . ဟိုမယ်. . မဲမဲကောင်ကြီး . . . မဲမဲကောင်ကြီး"

ကျွန်တော်တို့နောက်မှနေ၍ အလန့်တကြားအော်ဟစ်လာသဖြင့် ကျွန်တော်တို့နှစ်ယောက်သည် မနေသာ နောက်ဘက်မြောင်းအတွင်း လှည့်ကြည့်လိုက်ကြ၏။

ဘာကောင်မှမတွေ့ပါကလား။

သို့ပေမင့် ရေအတွင်းနင်းလျှောက်ဖြတ်ပြေးသွားသံ သဲ့သဲ့ကိုတော့ဖြင့် ကြားလိုက်ရသည်ကြောင့် နောက်သို့ပြန်လှည့်အပြေးကလေးသွားလိုက်၏။ မြောင်းကွေ့လေးနားသို့ ပြေးလွှားသွားလိုက်ခြင်းဖြစ်၏။

"ဟင်"

ဘာမှ၊ ဘာကောင်မှ မရှိပါကလား။

ရေတွင်းဖြတ်လျှောက်သွားသည့် အသံရှင်သည်လည်း မရှိချေပြီ။ မည်သည့်သားကောင်ဖြစ်စေ ကြားလိုက်ရသော ရေတွင်းဖြတ်လျှောက် ပြေးလွှားသွားသည့် အသံရှင်သည် အဲဒီလောက်မျက်ခြေပြတ်လောက်အောင် မြန်နိုင်လိမ့်မည်မဟုတ်။

သို့ကြောင့် နံဘေးမြောင်းကမ်းပါးပေါ် ခိုတက်သွားလေသည်လား လှေလာဆန်းစစ်ကြည့်လိုက်ပြန်သည်။

မတ်စောက်သော မြောင်းကမ်းသာဖြစ်ချေ၏။

မည်သည့်သားကောင်မျှလည်း တက်သွားဟန်မမြင် မည်သည့်သားကောင်မျှ တက်သွားနိုင်ရန် လမ်းကြောလည်းမရှိချေ။

"ကျွန်တော်ထင်သလိုများ ဖြစ်နေသလားမသိ"

ဖိုးခွေးက ပြောလာတော့၏။





သည်နောက် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မကျေမနပ်ဖြင့် ထိုမြောင်းလေးမှ ပြန်ထွက်ခဲ့ကြတော့၏။

ကျွန်တော်တို့နှစ်ယောက်သည် ပြန်လမ်းတလျှောက် မည်သည့်စကားမျှမပြောကြသလို နောက်မှ ကပ်လိုက်လာသော ဖိုးခွေးသည်လည်း ငြိမ်သက်လို့နေချေတော့သည်။

စခန်းပြန်ရောက်သည်တွင် အတော်မှောင်နေချေပြီဖြစ်၏။

သို့ကြောင့် ကျွန်တော်သည် ထင်းမီးပုံကို မီးတို့လိုက်တော့သည်။ သို့လုပ်နေခြင်းကို ဖိုးခွေးက ဝင်ကူလေ၏။

လင်းမြင့်လှိုင်သည် စခန်းတဲပေါ်တွင် သူ၏ကျောပိုးအိတ်ကြီးနှင့် ဘာတွေအလုပ်ရှုတ်နေလေသည်မသိ။

မီးတောက်မီးလျှံဖြစ်လာသည်တွင် ကျွန်တော်သည် လင်းမြင့်လှိုင်ရှိရာ စခန်းတဲပေါ် တက်ထိုင်လိုက်၏။

အရံသင့်ယပဲကလား။

ဝါးကြမ်းခင်းတဲပေါ်တွင် ဝီစကီပုလင်းနှင့် ဝါးခွက်တို့အပြင် သူကြီးထည့်ပေးလိုက်သည့် ကြက်သားကြော်တုံးများ ရောက်နှင့်နေပြီးဖြစ်တော့၏။

"ချမ်းစိမ့်စိမ့်ဖြစ်နေတယ်ဗျာ"ဆိုလျက် လင်းမြင့်လှိုင်သည် ဝါးခွက်တို့အတွင်း ဝီစကီများကို တစ်ပက်ခန့်စီ လောင်းထည့်လေတော့၏။

ဖိုးခွေးသည် အလိုက်သတိ ဝါးဆစ်ဗူးဖြင့် ရေသွားခပ်လာလေသည်။

"မင်းရော . . ချကွာ" ဆိုလျက် လင်းမြင့်လှိုင်သည် ဖိုးခွေးကို အရက်တစ်ခွက်ကမ်းပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ကျွန်တော်တို့သည် ဝီစကီသောက်ရင်း အမြည်း
စားရင်း ထွေရာလေးပါး ပြောနေကြတော့၏။

ထိုထွေရာလေးပါးဆိုရာတွင် ဖိုးထောင်ကိစ္စအများဆုံးပြေ
ဖြစ်ကြသလို ဖိုးခွေးကိုလည်းသိလိုသည်များ အများအပြား မေးလိုက်
ကြ၏။

"မင်းစိတ်ထင် ဖိုးထောင်သေရတဲ့ကိစ္စပြောစမ်းကွာ"

သို့နှယ် လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် ဖိုးခွေးသည်
တချက်ငိုင်တွေသွားသည်တွင် ကျွန်တော်ကရုတ်တရက်ဆိုသလို. .

"တစုံတယောက်က လုပ်ကြံသတ်ဖြတ်သွားတာကော မဖြစ်
နိုင်ပေဘူးလား"ဟုမေးလိုက်၏။

ဖိုးခွေးသည် တည်ငြိမ်စွာ ခေါင်းကိုခါရမ်းလိုက်ပြီး. .

"သားရဲကောင်တစ်ကောင်လက်ချက်ဆိုတာတော့ အတတ်
ပြောနိုင်တယ်. . အင်း. . ဘယ်လိုသားကောင်ဆိုတာတော့ မပြောတတ်
ဘူး"

သူ၏ပြောဟန်. . သူ၏အမူအယာ ကြည့်ခြင်းအားဖြင့် သူ
စကားကို ကျွန်တော်အကျွမ်းမဲ့လက်ခံလိုက်တော့သည်။ လင်းမြင့်လှိုင်
သည်လည်း ကျွန်တော့်လိုပင်ဖြစ်ချိမ့်မည်ဟု ထင်ပါသည်။

"ကဲ. . အိပ်ကြစို့ကွာ"

ဝီစကီတစ်ပုလင်းလည်းကုန် အမြည်းလည်းမရှိတော့ပြီကြော
လင်းမြင့်လှိုင်က သို့နှယ်ပြော၍ ဝါးတဲကြမ်းခင်းပေါ်တွင် လှဲချလိုက်တော့
၏။

"ကျွန်တော်ထင်းမီးထပ်ထည့်ချေဦးမယ်"

သို့ဆိုလျက် ဖိုးခွေးသည် တဲပေါ်မှ ဆင်းကာ မီးပုံနားသွားလေ





တော့၏။

ကျွန်တော်သည်လည်း ထိုင်ရသည်မှာ ညောင်းညာနေသည်
ဖြစ်၍ တဲပေါ်မှဆင်းကာ ခြေဆန့်လက်ဆန့် လုပ်လိုက်တော့၏။

"ဟင်"

တဲနံဘေး သစ်ပင်ကြီးပေါ်တွင် သတ္တဝါတစ်ကောင်ရှိနိုင်
လောက်၏။ ဘယ့်တွက်မူ အသက်ရှူသံနှင့် သစ်ကိုင်းလှုပ်ခတ်သံကြောင့်
ဖြစ်သည်။ သို့ကြောင့် သေနတ်ကို ကောက်ယူ၍ သစ်ပင်ပေါ်ရှိသား
ကောင်ကို မော့၍ ရှာဖွေကြည့်နေလိုက်၏။

"အလို"

သစ်ကိုင်းသစ်ခက်ကြားတွင် မဲမဲသဏ္ဌာန်ကိုတွေ့လိုက်ရ၏။

မျောက်ကောင်လေလား၊ သို့တွက်ကာ လက်တွင်းရှိသေနတ်
ဖြင့် ထိုးချိန်လိုက်သည်။

မဲမဲသဏ္ဌာန်သည် အခြားတနေရာသို့ လွှဲပြောင်းသွားခြင်းမရှိ။

ကြည့်ရင်းနှင့်ပင် ထိုသဏ္ဌာန်ရှိနေသည့် သစ်ကိုင်းသည် ပို၍
လှုပ်ခတ်လာတော့၏။ ကျွန်တော့်စိတ်မှထင်နေခြင်းကြောင့်ပေလား
မသိ။

မည်သည့်အကောင်ရယ်တော့ဖြင့် ကွဲကွဲပြားပြား မသိရသေး
ချေ။

ကိစ္စမရှိချေပြီ၊ လူတစ်ယောက်မဟုတ်နိုင်သည်တော့ သေချာ
၏။ သို့ကြောင့် သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်တော့မည်
ပြုလုပ်တွင် . . .

"ကိုယ့်ဆရာ . . ဖိုးထောင်လိုဖြစ်သွားချင်လား"

သို့နှယ်အသံသြသြကြီးကြောင့် ထိတ်လန့်သွားရသည်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း"

သေနတ်ကျည်သာထွက်သွား၏။ ပစ်မှတ်လွဲချော်သွားပုံတော့ရ၏။

သို့ကြောင့် ကျွန်တော်သည် မကျေမနပ်ဖြင့် သို့ပြောလာသူကို လှည့်ကြည့်လိုက်သည်။

"ဟာင်"

ဖိုးခွေးဖြစ်နေပါကလား။

မျက်ထောက်နီးကြီးဖြင့် ကျွန်တော့်ကိုကြည့်ကာ ပြောနေခြင်းဖြစ်၏။

ကျွန်တော်သည် လွန်မင်းစွာဒေါသထွက်သွားတော့သဖြင့် သေနတ်ပြောင်းဖြင့် သူ့ရင်ဘတ်ကို ထောက်ကာ တွန်းလိုက်သဖြင့် သူသည်နောက်သို့ အနည်းငယ်ယိုင်သွားပြီး . . .

"ကျွန်တော် . . ကျွန်တော် . . ဘာမှ မပြောရပါကလားဗျာ" ရယ်လို့ တုန်ရီစွာသော လေသံဖြင့် ခယတောင်းပန်ပြောလာချေတော့၏။

ဟင် . . ဘယ်လိုပါလိမ့်။

စောစောက လေသံတမျိုး၊ ပုံစံတမျိုး။

ခုတော့ သူဘယ်လိုဖြစ်သွားပြန်ပါလိမ့်။

ကျွန်တော်သည် သူ့ကို တွန်းဖယ်၍ စခန်းတဲပေါ် ပြန်သွားတက်လိုက်တော့၏။

လင်းမြင့်လှိုင်တစ်ယောက် အိပ်ပျော်နေလေပြီဖြစ်သည်။

ကျွန်တော်သည် စိတ်တိုဒေါသထွက်သွားမိသည်တော့အမှ သို့ပြား ဖိုးခွေးကိုလှမ်းကြည့်လိုက်သည်တွင် ထိုနေရာလေးမှာပင် မျက်နှာ





ငယ်လေးဖြင့် ရပ်နေသည်ကို တွေ့ရသဖြင့် သနားသွားမိ၏။

တဲပေါ်သို့လည်း လာတက်မအိပ်ရဲဖြစ်နေ၏။ သို့ကြောင့် ကျွန်တော်သည် လဲလျောင်းနေရာမှ ပြန်ထလိုက်ပြီး တဲပေါ်မှ ဆင်း၍ ဖိုးခွေးထံသို့သွားကာ ပုခုံးကို ဖက်လိုက်ပြီး . . .

"ငါစိတ်ဆိုးလို့ပြောမိတာပါ၊ လာ အိပ်ချေတော့" ဟုဆိုလျက် တဲပေါ် ပြန်ခေါ်လာခဲ့တော့၏။

"ကျွန်တော် . . ဆရာလေးကို ဘာပြောမိလို့လဲဗျာ"ဟူ၍ ထပ်ပြန်သလဲပြောနေခြင်းကြောင့် ကျွန်တော့်ကိုယ်ပင် အံ့သြမိသေးတော့၏။

တစ်ဦးတစ်ယောက် သို့မဟုတ် တစုံတခုဇောဖြင့် မှားယွင်းနေချေပြီ ဖြစ်ချိမ့်မည်။

"ကဲပါ . . ဖိုးခွေးရယ် ငါမူးလို့ပြောလိုက်မိတာပါ . . အိပ်ချေတော့ကွာ . . "ဟု ပြောလျက် ကျွန်တော်သည်လည်း တဘက်စောင်းလှည့် မျက်လုံးအစုံကို မှိတ်လိုက်လေတော့သည်။

အတန်ကြာတွင် အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ။

"အား . . အား . . အမလေး"

"အား"

ကြောက်လန့်တကြား အော်ဟစ်သံကြီးကြောင့် ကျွန်တော်သည် ဖျတ်ခနဲနိုးလာရတော့၏။

လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်လိုပင်။

"ဘာဖြစ်တာလဲ . . ဘာသံလဲ"

တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးခွေးတစ်ယောက်ကော"

"ဟာ. . ဟိုမယ်. . ဖိုးခွေးမဟုတ်လား"

သေနတ်ကိုယ်စီကိုင်၍ တဲပေါ်မှ ဆင်းသွားလိုက်ကြသည်။

ဖိုးခွေးသည် မြေပြင်တွင် လဲကျနေ၏။ သို့ကြောင့် ကပျာကသီ ဆွဲပွေ့လှုပ်ခါလိုက်ရင်း . . .

"ဖိုးခွေး. ဖိုးခွေး. . ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ"

ဖိုးခွေးတစ်ယောက်ထိတ်လန့်တကြားဖြစ်ကာ မေ့မျောသွားခြင်းဖြစ်တော့၏။ အတန်ကြာတွင် သတိပြန်ရလာတော့၏။

"ဘယ်လိုဖြစ်ရတာလဲကွာ"

သို့နှယ်ကျွန်တော်က မေးလိုက်သည်တွင် ဖိုးခွေးသည် ကြောက်လန့်တုန်လှုပ်စွာဖြင့် သစ်ပင်ကြီးပေါ် လက်ညွှန်ပြလေသဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ပြိုင်တူမော့ကြည့်လိုက်ကြသည်။

အရုဏ်ပင်လာချေပြီဖြစ်သည်ကြောင့် သစ်ရွက်သစ်ခက်သစ်ကိုင်းတို့ကို ပြတ်ပြတ်သားသားမြင်ရချေပြီဖြစ်၏။

"ဘာမှမတွေ့ပါကလား"

"မင်းဘာကို မြင်လိုက်လို့လဲ ပြောစမ်းကွာ"

သည်တွင် ဖိုးခွေးသည် ကျွန်တော်တို့ကို အံ့သြတကြီးကြည့်ရင်း

"ကျွန်တော် အလေးအခင်းသွားချင်တာနဲ့ ဒီအပင်အောက်လာထိုင်တာ ဘာကြောင့်လဲမသိ စိတ်ထဲမှာမသိုးမသန့်ဖြစ်နေတာနဲ့ ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာကြည့်လိုက်တယ်၊ ကြောက်ကြောက်နဲ့ ကြည့်ရတာပါ၊ ဘာမှတော့မတွေ့ပါဘူး၊ နို့ပေမင့် ကပျာကသီ အလေးအခင်းသွားပြီး ပြန်ထလိုက်ပြီး တဲဘက်ပြန်အလာမှာ ဘာကြောင့်ရယ်မသိ၊ တစ်ဦးတစ်ယောက်က ကျွန်တော့်ကို ကြည့်နေတယ်ထင်ပြီး





နောက်ကို ပြန်လှည့် သစ်ပင်ပေါ်ပြန်လှမ်းကြည့်လိုက်တယ်ဆိုလျှင်ပဲ မဲမဲအကောင်ကြီးကို သွားတွေ့တော့တာပဲ၊ ကျွန်တော်လဲ ကြောက်လန့်တကြားဖြစ်ပြီး ရှော့ခ်ဖြစ်သွားတော့တာပေါ့"

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း. . "သူ့စကားနားထောင်ပြီး လင်းမြင့်လှိုင်သည် သဘောကျစွာရယ်လိုက်ပြီး

"မင်းမြင်လိုက်တာ မျောက်ကြီးတစ်ကောင်ဖြစ်မှာပေါ့ကွာ" ရယ်လို့ပြောလိုက်သည်တွင် . .

"မျောက်မဟုတ်ဘူး. . လုံးဝမဟုတ်ဘူး ထင်းထင်းကြီးမြင်ရတာ မဲမဲအကောင်ကြီးပဲ"

သည်တခါတော့ဖြင့် ကျွန်တော်ရင်ထိတ်သွားတော့၏။

ကျွန်တော်သည်ပင် ညကထိုသစ်ပင်ပေါ်တွင် မည်းမည်းကောင်ကြီးကို ဝိုးတဝါးမြင်လိုက်ရသည်ပဲ. . ဖိုးခွေးမြင်ခြင်း၊ ပြောခြင်းကိုလည်း အကျွမ်းမဲလက်ခံရမလိုဖြစ်တော့၏။

"မင်းညကလည်း များသွားပုံရတယ် ပြီးတော့ ဒီတဲမှာ မင်းသူငယ်ချင်း ဖိုးထောင်နဲ့မင်းနေသွားဘူးတယ်ဆိုတော့ အဲဒီအသိနဲ့စိတ်ချောက်ချားပြီး မြင်မိမြင်ရာ မြင်လိုက်တာဖြစ်မှာပါ . . ကဲ. . လာ. . ငါတို့မင်းနဲ့ ဖိုးထောင်ဝါးခုတ်တဲ့ ခုတ်ကွက်ကို သွားကြစို့"

သို့ဖြင့် ကျွန်တော်တို့သည် စခန်းတဲမှ ထွက်ခဲ့ကြတော့သည်။ မြောင်အတွင်းဝင်လိုက်ကြသည်တွင် တောဝက်တစ်ကောင်တွေ့ပေပြားမပစ်ခတ်လေတော့ဘဲ ခြောက်လှန့်မောင်းထုတ်လိုက်၏။

ဘယ့်တွက်မူ မြောင်တွင်းရှိ ကျောက်ဂလိုင်လေးအတွင်း ငါးခူကြီးများတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

အသားများမစားလို၊ ငါးကိုသာစားလိုကြ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဝါးခုတ်ကွက်ကို သွားကြည့်ကြပြီးနောက် စခန်းတဲသို့ ပြန်လာကြမည်ဖြစ်၍ ငါးများကို အပြန်မှ ဖမ်းယူတော့မည်ဟုတွက်လိုက်ကြပြီး ရှေ့ဆက်လျှောက်ခဲ့ကြတော့သည်။

သည်သို့ဖြင့် ကျွန်တော်တို့သည် ဖိုးခွေးနှင့် ဖိုးထောင်ခုတ်ခဲ့ကြသည့် ဝါးခုတ်ကွက်သို့ ရောက်ခဲ့ကြတော့သည်။

မည်သို့သော ထူးခြားမှုကို မတွေ့။

ကျွန်တော်တို့သိလိုသည်မှာ ဤနေရာတဝိုက်တွင် သားရဲကောင်တို့၏ခြေရာများ တွေ့ကြလေမလားရယ်လို့ လာရှာကြည့်ကြခြင်းဖြစ်၏။

ဝံကောင် . . ကျားသစ်ကောင် သို့တည်းမဟုတ် ဟင်းကောင် (ကျား)ခြေရာတစ်ခုခုပေါ့။

ဤနေရာတဝိုက် သားရဲကောင်တို့၏ ခြေရာတွေ့လျှင် ဖိုးထောင်တစ်ယောက် ထိုသားရဲကောင်တို့၏ လက်ချက်ဖြင့် သေဆုံးရခြင်းဖြစ်နိုင်၏ဟု အနီးစပ်ဆုံး ပြောရမလိုဖြစ်၏။

ယခုတော့မူ မည်သည့်သားရဲကောင်ခြေရာမျှ မရှိ၊ မတွေ့။

သို့ဆိုပါလျှင် ဖိုးထောင်သည် ဘယ်လိုကြောင့် သို့သောဒဏ်ရာဒဏ်ချက်များဖြင့် သေဆုံးရပါသနည်း။ စဉ်းစားစရာတော့ဖြစ်ချေ၏။

"ကဲ . . စခန်းပြန်ကြမယ်"

သို့ဖြင့် စခန်းသို့ပြန်ခဲ့ကြသည်တွင် မြောင်လေးအတွင်း၌ တွေ့ခဲ့သော ကျောက်ငါးခူကြီးများကို ဖမ်းယူလာခဲ့ကြတော့၏။

ကျွန်တော်တို့သည် ထိုမြောင်လေးမှ ထွက်ခဲ့လေပြီး ပုဂံချောင်းအတိုင်း စုန်ဆင်းခဲ့ရာတွင် ချောင်းတဖက်ကမ်း တောင်ကြောပြေပြေလေးပေါ်မှ "ကွိစ် . . ကွိစ် . . ကွိစ် . . ကွိစ် . . "ရယ်လို့ ဆူဆူညံညံအသံ





ကြောင့် လှမ်းကြည့်လိုက်ကြသည်။

ထိုတောင်ကြောလေးပေါ်တွင် ဆေးခါးကြီးပင်နှင့် ချုံနွယ်င်တို့ ပေါက်လျက်ရှိ၏။ တောင်ကြောအခြေအောက်ပေါင်း ရှုတ်လှသည်လည်း မဟုတ်၊ ရှင်းလှသည်လည်းမဟုတ်။

"တောင်ကြောလေးပေါ်မယ် မျောက်လေးတစ်ကောင် သစ်ပင်ပေါ် က ပြုတ်ကျနေလို့လား၊ နို့မှမဟုတ်ရင် မြေပြင်ပေါ်မှာ ဆော့ကစားနေသလားမသိဘူး၊ သွားကြည့်ချဦးမယ်"

သို့ဆိုလျက် ဖိုးခွေးသည် သူ့လက်တွင်းမှ လှော်ကြီးဖြင့် သီယူကိုင်လာသော ငါးတွဲကို ကျွန်တော့်အားလှမ်းပေးလာပြီး တောင်ကြောလေးပေါ် တိုးဝှေ့တက်သွားလေတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ချောင်းကမ်းတွင်ပေါက်လျက်ရှိသော မျောက်ငိုပင်အောက်ခြေတွင် ရှင်းလင်းနေသည်လည်းဖြစ်၍ ဖိုးခွေးပြန်အလာကို စောင့်ရင်း နားနေထိုင်လိုက်ကြသည်။

မည်မျှမကြာလိုက်သော အချိန်ကလေးအတွင်း ဖိုးခွေးပြန်ရောက်လာတော့၏။

"ကွိစ် . . ကွိစ်၊ . ကွိစ် . . ကွိစ် . . ကွိစ် . . ကွိစ် . . "

မျောက်ငယ်လေးတစ်ကောင် သူ့လက်တွင်း ရုန်းကန်အော်ဟစ်ရင်းပါလာလေ၏။

"သစ် ကိုင်းထက်က ပြုတ်ကျနေတာဗျ"

"နို့ဖြင့် အဲဒီနေရာမယ် ပြန်ထားခဲ့ပါလား နောင်တော့လဲ သူ့ဟာသူ အပင်ပေါ် ပြန်တက်သွားနိုင်မှာပေါ့ . . နို့မဟုတ် သူ့အမေကြီး ရောက်လာပြန်ခေါ်သွားမှာပေါ့"

သို့ ကျွန်တော်ကပြောလိုက်သည်တွင် ဖိုးခွေးက



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မွေးထားချင်လို့ပါ"ဟုပြောလာသဖြင့် . .

"နို့ဖြင့်လဲ မင်းသဘောပါပဲကွာ၊ ကဲ. . လာ စခန်းပြန်ကြမယ်" ရယ်လို့ ပြောပြီး ကျွန်တော်သည် ထိုင်နေရာမှ ထလိုက်တော့သည်။

သည့်နောက် ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြ၏။

"ကွိစ်. . ကွိစ်. . ကွိစ်. . ကွိစ်. . ကွိစ်. ."

မျောက်ကလေးသည် ဖိုးခွေးလက်တွင်းမှပင် အတင်းရုန်းကန်ပါးစပ်ကိုဖြဲ၍ ဆူညံစွာ အော်ဟစ်နေလေတော့၏။

"ဖလပ်. . ဖလပ်. . ရွှစ်ရွှက်စ်. . ရှပ်. . ဖလုပ်စ်"

ကျွန်တော်တို့သည် ချောင်းအတိုင်း လျှောက်လာခဲ့ကြခြင်းဖြစ်၏။ ချောင်းကမ်းပေါ်မှ သို့နှယ်အသံကြောင့်. . အသံကြားရာ သစ်ပင်တို့အပေါ် လှမ်းကဲကြည့်လိုက်၏။

သစ်ပင်ကိုင်းတက်များပေါ်မှနေ၍ သတ္တဝါတစ်ကောင် ခုန်လွှားပြေးနေခြင်းဖြစ်၏။

ရှဉ့်ကောင်လေများလား။

သစ်ရွက်သစ်ကိုင်းတို့ လှုပ်ခတ်နေသည်များကို စေ့စေ့ကြည့်လိုက်သည်။

မျောက်များဖြစ်ချေတော့၏။

အော်ဟစ်ခြင်းတော့မရှိ၊ သစ်ပင်ကိုင်း တစ်ခုမှတစ်ခု ခုန်လွှားနိုလွှဲယောက်ယက်ခတ်နေကြခြင်းဖြစ်၏။

လင်းမြင့်လှိုင်ကသူ့လက်တွင်းရှိသေနတ်ဖြင့် ထိုးချိန်လိုက်သည်တွင် မျောက်ကောင်တို့သည် ဆူညံစွာအော်ဟစ် နိုလွှဲခုန်လွှားထွက်ပြေးသွားကြတော့၏။

သူ့စမစာပေတိုက်



"ကွိစ်. . ကွိစ်. . ကွိစ်. . ကွိစ်. ."

"ကွိစ်. . ကွိစ်. . ကွိစ်. . ကွိစ်. ."

ဖိုးခွေးလက်တွင်းရှိ မျောက်ကောင်လေးသည် ဆူညံစွာအော်ဟစ်ရုန်းကန်နေတော့၏။

ကျွန်တော်တို့ ဆက်လျှောက်ခဲ့ကြပြန်သည်တွင် သစ်ပင်တို့ထက်မှာ မျောက်ကောင်တို့သည် ခုန်လွှားလိုက်လာကြပြန်၏။

"ဒိန်း"

လင်းမြင့်လှိုင်က ခြောက်လှန့်ပစ်လိုက်သည့်တွင် ထွက်ပြေးသွားကြပြန်၏။

အတန်ကြာ ပြန်ရောက်လာကြလေမလားရယ်လို့ ရပ်စောင့်ကြည့်နေလိုက်ကြသည်။

အဝေးခပ်လှမ်းလှမ်းမှ တစ်ကောင်စ နှစ်ကောင်စလောက်သာလျှင် ကျွန်တော်တို့ကို ထိတ်လန့်တကြားဟန်ဖြင့် ကဲကြည့်နေကြ၏။

"ဒိန်း"

လင်းမြင့်လှိုင်က ထပ်ပစ်ခြောက်လှန့်လိုက်ပြန်၏။

"ကွိစ်. . ကွိစ်. . ကွိစ်. . ကွိစ်. ."ရယ်လို့ အော်လိုက်ကာ ထိုတစ်ကောင်စ နှစ်ကောင်စသော မျောက်ကောင်တို့သည် ထွက်ပြေးသွားကြလေတော့၏။

သို့ကြောင့် ကျွန်တော်တို့သည် ဆက်လျှောက်ခဲ့ကြတော့၏။

စခန်းတဲရောက်သည်တိုင် မျောက်ကောင်တို့ လိုက်မလာခဲ့ကြတော့ပေ။

စခန်းရောက်သည်နှင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ခေတ္တနားနေလိုက်ကြပြီး ရေချိုးထွက်ခဲ့ကြတော့၏။

သူ့စမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွေးသည် သူရလာသည့် မျောက်ကောင်လေးခါးကို လျှော်ကြိုးဖြင့် ချည်နှောင်၍ တဲဝါးတိုင်တွင် ကြိုးရှည်ရှည်ဖြင့် ချည်ထားလေပြီး မြောင်လေးအတွင်းမှ ဖမ်းယူလာသော ငါးကို ဗိုက်ခွဲ အူနှုတ် တံစို့ထိုးနေရစ်လေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တဲရှေ့ ခပ်လှမ်းလှမ်းရှိ ချောင်းလေးအတိုင်း အောက်ဘက်သို့ အနည်းငယ်စုန်ဆင်းလိုက်သည်နှင့် ခါးစောင်းလောက်ရေအနက်ရှိ နေရာတွင် ရေဆင်းစိမ်လိုက်ကြတော့၏။ တစ်ကိုယ်လုံးရေထိလိုက်သည်နှင့် လန်းဆန်းသွားတော့၏။

အချိန်ကြာကြာ ရေစိမ်နေလိုက်ကြပြီးနောက် စခန်းသို့ပြန်ခဲ့ကြတော့သည်၊

"ဟာ"

ချောင်းကမ်းသစ်ပင်တို့ကြား ရိပ်ခနဲပြေးလွှားသွားသည့် မဲမဲသဏ္ဌာန်ကို ဖျတ်ခနဲတွေ့လိုက်သဖြင့် သေနတ်ဖြင့် လှမ်းချိန်လိုက်သည်၊

မတွေ့တော့ပါကလား။ ဘာသံမှလည်း မကြားရ၊ မည်သည့်အရိပ်အယောင်မျှလည်း မမြင်ရတော့ချေ။ သို့ကြောင့် . . .

"ဘာကောင်လဲမသိဘူး"

"ဝံကောင်ဖြစ်မှာပေါ့"

လင်းမြင့်လှိုင်ကပြောသည်။

"မပြောတတ်ဘူး"

သို့ဖြင့် စခန်းနားသို့ ရောက်လာကြသည်တွင် ဆူညံသောအသံကြားလိုက်လေသဖြင့် နားစိုက်ထောင်ရင်း စခန်းတဲရှိရာသို့ ခပ်သုတ်သုတ် လျှောက်ခဲ့ကြတော့၏။

"ဟင်"





"ဟာ"

စခန်းတဲတွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် နှစ်ယောက်သား အံ့ဩသွားမိကြတော့၏။

"ကွိစ် . . ကွိစ် . . ကွိစ် . ."

"ခွီး . . ဂွိစ်လ် . . ကွက်စ် . . ဂွီးစ်"

မျောက်ကောင်ကြီးနှင့် ဖိုးခွေးလုံးထွေးလို့နေပါကလား။

"အား"

"အ . . အား"

ဖိုးခွေးသည် သူ့ဂုတ်ပိုးပေါ်မှ အတင်းတွယ်ကပ်နေသည့် မျောက်ကောင်ကြီးကို ကြောက်လန့်တကြား တွန်းထိုးဖယ်ရှားရင်း ပြေးလွှားရင်းကြားမှ လဲကျသွားတော့၏။ ကျွန်တော်ဘာလုပ်ရမည်နမှန်းမသိဖြစ်သွားသည်။ ငေးငိုင်သွားသည်တွင် . .

"ဒိန်း"

လင်းမြင့်လှိုင်က သူ့လက်တွင်းရှိသေနတ်ဖြင့် ခြောက်လှန့်ပစ်လိုက်လေ၏။

"ဟာ"

**မျောက်ကောင်သည် အလွန်ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိလေ**သည်ကြောင့်လား၊ တဘက်ရန်သူကိုသာ အာရုံစိုက်တိုက်ခိုက်နေရခြင်းကြောင့်လေလားမသိ။ ဖိုးခွေးကိုသာ ကုတ်ခြစ်၊ ကိုက်ခဲ တိုက်ခိုက်နေဆဲဖြစ်တော့၏။ သို့ကြောင့် ကျွန်တော်တို့သည် ထိုတိုက်ပွဲနားသို့ ပြေးလွှားသွားလိုက်ကြ၏၊

**အနား**ရောက်လုလေမှ မျောက်ကောင်သည် တိုက်ခိုက်ခြင်းကို ရပ်လိုက်ပြီး ကျွန်တော်တို့ကို လှည့်ကြည့်လာကာ . .



www.burmeseclassic.com

www.burmeseclassic.com



"ခွိးစ်. . ခွိးလ်" ရယ်လို့ ပါးစပ်ကြီးကို ဖြဲ မာန်ဖီလိုက်ကာ တိုက်ခိုက်ရန်အလို့ငှာ ပြေးလာချေတော့၏။

"ဒိန်း"

လင်းမြင့်လှိုင်သည် သူ့လက်တွင်းရှိသေနတ်ဖြင့် ရုတ်ခြည်းဆိုသလို ထိုးချိန်ပစ်လိုက်လေတော့သည်။

မျောက်ကောင်ကြီးသည် ရင်အုံပွင့်လဲကျသွားတော့၏။

"အတော်သတ္တိကောင်းတဲ့ကောင်"

သို့နှယ်ပြောလျက်. . ဖိုးခွေးထပ်ပြေးသွားကြ၏။

"ဟင်"

"ဟာ"

ဖိုးခွေးတစ်ယောက် မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် သေဆုံးသွားချေပြီကော မျက်နှာတစ်ပြင်လုံး မျောက်၏ကုတ်ခြစ်ခံထားရခြင်းကြောင့် အသားတို့ပြတ်ရှလို့နေ၏။ ဦးခေါင်းအရေသည်လည်း လန်ကျလို့နေ၏။ လည်မြိုသည်လည်းပေါက်ထွက် သွေးသံရဲရဲထွက်လျက် ရှိချေ၏။

ကြက်သည်းမွေးညှင်းပင်ထမိတော့၏။

စိတ်မကောင်းစွာဖြင့် ခေါင်းခါရမ်းလိုက်ပြီး တဲတိုင်ထော တွင် ကြိုးရှည်ရှည်ဖြင့် ချည်နှောင်ခံထားရသည့် မျောက်ကောင်လေ ကို ကြိုးဖြည်လွှတ်ပေးလိုက်တော့၏။

ကြိုးလွှတ်လိုက်သည်နှင့် မျောက်ကောင်လေးသည် သေဆုံ နေသော မျောက်ကောင်ကြီးနားရောက်သွားလေတော့၏။

"ကွိစ်. . ကွိစ်. . ကွိစ်. . ကွိစ်. ."

"ကွိစ်. . ကွိစ်. ."

သူ့စုမစာပေတိုက်



သို့နှယ် အော်ဟစ်လျက် . . .

မျောက်ကောင်ကြီးကို လှည့်ပတ်ကြည့်လိုက် နမ်းလိုက် လုပ်နေခြင်းကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မျောက်ကောင်ကြီးနားသွားလိုက်ကြ၏။

ကျွန်တော်တို့ မျောက်ကောင်သေကြီးနားရောက်လုတွင် မျောက်ကလေးသည် . .

"ကွိစ်. ."ရယ်လို့ ပါးစပ်ကို ဖြဲအော်လိုက်ပြီး လှည့်ပြေးထွက်သွားလေတော့၏။

သေဆုံးနေသော မျောက်ကောင်သည် မျောက်ကလေး၏ မိခင် မျောက်မကြီးဖြစ်ချိမ့်မည်။

ထိုမျောက်မကြီးကြည့်နေရင်း ကျွန်တော့်အတွေးတွင် အသိတစ်ခုဝင်လာချေတော့၏။ သို့ကြောင့်. . .

"ကိုလင်း. . ကျွန်တော်နဲ့ဖိုးခွေး ရိပ်ခနဲ ဖျတ်ခနဲ တွေ့. . တွေ့နေတဲ့ မဲမဲသဏ္ဌာန်ကောင်ကြီးက ဒီကောင်မပဲဖြစ်နိုင်တယ်ဗျ. . ပြီးတော့ ဖိုးထောင်သေရတဲ့ကိစ္စလက်သည်တရားခံကလည်း ဒီကောင်မကြီးပဲ ဖြစ်နိုင်တယ်၊ ဘာလို့လဲဆိုတော့ သူကြီးနဲ့ ဖိုးခွေးပြောပုံအရ ဖိုးထောင်ရလိုက်တဲ့ ဒဏ်ရာက ခု ဖိုးခွေးရလိုက်တဲ့ ဒဏ်ရာနဲ့ ပုံစံတည်းလို ဖြစ်မနေပေဘူးလား။

"သူကြီးနဲ့ ဖိုးခွေးပြောတာလဲ. . ဖိုးထောင်ရလိုက်တဲ့ ဒဏ်ရာက ခုလိုပဲဆိုကြတာလေ"

"အေးဗျာ. . သည်လိုဆိုတော့ ကျွန်တော် ဖိုးထောင်အခင်းဖြစ်တဲ့နေ့က ဒီလိုဖြစ်လိမ့်မယ်ဗျ"

သို့ဆိုလျက် . . .

✤ ✤ ✤ ✤ ✤

သူ့စုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

"ဒုတ် . . ဒုတ် . . ဒုတ် . . ဒုတ် . ."

ဖိုးထောင်သည် ဝါးခုတ်မြဲဆက်ခုတ်နေလေတော့၏၊

ဖိုးခွေးပြန်သွားပြီး အတန်ငယ်အကြာတွင် သူ ဝါးလေးငါးလုံးခန့် ခုတ်ပြီးဖြစ်တော့၏။

သူခုတ်ယူရရှိထားသော လုံးချောဝါးလုံများကို ကြည့်၍ ပီတိဖြစ်နေတော့၏။

နေဝင်လုချေပြီ။

ဝါးတောအနီးရှိ ဇင်ချွန်းပင်အောက်တွင် ခေတ္တမျှ နားနေထိုင်လိုက်ရင်း ပုဆိုးခါးပုံစတွင်းရှိ ယာကွမ်းတစ်ယာကို ထုတ်ယူမြုံဝါးနေလိုက်တော့သည်။

ကွမ်းမညက်မီ ထ၍ထိုနေရာလေးမှ ထွက်ခဲ့တော့၏။ နက်ဖြန်ခါကျလျှင် စောစောလာခုတ်ရချေဦးမည်။





သည်တကြောတွင် သူနှင့်ဖိုးခွေးအပြင် တရွာတည်းသားနတ်သူများရှိကြသေး၏။ သူကြီးတူ မောင်သိုင်းတို့အဖွဲ့ဖြစ်သည်။ လးယောက်လောက်ရှိကြ၏။

ဤနေရာသို့ သူတို့အဖွဲ့ရောက်လျှင်မလွယ်။

သို့ကြောင့်လည်း ဦးလျှင်အောင် ရနိုင်သမျှ ဝီရိယစိုက်ခုတ်နေင်းဖြစ်၏။ သူငယ်ချင်းဖြစ်သူ ဖိုးခွေးက လက်ကြောတင်းသူမဟုတ်၊ သည်ကား သူ့ကိစ္စမဟုတ်၊ ကိုယ်လုပ်မှ ကိုယ်ရမည်မဟုတ်လား၊ ထောင်သည် ထိုကြောလေးမှ ဆင်းပြီး ရေစပ်စပ်ရှိနေသေးသည့် ျာင်လေးအတိုင်း စုန်ဆင်းလာ၏။ ထိုမြောင်ပေါက်ဝသို့ ရောက်လျှင် ချောင်းမတွင်း ရောက်မည်ဖြစ်၏။ ယင်းပုဂံချောင်းကို ရောက်လျှင် တို့နှစ်ဦးနေသည် စခန်းသို့ လှမ်းမြင်ရချေပြီဖြစ်သည်၊

ချောင်းအောက်ဘက်တွင် စခန်းတဲ ရှိနေခြင်းဖြစ်သည်။ ဝေးတော့တာမှတ်လို့ . . .

သို့ဌြား . . သူထွက်လာသော မြောင်သည် မြောင်ကြပ်လေးချေတော့၏၊ သည့်ပြင် အတန်အသင့် ရှည်သော မြောင်ဖြစ်သည်။ င်းမြောင်တဘက်တချက် ကမ်းပါးယံတွင် ဆေးမြင်းခွာပင်တို့ ပေါက်က်ရှိ၏၊

ရှားရှားပါးပါး အနက်မျိုးဖြစ်ချေ၏။ ဆေးဘက်ဝင်၏။ ကြောင့် ဖိုးထောင်သည် ဆေးမြင်းခွာအုံပင်မှ သူ့စိတ်ကြိုက် နှစ်ပင်ကို ဖဲ့ယူခဲ့တော့၏။

ထိုဆေးမြင်းခွာအုံနံဘေးတွင် ရှိနေသည့် ကြက်ခြမ်းပင်မှ နီရဲရဲက်ခြမ်းသီး နှစ်အုံကိုလည်း ဖဲ့ယူလိုက်ပြန်၏။

သုတ်ကိုင်းထောင်လျှင် အသုံးပြုရန်နှင့် တို့စားရန်အလို့ငှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သည့်နောက် ဖိုးထောင်သည် ကြက်ခြမ်းသီးအုံနှစ်ခုကို ပုဆိုး ခါးပိုက်ထောင်တွင် ထည့်၍ဆေးမြင်းခွာနှစ်ချောင်းကို အရှက်မျာ သင်၍လက်မှကိုင်ခဲ့၏။ ဝါးခုတ်ဓားကိုမူ ခါးကြားထိုးလာချေ၏။

မိုးဖွဲဖွဲစဲသွားချေပြီဖြစ်ပြား . . အဝတ်ရေစိုများနှင့် လေပြေ တိုက်ခတ်လေခြင်းကြောင့် တချက်တချက် ချမ်းတုန်တက်လာ၏ မေးရိုက်လာ၏။

စခန်းရောက်လျှင် ရေနွေးပူပူတစ်ခွက်သောက်လိုက်ရမေ မည်ဟု တွက်ဆရင်း ခပ်သုတ်သုတ် လျှောက်ခဲ့တော့၏။

သို့ဖြင့် မြောင်ပေါက်သို့ ရောက်လုတွင် မြောင်ကမ်းတွ ပေါက်ရောက်နေသည့် ထိန်ပင်ကြီးပေါ်မှ သတ္တဝါတစ်ကော ရုတ်တရက် ပြုတ်ကျလာသည်ကြောင့် ဖိုးထောင်လန့်ဖျတ်သွားတော့၏။

လက်တွင်းကိုင်လာသည့် ဆေးမြင်းခွာပင်သည် ပြုတ်ကျလု မတတ်ဖြစ်သွားချေ၏။

"ဟင်"

စိုင်ကော်လို့ ခြုံပေါ်ရောက်သည့်ကိန်း ပြောရလေမလား။

မုတ်ဆိတ်ပျားစွဲချေပြီဟု ဆိုရချေမလားမသိ။

ထိန်ပင်ကြီးပေါ်မှ သူ့ရှေ့မြောင်တွင်း ပြုတ်ကျလာသည့် သတ္တ ဝါကောင်သည် မျောက်လေးတစ်ကောင်ဖြစ်ချေတော့၏။

အရွယ်အားဖြင့် နို့စို့အရွယ်ဖြစ်သည်။ မျောက်ငယ်လေးသည် အမြင့်မှ ပြုတ်ကျလာသော်လည်း မြောင်တွင်းရေစပ်စပ်ရှိနေခြ ကြောင့် သေဆုံးသွားခြင်းမရှိပေမင့် အတော်နှင့်ပြန်မထနိုင် မူးဝေ သွားပုံသာဖြစ်ချေ၏။





ဖိုးထောင်သည် ရုတ်ခြည်းဆိုသလို လက်တွင်းမှ ဆေးမြင်းခွာ င်ကို လွှတ်ချလိုက်ပြီး ခါးကြားထိုးထားလေသည့် ဝါးခုတ်ဓားကို ကပျာ ကသီဆွဲထုတ်ကာ မျောက်လေးကို ပြေးခုတ်လေတော့၏။

သူ၏ဓားခုတ်ချက်သည် မျောက်လေး၏ဦးခေါင်းသို့ဖြစ်ခြင်း ကြောင့် သွေးနှင့်ဦးနှောက်တို့ ဖြာထွက်ကာ မျောက်ကောင်လေး သေဆုံး သွားရတော့၏။

မြောင်လေးအတွင်း စီးဆင်းနေသည့် ရေတို့သည် နီရွေးသွား တော့၏။ ဖိုးထောင်၏မျက်နှာတွင်လည်း မျောက်သွေးနှင့်ဦးနှောက်တို့ ပေကျံသွားချေသည်။

ရေစီးမြောင်အတွင်း အရုပ်ကြိုးပြတ်ဖြစ်နေသည့် မျောက် ကောင်လေးကို ကုန်း၍ ကောက်လိုက်သည်တွင် . . .

"ခွီးစ်လ်"

"ဘုတ်"

"ဟာ"

"အား"

✣ ✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ. . ဖိုးခွေးအတွက်တော့ဖြင့် စိတ်မကောင်းပါ
နိုင်ပေမင့်လို့. . ရွာသားတွေ ယိတ်လန့်ကြောက်ရွံ့နေတဲ့ လူသတ်သ
ကို ဖော်ထုတ်ဖမ်းဆီးနိုင်တဲ့အတွက်တော့ဖြင့် ကျေနပ်စရာပေပဲဗျ

သည့်နောက် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူ့ဘက်
ကြည့်တော့ သူရဲကောင်းဆန်လွန်းသည့် မိခင်မေတ္တာကြီးမားလွန်းေ
မျောက်မကြီးကို ဂုဏ်ပြုသည့်အနေဖြင့် ကောင်းမွန်စွာမြေမြှုပ် သဂြိ
ပေးခဲ့ပြီးနောက် ဖိုးခွေး၏အလောင်းကို သယ်ယူပြန်ခဲ့ကြတော့သ

စာဖတ်ပရိသတ်အား အစဉ်လေး

ကြိုးစားလျ

ကို

(၅-၉-၂၀

နံနက် ၇း၀၀



## "ဝတ္ထုတိုရေးသက် နှစ် (၂၀)အမှတ်တရ"

ကျွန်တော်၏လေးစားရသော စာဖတ်ပရိတ်သတ်များကို တင်ပြလိုသော အကြောင်းလေးတစ်ခုရှိလေသည်။

ကျွန်တော့်အတွက် အမှတ်တရ ဘဝတဆစ်ချိုး မှတ်တိုင်လေးအကြောင်းဖြစ်၏။

ကျွန်တော်၏ ချစ်စွာသော စာဖတ်ပရိတ်သတ်အားလည်း သိစေချင်ပါသည်။

ကျွန်တော်သည် ကျောင်းသားဘဝကတည်းက စာတိုပေစလေးများရေးခဲ့ပါသည်။ ကလောင်နာမည်အမျိုးမျိုးဖြင့် ဖြစ်သည်။ သို့ရာတွင် ကျွန်တော်သည် ကဗျာနှင့်စာညွှန့်များသာဖြစ်ခဲ့တော့ ဖြစ်လိုသည်မှာ ကဗျာဆရာ။ ကျွန်တော်ညံ့ဖျင်းပါသည်။ ဖြစ်မလာပါ. .



www.burmeseclassic.com

www.burmeseclassic.com



ကဗျာအရေးအတွက် ဆယ်ပုဒ်မျှပင် မပြည့် ပုံနှိပ်စာလုံးဖြစ်ခွင့်သာ ရခဲ့ပါသည်။ သို့ရှိစဉ် . . .

အင်းစိန်မြို့နယ် စာပေလုပ်သားအဖွဲ့မှ ဦးစီး၍ အင်းစိန်မြို့နယ်မဂ္ဂဇင်းထုတ်ဝေရန်အတွက် စာမူများခေါ်ခဲ့ပါသည်။

ကျွန်တော်ဝတ္ထုတိုတစ်ပုဒ်ရေးပို့ရန် အာသီသရှိခဲ့ပါသည်။ ဘယ့်တွက်မူ . . .

ကျွန်တော့်အမေနှင့် ကျွန်တော့်အမေ၏မိတ်ဆွေ ဒေါ်မမကြီး ဆိုသူတို့သည် လမ်းတွင်သွားလာရင်း ခပ်ဝဝဖိုင့်ဖိုင့်အမျိုးသမီးတစ်ယောက်နှင့်ဆုံကြသည်တွင် ဒေါ်မမကြီးဆိုသူက ရိုးသားစွာ လှမ်းနှုတ်ဆက်လိုက်လေ၏။

"ဟဲ့. . ညည်းလှလို့ ဝလို့ပါကလားအေ"

သည်တွင် ထိုအမျိုးသမီးက "လှမှာပေါ့. . ဝမှာပေါ့. . ကြီးကြီးရယ် ကျွန်မတို့က စိတ်ကောင်းစေတနာကောင်းရှိတာကိုး"ရယ်လို့ ပြန်ပြောလေသဖြင့် ဒေါ်မမကြီးနှင့် ကျွန်တော့်အမေ စိတ်မကောင်းဖြစ်ခဲ့ရကြောင်း ကျွန်တော့်ကို အမေကပြန်ပြောပြလေသဖြင့် ကျွန်တော်သည်ပင် စိတ်မကောင်းဖြစ်မိခဲ့ရတော့၏။

ကျွန်တော့်အမေနှင့် ဒေါ်မမကြီးဆိုသူတို့ကား ခပ်ပိန်ပိန်တွေ မဟုတ်ပါလား။ ထိုအမျိုးသမီးပြောပုံအရ ဒေါ်မမကြီးနှင့် ကျွန်တော်အမေက 'စိတ်ကောင်းစေတနာကောင်း' မရှိကြလေသူတွေ ဖြစ်သွားပြီပေါ့။

မခံက်ပေဘူးလားဗျာ။

သို့ကြောင့် ကျွန်တော်သည် ဝတ္ထုတိုရေးရန်စိတ်ကူးရသွားတော့၏။ သည်အချိန်ကာလတွင် ကျွန်တော်တို့ အင်းစိန်မြို့နယ်တွင်





လွန်စွာမျှစည်းလုံးညီညွတ်ကြသော ဆိုက်ကားအသင်းအဖွဲ့ရှိချေ၏။ စည်းကမ်း ရှိကြ၏။

ဆိုက်ကားသမားရယ်လို့ အထင်မသေးလေနှင့် တက္ကသိုလ်တက်နေသော လူငယ်များ၊ ဘွဲ့ရလူငယ်များ ဆိုက်ကားနင်းနေကြ၏။ ပြီးတော့ စာဖတ်အားကောင်းသော စာပေဝါသနာထုံသော လူကြီးလူငယ်များစွာရှိကြ၏။

ဆိုက်ကားအသင်းအဖွဲ့ရုံးတွင် စာပေဟောပြောပွဲများလည်း အခါအားလျော်စွာ ဦးစီးကျင်းပလေ့ရှိ၏။ သည့်ပြင် စုပေါင်းရှင်ပြုပွဲဆိုသကဲ့သို့ ကပ်စသဖြင့် စည်းစည်းလုံးလုံးလုပ်တတ်ကြလေ၏။

ကျွန်တော်သည် အင်းစိန်လမ်းဆုံ (ယခုဂုံးတံတားနေရာ)မှ နေထိုင်ရာ ဘိုကုန်း၊ ဟိုက်ပတ်လမ်းထိပ်ထိ အမြဲလိုလို ဆိုက်ကားစီးတတ်၏။ တစေ့တစောင်းအကဲခတ်မိ၏။

ဆိုက်ကားဆရာတို့မှာ အင်းစိန်ဘိုကုန်းဘက် ပါစင်ဂျယ်တင်နင်းဖို့ဆိုတာ ထင်သလောက်မလွယ်။ ထိုလမ်းခရီးတွင် တောင်ကုန်းတက်များရှိချေ၏။ ဟီးနိုးဂိတ်မှ စထွက်လိုက်သည်နှင့် မင်းကြီးလမ်းဘေး ဆေးရုံကုန်းတစ်ခုရှိ၏။ ပြီးတော့ မညက ကုန်းတက်ရှိချေ၏။ အချို့လူမူရေးနားလည်သော ပါစင်ဂျယ်တို့သည် ခေတ္တဆင်းပေးကြ၏။ အချို့ဆိုလျှင် ငါပိုက်ဆံပေးထားတာပဲ ဆင်းစရာမလိုရ တွက်တတ်ကြ၏။ ဆိုက်ကားဆရာတို့အထဲတွင် အသက်အရွယ်ကြီးသော လူကြီးများလည်း ရှိကြ၏။ ကျွန်တော်ဆိုပါလျှင် လူကြီးကြီး၊ ငယ်ငယ် ထိုကုန်းတက်နေရာများတွင် ဆင်းပေးတတ်၏။ အခြားပါစင်ဂျယ်တစ်ယောက်ပါလျှင် ကျွန်တော်ပင် ဝိုင်းကူတွန်းပေးတတ်၏။ သို့ကြောင့်လည်း ဆိုက်ကားဆရာတို့နှင့် ခင်မင်ရင်းနှီး တရင်းတနှီးရှိခဲ့ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ကျွန်တော်သည် ဆိုက်ကားဆရာတို့ဘဝကို တင်ပြ ချင်တာလည်းပါ၏။

သို့ကြောင့် ကျွန်တော့်ဘဝတွင် ပထမဆုံးသော ဝတ္ထုတိုတစ် ပုဒ်ကို ရေး၍ မြို့နယ်မဂ္ဂဇင်းအတွက်ပေးလိုက်တော့၏။

ထိုစဉ်က မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီကို ဘယ်သူတွေ ဆိုတာ ကျွန်တော်မသိခဲ့ပါ ရင်းနှီးမှုလည်းမရှိခဲ့ပါ။

ကျွန်တော်ရေးပို့လိုက်သော ဝတ္ထုတိုကို ထိုမဂ္ဂဇင်းကော်မတီ အဖွဲ့က ဆိုက်ကားဆရာကြီးတစ်ယောက်က သူ့ဘဝအတွေ့အကြုံရေ သည်ဟုထင်မှတ်နေကြ၏။ ထိုဝတ္ထုကို ရွေးချယ်လိုက်ကြ၏။

ဆိုရပါလျှင် . . . ကျွန်တော်၏ ဝတ္ထုတို ခရီးအစဟုပြောရပေ မည်။

တာထွက်ကောင်းသည်ဟုပင် ဆိုရပေချိမ့်မည်။

၁၉၈၄ ခုနှစ်ကဆိုတော့ ယခု ၂၀၀၄ ခုနှစ်၊ ဝတ္ထုတိုခရီး နှစ် 'နှစ်ဆယ်'ပြည့်ခဲ့လေပြီပဲ။

ဝတ္ထုတိုရေးသက် နှစ် . . နှစ်ဆယ်။

ကျွန်တော် ဘယ်လောက်အောင်မြင်နေပြီလဲ ဆန်းစစ်ကြည့် သည်။ ကျွန်တော်ကြိုးစားရပါဦးမည်။ အများကြီးလိုပါသေးသည်။

စာဖတ်ပရိတ်သတ်အား ကျွန်တော်၏ဝတ္ထုတိုရေးသက် နှစ် နှစ်ဆယ်ပြည့်အမှတ်တရအဖြစ် ထိုဝတ္ထုတိုလေးကို အမှတ်တရ အလို့ ထည့်သွင်းဖော်ပြလိုက်ပါသည်။

ထိုစဉ်အခါကအတိုင်း မပြုမပြင် မူရင်းရေးဟန်အတိုင်း ဖော် လိုက်ပါသည်။

သည့်ပြင် . . ကျွန်တော်၏စာဖတ်ပရိတ်သတ်အား ဖွင့်ဟဝ





ခဲ့လိုသည်မှာ . . သို့ဆိုသလို ကျွန်တော်ဝတ္ထုတိုတွေ ဆောင်းပါးတွေ ကဗျာတွေရေးခဲ့သည်။ ကျိုကြားကျိုကြားမှ လစဉ်လိုလို ဖြစ်လာခဲ့ပြား သီးသန့်ပရိတ်သတ်ဟူ၍မရှိခဲ့ဟု ထင်ပါသည်။

တစ်နေ့ ကျွန်တော့်ဆရာကြီးသော်တာဆွေနှင့် ဆုံလေသည် တွင် . . ဖတ်ခဲ့ဖူးသော မုဆိုးဝတ္ထုတိုတစ်ပုဒ်အကြောင်းကို ပြောမိကြ၏။

မြှူကောင်ဖမ်းခြင်းနှင့်ပတ်သက်၍ ဝတ္ထုထဲတွင်ပါ ထိုဆရာကြီး 'မြှူ'ဖမ်းပုံဖမ်းနည်းနှင့် ကျွန်တော့် 'မြှူ'ဖမ်းပုံခြားနားမှု ရှိကြောင်း ပြောမိ လေ၏။

(တချိန်သောအခါက ကျွန်တော်သည် သစ်တောဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်၊ ပဲခူးရိုးမအတွင်း တာဝန်အရသွားလာခဲ့ ဖူးသည်၊ သည်တော့ ကိုယ်တိုင်အမဲလိုက်သည်၊ တောမုဆိုးများနှင့် ထိုသည် အတွေ့အကြုံတွေ ရှိခဲ့သည်၊ ရခဲ့သည်။ ယခုလည်း အခါအား လျော်စွာ သွားတတ်၏။)

သည်တွင် ဆရာကြီးသော်တာဆွေက . . .

"ဟကောင်ရ . . နို့ဖြင့်လည်း မင်းမုဆိုးဝတ္ထုတွေ ရေးပါလား ကွ . . မင်းမယ် ကိုယ်တွေ့ အတွေ့အကြုံတွေ အများကြီးရှိတာပဲ၊ ဒါဟာ မင်းအတွက် စာရေးဖို့ ကုန်ကြမ်းတွေပဲလေကွာ . . "ဟူ၍ ပြောလာ လေတော့၏။

သည်တွင် ကျွန်တော်သည် ဆရာကြီးသော်တာဆွေ၏ လမ်း ညွှန်မှုအတိုင်း ပထမဦးဆုံးသောရေးဖြစ်သည့် 'အပြီးသတ်ဇာတ်သိမ်း ပိုင်း' ဟူသည့် (ဖြစ်ရပ်မှန်ပင်ဖြစ်၏) မုဆိုးဝတ္ထုတို တစ်ပုဒ်ကို စတင် ရေး၍ ချယ်ရီမဂ္ဂဇင်းတိုက်သို့ ပို့လိုက်လေတော့၏။

သည့်နောက်ပိုင်း ကျွန်တော်သည် မုဆိုးဝတ္ထုများသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



အရေးများခဲ့ချေတော့၏။ ဘယ်တွက်မှ အယ်ဒီတာမင်းများကလည်း မုဆိုးဝတ္ထုသာလျှင် တောင်းတတ်ကြသောကြောင့်ဖြစ်ချေသည်။

ကျွန်တော်၏ပထမဆုံးရေး မုဆိုးဝတ္ထုတိုကို အမှတ်တရအလို့ငှာ ထည့်သွင်းဖော်ပြလိုက်ရပါသည်။

သည့်တွက် ကျွန်တော့်အပေါ် ခွင့်လွှတ်နားလည်ပေးစေချင်ပါသည်။

စာဖတ်ပရိတ်သတ်အား အစဉ်လေးစား
ကြိုးစားလျက်
ကိုပိုက်
(၁၇. ၉. ၂၀၀၄)
(11:20.AM)

P.S .....

မုဆိုးဝတ္ထုလုံးချင်း မည်သည့်အချိန်တွင် စရေးဖြစ်သည်၊ မည်သို့ကြောင့် ရေးဖြစ်သည်။ မည်သူတို့က လှုံ့ဆော်မှုပေးသည် စသဖြင့် အကြောင်းအရာတို့ကို အလျဉ်းသင့်သည့်အခါတွင် ကျွန်တော်လေးစားရသော စာဖတ်ပရိတ်သတ်အား ပြောပြပါဦးမည်။



## "ဩော် .... ကောင်းလေစွ"

"ဂိတ် ဘယ်သူလဲ . . ဂိတ် . . ဂိတ်"

ကျွန်တော်၏ဆိုက်ကားရှေ့သို့ ပလတ်စတစ်ဆွဲခြင်း ကိုင်ဆွဲထားသော လူတစ်ယောက်လာရပ်၍ ဆိုက်ကားငှားချင်ကြောင်းပြောသဖြင့် ကျွန်တော်ကအလှည့်ကျသူအား လှမ်းမေးလိုက်သည်။

"ကျွန်တော့် ဂိတ်ဗျို့ . . ကျွန်တော့်ဂိတ်"

မောင်ကျော်ဝင်းက ဆိုက်ကားဂိတ်နောက်ဘက်တွင် ပြုလုပ်ထားသော အပေါ့အပါးသွားရန် အခန်းလေးတွင်းမှ ပြေးထွက်လာရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားမလဲ အစ်ကို"

"အင်းစိန်ထောင်နားကို ပို့ပေးပါ၊ ဘယ်လောက်ပေးရမလဲ"

"တစ်ယောက်တည်းလား"

မောင်ကျော်ဝင်းက မေးလိုက်သည်ကို ပါစင်ဂျာက ခေါင်းညိတ်အဖြေပေးလိုက်သည်။

"တစ်ယောက်တည်းဆိုရင် တစ်ကျပ်ကျတယ်"

"ကောင်းပြီလေ သွားတာပေါ့"

ပါစင်ဂျာက ပြောပြောဆိုဆို မောင်ကျော်ဝင်း၏ ဆိုက်ကားပေါ်သို့ တက်ထိုင်လိုက်လေသည်။

"ဟော့. . မောင်ကျော်ဝင်း ပါစင်ဂျာကို အသေအချာမေးဦးလေကွာ. . လမ်းမကြီးဘေး ထောင်ရှေ့တင်လား၊ ထောင်ဗူးဝရှေ့အထိလားဆိုတာ"

ကျွန်တော်ကမနေသာ၍ ပါစင်ဂျာတက်ထိုင်ပြီးသည်နှင့် နင်းသွားတော့မည့် ဟန်ပြုနေသော မောင်ကျော်ဝင်းအား လှမ်း၍သတိပေးလိုက်ပါလေတော့သည်။

သည်တော့မှ မောင်ကျော်ဝင်းက. . .

"အာ. . ဟုတ်တယ်အစ်ကို ထောင်ရှေ့တင်လား၊ အတွင်းဗူးဝအထိသွားမှာလား"

"ကျွန်တော်ကတော့ ညီဝမ်းကွဲတစ်ယောက်ကို ထောင်ဝင်စာသွားတွေ့မလို့ပဲ"

"ဒါဆိုရင် အစ်ကို ထောင်ဗူးဝအထိ သွားရမှာ၊ ဗူးဝအထိလိုက်ပို့ပေးရင်တော့ ကျွန်တော်တို့က တစ်ကျပ်ခွဲယူပါတယ်"

"ကောင်းပြီလေ. . ကျွန်တော့်ဗူးဝအထိသာ ပို့ပေးပါ"





ပါဝင်ဂျာကလည်း သဘောပေါက်သွားရှာလေသည်။

ကျွန်တော်က ကြားမှဝင်၍ ဈေးနှုန်းစကားပြောလိုက်ရခြင်းသည် ကိုယ်တွေ့ခံခဲ့ရသောကြောင့်ဖြစ်လေသည်။

ကျွန်တော်တို့ဆိုက်ကားများသည် အင်းစိန်ဟီးနိုးကားဂိတ်လမ်းဆုံတွင် ဂိတ်ထိုးကြလေသည်။ ၎င်းနေရာမှ အင်းစိန်ဈေးဘက်၊ င်းကြီးလမ်း၊ ဘိုကုန်းဘက်၊ လမ်းသစ်လမ်းဓမ္မာရုံ ဇီးယိုကုန်းဘက်အစရှိသဖြင့် ပြေးဆွဲပေးကြရလေသည်။

အင်းစိန်ဈေးဘက်ဆိုလျှင် တစ်ကျပ်၊ ပေါက်တော ထောင်ရှေ့အထိ တစ်ကျပ်ယူပါသည်။ အများအားဖြင့် ပေါက်တော်ဝ ထောင်အထိသွားကြရလေသည်၊ အဘယ့်ကြောင့်ဆိုသော် အင်းစိန်ဈေးတွင်ည်း အခြားဆိုက်ကားဂိတ်ရှိသည့်အပြင် ဒညင်းကုန်း၊ အင်းစိန်ကမ်းးသွားသည့် လိုင်းကားများလည်း သွားကြသောကြောင့်ဖြစ်သည်။

လမ်းသစ်လမ်းဘက်ဆိုလျှင်လည်း ဇီးယိုကုန်းထိသာသွားရလသည်။ ဇီးယိုကုန်းထိဆိုလျှင် လူတစ်ယောက် တစ်ကျပ်ခွဲနှုန်းယူလေည်။ ဓမ္မာရုံလမ်းအရှေ့ထိဆိုလျှင် တစ်ကျပ်ယူကြသည်။ ၎င်းလမ်းကြောင်းသည်လည်း ကျွန်တော်တို့အတွက် သိပ်အားမထားရချေ။ င်းစိန်ဈေး စော်ဘွားကြီးကုန်း ပြေးဆွဲသေတ ကားငယ်ကလေးများရှိသာကြောင့်ဖြစ်၏။

ကျွန်တော်တို့အားအထားရဆုံးသည် မင်းကြီးလမ်း ဘိုကုန်းက်ဖြစ်လေသည်။ ဂိတ်မှဘိုကုန်းအထိ လူတစ်ယောက်တစ်ကျပ်ယူသည်။ ၎င်းလမ်းတွင် ပြေးဆွဲနေသော လိုင်းကားမရှိ မဟုတ်ချေ။ ါသည်။ သို့သော် အထွက်ကျဲပါသည်။ ထို့ကြောင့် ၎င်းကားအားမှိန်ကုန်ခံ၍ စောင့်စီးသူ သိပ်မရှိကြချေ။ ဆိုက်ကားသာ အားပြုး



www.burmeseclassic.com

www.burmeseclassic.com



ကြသူများသည်။

ကျွန်တော်တို့ အသင်းအဖွဲ့နှင့် အလုပ်လုပ်ကြရခြင်းဖြစ်လေသည်။ တိုးတောင်း၍လည်းမရပါ။ အကယ်၍ဈေးနှုန်းပိုတောင်းခဲ့သော် ပါစင်ဂျာက မကျေနပ်၍ တိုင်ကြားခဲ့ပါလျှင် ၎င်းဆိုက်ကားလုပ်သားအား အသင်းအဖွဲ့စည်းကမ်းဥပဒေအရ ထိထိရောက်ရောက် အရေးယူခြင်းပြုပါလေသည်။ ထို့ကြောင့် ကျွန်တော်တို့ ဆိုက်ကားလုပ်သားများသည် အသင်းအဖွဲ့၏ သတ်မှတ်ချက် စည်းကမ်းဥပဒေအတိုင်း ဈေးနှုန်းမှန် တောင်းခံရခြင်းဖြစ်ပါသည်။ ပိုတောင်းခြင်းလည်း မပြုဝံ့ကြပါ။ တစ်ခါက ကျွန်တော်လူတစ်ယောက်အား ထောင်ဗူးဝရှေ့ထိ လိုက်ပို့ခဲ့ရဖူးလေသည်။ ၎င်းပါစင်ဂျာကထောင်ရှေ့သွားမည်ဟု ပြော၍ ကျွန်တော်လည်း ပါစင်ဂျာအားတင်၍ နင်းလာလေသည်။ ထောင်ရှေ့ဆိုတော့ လူတစ်ယောက်တစ်ကျပ်နှုန်းဖြစ်သည်။

ထောင်ရှေ့ရောက်တော့ ကျွန်တော်က ပါစင်ဂျာအား ရောက်ပြီဖြစ်ကြောင်း ပြောလိုက်လေသည်။ ပါစင်ဂျာကဗူးဝထိပို့ပေးရန် ပြောလာပါသည်။ ကျွန်တော်က ဗူးဝထိဆိုလျှင် တစ်ကျပ်ခွဲယူကြောင်း ပြောပြလေသည်။ ထိုအခါ 'ပါစင်ဂျာ'က . .

"ဒါနဲ့စောစောကပြောတော့ တစ်ကျပ်ဆိုဗျ"

"ဟုတ်ပါတယ် ထောင်ရှေ့ဆိုတော့ ကျွန်တော်က သည်နားတင်မှတ်လို့ပါ ဗူးဝအထိက တစ်ဈေးပါ မယုံရင် ခင်ဗျားဆိုက်ကားလုပ်သားတိုင်းကို မေးကြည့်ပါ ခုမှ ကျွန်တော်ပိုတောင်းတာမဟုတ်ပါဘူး ကျွန်တော်တို့က အသင်းအဖွဲ့နဲ့စည်းကမ်းတကျ ဈေးနှုန်းသတ်မှတ်ထားတာပါ"

ကျွန်တော်က ပါစင်ဂျာ နားလည်အောင်ရှင်းပြသည်။





ဒါကို ပါစင်ဂျာက လက်မခံချေ။ ကျွန်တော်ကပဲ ကလိမ်ကကျစ်ထပ်တောင်းသည်ထင်ပြီး ဘာညာကွိကွစကားများလေတော့သည်။ နောက်ဆုံးတော့ ကျွန်တော်ကပဲ အစကတည်းက အသေအချာမပြောလိုက်မိသည့်အတွက်ကြောင့် အလျှော့ပေး၍ ထိုသူအား ထောင်ဗူးဝရှေ့ထိ တစ်ကျပ်ဖြင့်သာ လိုက်ပို့ရလေတော့သည်။ သို့ကြောင့် ကျွန်တော့်အဖြစ်မျိုးနဲ့ မကြုံရလေအောင် မောင်ကျော်ဝင်းအား သတိပြောလိုက်ရခြင်းဖြစ်လေသည်။ မနေ့ကလည်း ကြုံရသေးတော့သည်။

ဇီးအုံကုန်းဘက် ပါစင်ဂျာနှစ်ယောက်ရလေသည်။ သားသားနားနားဝတ်နိုင်စားနိုင် လူတန်းစားထဲကပင် ဖြစ်ကြဲလေသည်။ တစ်လမ်းလုံး ပြောလာလိုက်သည့် စကားများသည် သူတို့နှစ်ယောက် အနည်းငယ်ထွေလာကြောင်း သက်သေပြနေလေသည်။

ကန်စွန်းရွက်ကြော် တစ်ပွဲ ၁၅/-

ကြက်ဥ ၆လုံးဟပ်ဘွိုင် တစ်ပွဲ ၁၆/-

ကြက်ကင်တစ်ကောင် ၂၈/- နဲ့ ရမ်တစ်လုံး ၃၈/-ပေးပြီး ဝယ်စားသောက်ခဲ့ကြသည့် စားပွဲထိုးကောင်မလေးများရှိသော စားသောက်ဆိုင်အကြောင်း၊ ပြီးတော့. . ပြီးတော့ တစ်နာရီ ၁၅/-ပေးပြီး အနှိပ်ခံခဲ့ကြသည့် မြို့လယ်ကောင်မှ ကောင်မလေးတွေ နှိပ်သည့် အနှိပ်ခန်းများအကြောင်း ဖောင်ဖွဲ့ပြောလာလေသည်။

လိုရာခရီးရောက်တော့ ဆိုက်ကားခ တစ်ယောက်တစ်ကျပ်နှစ်ယောက်ဆိုတော့ နှစ်ကျပ်ပေးဖို့ရာကျတော့ အသုံးငွေများလာလို့ ဆိုက်ကားခပေးရန် တစ်ကျပ်ခွဲသာရှိတော့ကြောင်း တောင်းတောင်းပန်ပန်ဖြင့် ပေးပြီးဆင်းသွားကြလေတော့သည်။

"ဩော်. . ကောင်းလေစွ၊ ကောင်းလေစွ၊ တရားကျနေရာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ အင်း . . ကျွန်တော့်တွေးကြည့်မိတယ် တကယ်လို့များ ဆိုက်ကားတွေကို မိန်းကလေးတွေသာ နင်းနေကြမယ်ဆိုရင် တစ်ကျပ်လမ်းခရီးကို တစ်ဆယ်ဆိုလည်းပေး နှစ်ဆယ်ဆိုလည်း ပေးပြီးစီးကြမယ့်လူစားတွေ ပါပဲလားလို့"

အင်း . . .

မောင်ကျော်ဝင်းဂိတ်ပြီးလျှင် မောင်လှမြင့် . . .

သူပြီးလျှင်တော့ ကျွန်တော့်ဂိတ်အလှည့် ရောက်ပြီဖြစ်လေသည်။ ကျွန်တော်မနက်ကတည်းက အင်းစိန်ဈေးသို့ နှစ်ခေါက်၊ လမ်းသစ်လမ်းမှော်ရုံဘက်သို့ တစ်ခေါက်နဲ့ ဘိုကုန်းဘက် နှစ်ခေါက်သာ ဆွဲရသေးသည်။

တစ်နေ့လျှင် အုံနာခ ခုနစ်ကျပ်ပေးရသည်။

ပါစင်ဂျာတချို့က ကျွန်တော်တို့အား တခါတလေ ဝင်ငွေမေးတတ်ကြလေသည်။ တစ်နေ့လျှင် ၂၀သို့ ၂၅ကျပ်ရတတ်ကြောင်း ပြောပြပါသည်။

သည်တော့ ဝင်ငွေကောင်းကြောင်း၊ ကိုယ်ပိုင်ဆိုက်ကားဝယ်နင်းသင့်ကြောင်း ပြောပြလေသည်။

သူတို့က ဝင်ငွေသာ သိကြသည်။ နင်းနေရင်း တစုံတခုဖြစ်လျှင် ကိုယ့်ပိုက်ဆံနှင့်ကိုယ် ပြင်ရသည်။ ပစ္စည်းလဲထည့်စရာဖြစ်လာလျှင် ကိုယ့်ပိုက်ဆံနှင့်ကိုယ် ဝယ်ထည့်ရလေသည်။ ပြီးတော့ . .

ညဘက်နင်းပြန်လျှင်လည်း အမူးသမားလူရမ်းကား ကြီးငယ်တို့၏ ရန်ကလည်းကြုံကြရသေးသည်။

တခါတလေ လူပြတ်သည့် အမှောင်နေရာရောက်လျှင် ဓားထောက်၍ တစ်နေ့လုံး နဖူးကချွေး ခြေမကျအောင် အလုပ်လုပ်ပါမှ





သည့်ငွေလေး ၂၀၊ ၂၅ အနုကြမ်းစီးသွားခြင်းအားလည်း ခံကြရပြန်သေးသည်။

သည်အခါ အုံနာခကို အိတ်ထဲမှ စိုက်ပေးလိုက်ရပြန်သည်။ ိုက်ကားဝယ်ဖို့ဆိုတာ မလွယ်ကူချေ။ ကျွန်တော်တို့ အင်းစိန်ရှိ ဆိုက်ားဈေးသည် အကြမ်းခင်း တစ်သောင်းအထက်တွင် ရှိလေသည်။

တစ်နေ့ဝင်ငွေ ၂၀၊ ၂၅ဆိုတာကလည်း ငယ်ရွယ်သူတွေ နင်းင်ပြုနိုင်သူများသာ ရကြခြင်းဖြစ်လေသည်။

ကျွန်တော့်လိုအသက် ၆၀နီး လူကြီးအဖို့တော့ မလွယ်ကူတော့ချေ။

ခုလဲကြည့် ၅/-သာရလေသေးသည်။ အုံနာခတောင် ပေးရန် /- လိုသေးသည်။

သို့ကြောင့် သည်တခါ ကျွန်တော့်ဂိတ်အလှည့်တွင် ပါစင်ဂျာယောက်တွဲလာပါစေဟု စိတ်တွင်းမှ အလိုလိုကြိတ်၍ ဆုတောင်းနေမိလသည်။

"ဂိတ် . . ဂိတ်"

ဟုတ်ပြီ။ မောင်လှမြင့် ဂိတ်အလှည့်၊ သိပ်မကြာလှသည့်ချိန်တွင် ဆိုက်ကား ဂိတ်ရှေ့သို့ လူငယ်တစ်ယောက်လာရပ်လေသည်။ အား ကျွန်တော်သိလေသည်။ ဆိုက်ကား အမြဲစီးနေကျကောင်လေးဦးဖြစ်သည်။ ကျွန်တော့်ဂိတ်အလှည့်တွင် 'ဆိုက်ကားစီးမည့်သူလာ်လည်း တစ်ယောက်တည်း ရောက်လာသောကြောင့်လည်း မဟုတ် အဘယ့်ကြောင့်ဆိုသော် . . .

ထိုသူငယ်လေးသည် ကျွန်တော့်ဂိတ်ပြီးမှ နောက်တလှည့် ဂိတ်ည့် မောင်ငွေငြိမ်း၏ သူငယ်ချင်းဖြစ်သောကြောင့်ပင် ထိုသူငယ်



www.burmeseclassic.com

www.burmeseclassic.com



သည် သူ၏သူငယ်ချင်း ဂိတ်အလှည့်မှ စောင့်၍စီးတတ်လေသည်။ သူ့သူငယ်ချင်းနဲ့သူတော့ ဟုတ်လို့၊ သူငယ်ချင်းကိုကြည့်သည့် သဘောနှင့် တစ်ကျပ်နှစ်ကျပ်ခရီးအား လေးငါးကျပ်ပေးတတ်လေသည်။

ဩော်. . ကောင်းလေစွ. . ကောင်းလေစွ။

သူလိုသူငယ်ချင်း မိတ်ဆွေမျိုး တွေ့ချင်စိတ်များ ပေါ်လာမိတော့သည်။

"ကဲ. . မောင်ငွေငြိမ်းရေ မင်းပဲဂိတ်ကျော်ပြီး မင်းသူငယ်ချင်းကို လိုက်ပို့လိုက်ပါကွာ"

ဂိတ်ကျော်ပေးရမှာပေါ့ဗျာ ကျွန်တော့်ဆိုက်ကားလဲ စီးမှာမှမဟုတ်တာ၊ သူ့ခမျာ ကျွန်တော်ဆိုက်ကားထွက်တဲ့အထိ စောင့်နေရမှာကိုး။

"ကျေးဇူးပဲ ဦးလေးရေ"

မောင်ငွေငြိမ်းက မှီရသော မျက်နှာပေးဖြင့် ကျွန်တော့်အားကြည့်၍ ပြောပြီးပါစင်ဂျာတင်၍ ထွက်သွားပါလေတော့သည်။

ကျွန်တော်သည် ပါစင်ဂျာစောင့်ရင်း ခံတွင်းချဉ်လာသောကြောင့် အနားမှာရှိသည့် ကွမ်းယာဘန်းဆိုင်လေးတွင် ကွမ်းတစ်ယာလှမ်းဝယ်လိုက်လေသည်။

"ကွမ်းတစ်ယာ အမြန်လုပ်ကွာ"

အကျီအိတ်အတွင်းမှ ကွမ်းယာဖိုးပေးရန် နှိုက်နေစဉ်. . .

"ဂိတ်. . ဦးပိုက်. . ဂိတ်"

"လာပြီ. . လာပြီ. . ရော့ပိုက်ဆံ ငါအပြန်မှစားတော့မယ်"

ဆိုက်ကားနင်းရင်း ကွမ်းယာမစားတတ်ချေ။ အချို့ပါစင်ဂျာများကလည်း မကြိုက်ကြချေ။ ကွမ်းတံထွေး ထွေးလျှင် သူတို့အား





စင်မည်ထင်သောကြောင့်ပင်ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် အားရဝမ်းသာဖြင့် ဆိုက်ကားဆီသို့ လှမ်းလိုက်လေသည်။

"ဟိုက်"

ပါစင်ဂျာကို မြင်လိုက်ရသောကြောင့် ဝမ်းသာသည့် စိတ်ကလေးများ ဘယ်ဆီပျောက်သွားကြလေသည်မသိ၊ အဘယ်ကြောင့်ဆိုသော် . . .

ကျွန်တော်မျှော်လင့်တကြီး စောင့်မျှော်နေသလို ပါစင်ဂျာနှစ်ယောက်မဟုတ်၊ တစ်ယောက်မှ တစ်ယောက်တည်းသာဖြစ်လေသည်။ ဘယ်ကိုသွားမလဲဆိုတာကို ကျွန်တော်သိလေသည်။ ကုန်းတက်ကုန်းဆင်းများသည့် မင်းကြီးလမ်း ဘိုကုန်းဘက်၊ တစ်ယောက်တည်းဆိုတော့ တစ်ကျပ်ပဲရမည့်လမ်း၊ ရမည့်တစ်ကျပ်ကလည်း ခက်ခက်ခဲခဲပင်ပင်ပန်းပန်း၊ အားသွန်ခွန်စိုက် နင်းပါမှရမည့်ငွေတစ်ကျပ်။

၎င်းပါစင်ဂျာအား ကျွန်တော်ကောင်းကောင်းသိသလို ဆိုက်ကားလုပ်သားအားလုံးကလည်း သိကြလေသည်။ သူနှင့်မှ ကျွန်တော့်ဂိတ်အလှည့်လာတိုးရလေသည်။

အလွန်တရာမှ စကားများလှသည့် ဒေါ်သန်း။

အလွန်တရာမှ ဝလှသည့်ဒေါ်သန်းတစ်ယောက်ဖြစ်လေသည်။

ကဲဆိုချင်တော့ ဈေးအပြန် လူကဝသည့်နှယ် ဈေးခြင်းတောင်းကလည်းသူနှင့်လိုက်ဖက်ညီစွာ ကြီးလှပေသည်။

"အော်. . ဦးပိုက်ဂိတ်လား အတော်ပဲရှင်. . ကျောင်းရှေ့ကွမ်းယာဆိုင်ရှေ့ကျရင် ခဏရပ်ပေးပါ၊ အိမ်ကအမျိုးသားအတွက် ကွမ်း



www.burmeseclassic.com

www.burmeseclassic.com



ယာလေးဝယ်ချင်လို့ပါ"

သည်လိုပဲ လမ်းခရီးတစ်ခုကို ဖြောင့်ဖြောင့်တန်းတန်း စီးမသွားတတ်ပေ၊ ဟိုရပ်လိုက် သည်ရပ်လိုက်နှင့် လုပ်တတ်လေသည်

ကျောင်းရှေ့ဆိုတော့ တော်သေးတာပေါ့ မညကကုန် အတက်နားက အားသစ်စာအုပ်ဆိုင်ရှေ့ ခဏရပ်ခိုင်းရင်တော့ ဒုက္ခ ပေါ့၊ အရှိန်လေးနဲ့နင်းတက်ရမယ့်နေရာမှာ ရပ်လိုက်ရင် ကုန်းတက် အားသစ်ခွန်သစ်နဲ့ ပြန်နင်းတက်ရတော့မှာ ဖြစ်လေသည်။ တော်သေး တာပေါ့ . . ကျောင်းရှေ့မှာ ခဏရပ်ပေးရမယ်ဆိုတော့ . . .

"ရပါတယ် . . ရပါတယ် . . ကဲတက်"

ဘာမှမတတ်နိုင်၊ အလှည့်ကျမန္တလေး စတမ်းပဲ မဟုတ်ပေလာ ဂိတ်မှထွက်သည်နှင့် ရယ်မောသံလေးများ ပြန့်လွင့်ကျန်ရစ်ခဲ့လေတော့ သည်။

ကျောင်းရှေ့ကွမ်းယာဆိုင်သို့ ရောက်လျှင် ရပ်ပေးရသေး သည်။ ကွမ်းယာဝယ်နေစဉ် ဒေါ်သန်းတစ်ယောက် စကားတွေဖော နေအောင်ပြောနေလေသည်။ ဘာတွေပြောမှန်းမသိ၊ သည်လော စကားတွေ နင်းကန်ပြောနေတာတောင်မှ လေတွေကုန်ပြီး ပိန်သွား အလျင်းမရှိပေ၊ အံ့ရော . . အံ့ရော ကျောင်းရှေ့မှ ထွက်လာသည် ဆေးရုံကုန်းဆင်းရောက်လေသည်။ ၄င်းကုန်းဆင်းတွင် ကျွန်တော်နေ ထပ်နင်းရမည့် မညကကုန်းတက်အတွက် အားဖြစ်ရလေမည်။ သို့ကြေ ဆုတောင်းလေးတစ်ခုပြုပေဦးမည်။ ကုန်းဆင်းတွင် အရှိန်ဖြင့်ဆင်း စဉ် အရှေ့ဘက်မှ ကားမလာပါစေနှင့်ဟူ၍ ဖြစ်လေသည်။

ကုန်းဆင်းတွင် ကားနှင့်တိုးပါက အရှိန်လျှော့လိုက်ရပေမည် ဘရိတ်ကြိုးဆွဲလိုက်ရပေတော့မည်။ ထိုအခါ အရှိန်သေသွားမည်။ ကုန်း





တက်တွင် ကုန်းဆင်းအရှိန်မရှိသောကြောင့် လူအားစိုက်၍ နင်းရပေ တော့မည်။

ကျွန်တော့်အတွက် ကုသိုလ်လေးတော့ နဲနဲလိုက်သား . . .။

ဆေးရုံကုန်းဆင်းတွင် ကားနှင့်မတိုး၊ အရှိန်လျှော့လိုက်စရာ အကြောင်းများလဲ မပေါ်လာချေ။ သို့ကြောင့် မညကကုန်းတက် ကုန်း ဆင်းအရှိန်လေးဖြင့် မှိန်း၍နင်းတက်ရလေသည်။

"ဒေါ်သန်း ခင်ဗျားကတော့ လှလို့ ဝလို့ပါပဲလား ပိန်သွားတယ် ကို မရှိဘူး"

အရှိန်လေးဖြင့် မှိန်း၍နင်းလိုက်လာစဉ် ကုန်းပေါ်ရောက်လု တွင် ဒေါ်သန်းအား နှုတ်ဆက်လိုက်သည့် အသံကြား၍အမှတ်မထင် လှမ်းကြည့်လိုက်လေသည်။

ဒေါ်သန်းသည်လည်း ဆိုက်ကားပေါ်တွင် အခန့်သားထိုင်ကာ ပါးစုံ့ကြီးများ ဖောင်းတက်ပြီး မျက်လုံးများမှေးမှိတ်သွားမတတ်ပြုံးလိုက် ရင်း . .

"ဟင်း . . ဟင်း . . ဟင်း . . ဒါပေါ့ရှင် . . ကျွန်မတို့က အမြဲတန်း လှနေဝနေမှာပေါ့ . . စိတ်ကောင်းစေတနာကောင်းရှိတာကိုး"

ဟိုက် . . သေရော . . သေရော ဒေါ်သန်းပြောပုံဆိုတော့ ကျွန်တော်တို့လို ပိန်နေတဲ့သူတွေကတော့ စိတ်ကောင်းနှလုံးကောင်း မရှိလို့ပဲပေါ့၊ သူပြောသလိုသာ စိတ်ကောင်းနှလုံးကောင်းမရှိဘူးဆိုရင် သူ့ကောဆိုက်ကားပါ ကားရှေ့ကို ထိုးနင်းလိုက်တော့မှပေါ့ဗျာ မဟုတ် ဘူးလား . . ကြည့် . . .

ဒေါ်သန်းစိတ်ကောင်းနှလုံးကောင်းရှိတာလေး . .

ဘိုကုန်းရောက်တော့ သူဆင်းပြီး ပိုက်ဆံထုတ်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အစိတ်တန်တစ်ရွက် ကျွန်တော်ဘယ်အမ်းနိုင်ပါ့မလဲ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ အနားက မုန့်ဟင်းခါးဆိုင်မှာ လဲလို့ရမည်ဖြစ်လေသည်။

ကျွန်တော်က ငွေအမ်းဖို့ အစိတ်တန်လှမ်းယူပြီး အကြွေသွား လဲမည် အလုပ်တွင် . . .

"အော် . . ဦးပိုက်နေဦး . . ကျွန်မမှာ အကြွေတွေတော့ရှိတယ် တစ်ကျပ်ပြည့်ပါ့မလားမသိဘူး"

ပြောပြောဆိုဆို သူ့အစိတ်တန် သူလှမ်းယူပြီး ပိုက်ဆံအိတ်ထဲမှ အကြွေတွေအား ထုတ်နေလေသည်။ ပြီးတော့ ရေတွက်ပြီး . . .

"ရော့ . . ရော့ . . ဦးပိုက် အစိတ်တန် အမ်းမနေနဲ့တော့ . ."

"အကြွေတော့ ပြားကိုးဆယ်ရှိတယ် . . နောက်မှပဲ ဆယ်ပြား ယူပါတော့နော်"

ပြောပြောဆိုဆို သူ၏အစိတ်တန်အား ပိုက်ဆံအိတ်အတွင်း ကပျာကယာထည့်ပြီး ကျွန်တော့်လက်ထဲသို့ အကြွေပြားကိုးဆယ် ထည့်ကာ ထွက်သွားပါလေတော့သည်။

အော် . . . ကောင်းလေစွ . . ကောင်းလေစွ . . ။

သည်လိုစေတနာကောင်းရှိလို့ ဝနေလှနေတာကိုး . . အုံနာခ ပေးရန် ခုနစ်ကျပ်လောက်ရပါမှ ထမင်းစားပြန်မည်ဟု အားခဲထားသော်လည်း သည်တစ်ခေါက်တည်းနှင့် အတော်အထိနာသွားသောကြောင့် ရည်မှန်းချက်လေးအား ဖျက်သိမ်းကာ ထမင်းစားပြန်နားရန်အတွက် ကျွန်တော်သည် အိမ်ဘက်ဆီသို့ ဦးတည်လိုက်မိလေတော့သည်။

ကိုပိုက်



## " အပြီးသတ် ဇာတ်သိမ်းပိုင်း "

မြိုင်သာယာရွာကလေးနှင့် အနီးပတ်ဝန်းကျင် ကျေးရွာတစ်ဝိုက်တွင် တစ်ချက်တစ်ကောင် မြင့်မောင်ဟုဆိုလျှင် မသိသူမရှိကြ။

သူသည်ငယ်စဉ်ကျောင်းသားဘဝကတည်းက လောက်လေးဂွ တစ်ချောင်းဖြင့် တွေ့သမျှ သက်ရှိသက်မဲ့ကလေးများကို လက်စမ်းပစ်ခတ်တတ်သည်။ ပုတ်သင်ညိုလေးများအစ ကြက်ငှက်ကလေးများအဆုံး သူ့လက်ချက်ဖြင့် အတော်များများဇီဝိန်ကြွေခဲ့ကြရဖူးသည်။ ဘုန်းကြီးကျောင်းတွင် ခိုကပ်မှီတွယ်နေကြသည့် တောက်တဲ့များပင်လျှင် သူ့လက်ချက်ဖြင့် အသက်ဆုံးခဲ့ကြရဖူးသည်။ သည်အခါ ဘုန်းတော်ကြီးက သူ့ကျောပြင်ကို အရှိုးထင်အောင် ရိုက်ပါလေတော့၏။ သူ့စရိုက်ကတော့ မပျောက်။ သူကတော့ ပစ်မြဲ ဘုန်းတော်ကြီးကလည်း ရိုက်မြဲရမြဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်ပင် ဘုန်းတော်ကြီးသည် မိမိကျောင်းဝင်းတွ မှီခိုနေကြသည့် ပုတ်သင်ညိုလေးများ၊ ခိုကလေး၊ ငှက်ကလေး၊ ကြွ ကလေးနှင့်တောကတဲ့စသည့် သတ္တဝါလေးများကို ငဲ့ညှာသောအားဖြ မြင့်မောင်ကို ကျောင်းမှ နှင်ထုတ်လိုက်တော့၏။ တပြိုက်နက်မှာပ ဘုန်းတော်ကြီးကျောင်းဝင်းနှင့် ကိုက် ၁၀၀အတွင်း လုံးဝမလာရဟု အမိန့်တော်ချမှတ်လိုက်ရလေသည်။ သို့ဖြင့် မြင့်မောင်တစ်ယော ဘုန်းကြီးကျောင်းသားဘဝမှ နွားကျောင်းသား၊ ကျွဲကျောင်းသားဘဝသ ရောက်ခဲ့ရတော့၏။

နွားကျောင်း၊ ကျွဲကျောင်းသားဘဝရောက်ပြန်တော့ သည ထက်ပို၍ပင် လက်တည့်စမ်းစရာတွေ ပိုလာရသည်။ ခြော်ရှည် ဗျိုင တွေ ကံဆိုးပြန်သည်။ ကျွဲချိုများကို ပစ်မှတ်ထားကာ အားအားရှိ လ တည့်စမ်းတတ်ပြန်သည်။

အစမ်းကောင်းလွန်း၍ အိမ်မှကျွဲမကြီး၏ဦးချိုကို စမ်းသ ပစ်ခတ်လိုက်ရာ လွဲချော်သွားပြီး မျက်လုံးသွားမှန်၏။ တစ်ဖက်လပ်ကျွဲ ကြီးဘဝခံယူသွားရရှာတော့သည်။ ဘာပြောကောင်းမလဲ သူ့အဖေတ လိုက်သမှ ဘုန်းတော်ကြီးလက်ထက်ပင် သာချေသေးတော့။ နန္ဒင်းကိ သိပ်ယူရသည်။

သို့သော် ဝါသနာကားမပျောက်။ နွားများကို လယ်ကွင စားကျက်ချနေစဉ် ၄င်းသည် တောတွင်းဝင်၍ ကြက်ငှက်ကလေးမျ ကို လိုက်လံချောင်းမြောင်းပစ်ခတ်ပြန်သည်။ သည်သို့ချောင်းမြော ပစ်ခတ်ခြင်းမှစ၍ သားကောင်ခြေရာခံလိုက်ခြင်းကို အစပျိုးတတ်သိန လည်သည်ဟု ဆိုနိုင်ပေသည်။

အရွယ်လေးရောက်လာသော် သူတို့ရွာကလေးသို့ လာရော တည်းခိုအမဲလိုက်သူများနှင့် ဆက်သွယ်မိကာ သူတော်ချင်း သတင်းလေ





လေတော့၏။ မြိုင်သာယာတောက သူ့ခြေရာချည်းမဟုတ်လား။ ဝါးပင် ဘယ်မှာရှိတယ်။ ဆားကျင်းဘယ်မှာရှိတယ် သူသိပေသည်။ သူ့တောသူ ကျွမ်းသည်မဟုတ်ပါလား။

သူ၏တောကျွမ်းမှု၊ သားကောင်ခြေရာကောက်လိုက်တတ်မှု များက မြိုင်သာယာတစ်လျှောက် နာမည်ကျော်ကြားလာ၏။ အမဲလိုက် သူ အတော်များများသည် သူ့ထံသို့ ရောက်လာတတ်ကြသည်။ လမ်းပြ အဖြစ် သူ့ကိုခေါ်ဆောင်သွားလာတတ်ကြသည်။ သည်မှ မုဆိုးများနှင့် ရင်းနှီးခင်မင်မှု ပိုလာပြီး သေနတ်မျိုးစုံပစ်ခတ်ခြင်း အတတ်များကို သင်ယူတတ်မြောက်ခဲ့ပြန်သည်။ သို့ဖြင့် သူ့လက်သို့ လောက်လေးဂွ၊ ဒူးလေးအစား ပွိုင့်၂၂မဂ္ဂနမ် ရိုင်ဖယ်တစ်လက် ရောက်လာခဲ့ပေသည်။ အမဲလိုက်ခြင်း ဝါသနာအလွန်ကြီးမားသော ရန်ကုန်မှ အရာရှိဟောင်း အဘိုးကြီးတစ်ယောက်က သူ့အား ထိုသေနတ်လက်ဆောင်ပေးသွား ခြင်းဖြစ်သည်။

အမဲလိုက်ခြင်းဖြင့် မြင့်မောင်တစ်ယောက် အသက်မွေးဝမ်း ကျောင်း ပြုလာခဲ့ပြီဆိုတော့ . . .

အလေ့အကျင့်များသည်။ လက်ကလည်းဖြောင့်သည်။ တော လည်းကျွမ်းသည်။ သူပစ်လိုက်ပြီဟော့ဆိုလျှင် တစ်ချက်ပဲ။

သည်တော့ . . .

နောက်ပိုင်း အချိန်များတွင် . . .

သေနတ်သံတစ်ချက် ရွာထဲမှ ကြားလိုက်သည်နှင့် မြင့်မောင် တစ်ယောက် သားကောင်တစ်ကောင်ထမ်းပြီး ပြန်လာပြီသာမှတ် . . .။

ဤသို့ဖြင့်သူသည် တစ်ချက်ပစ်လိုက်သည်နှင့်တစ်ကော သေချာသူဖြစ်လာတော့ရာ "တစ်ချက်တစ်ကောင်မြင့်မောင်" သော ဘွဲ့ထူးကို ခံယူခဲ့ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကြာခဲ့ပြီလေ။

အဲဒါတွေက သူငယ်စဉ်ဘဝ မုဆိုးဖြစ်စက။

ခု အသက် ၆၀ကျော် ဦးမြင့်မောင်ဖြစ်နေပြီ။ သို့တိုင် အမဲလိုက်ခြင်းကိုတော့ မစွန့်လွှတ်။ သို့ရာတွင် အမြဲတမ်းတော့ မဟုတ်။ ရံဖန်ရံခါ။

ခုတလောဆို တောလိုက်မသွားတာကြာပြီ။ အရင်ကလို ကျန်းမာရေးကသိပ်မကောင်း။ အသက်ကြီးလာတော့ မျက်စိက စကားပြောလာသည်။ မျက်လုံးအားသိပ်မကောင်းချင်တော့။ သို့ကြောင့် ညဘက်လင့်ထိုး အမဲလိုက်ခြင်းကို မလုပ်တော့။ နေ့ဘက်သာ အမဲပစ်ထွက်တော့၏။ အခုလည်း အမဲပစ်ထွက်ရပေဦးမည်။

"အဖေ ကနေ့ အမဲပစ်သွားမလို့လား"

ပွိုင့်၂၂ရိုင်ဖယ်သေနတ် ပြောင်းတိုက်နေသော ဖခင်ဖြစ်သူ ဦးမြင့်မောင်အား သားဖြစ်သူက လျှော်ကြိုးကျစ်နေရာမှ လှမ်းမေးသည်။

"အေးကွ . . ဈေးသုံးပြတ်နေတယ်မဟုတ်လား"

"ဒါတော့ ဒါပေါ့ အဖေရာ အဖေက ကောင်းကောင်းကျန်းမာတာလည်းမဟုတ်ဘူး မသွားပါနဲ့လား ကျွန်တော်လည်း ဟင်းစားအတွက် ကြက်ထောင် ငှက်ထောင်ရှာနေတာပဲ၊ သည်မနက်ကျွန်တော်တောင် မနုံးတောထဲမယ် သုတ်ကိုင်းထောင်ခဲ့သေးတယ်၊ အဖေရာ ကြက်ခြေရာ၊ ရစ်ခြေရာတွေ ပွနေတာပဲ။ အနည်းလေး နှစ်ကောင်တော့ ပြေးမလွတ်ဘူး"

သေနတ်ပြောင်းတိုက်နေရာမှ သားကိုပြုံး၍မော်ကြည့်လိုက်သည်။ သူငယ်ငယ်ကဆိုလျှင် ကြက်ငှက်များလောက်ကို ဘယ်တော့မှ ထောင်မဖမ်း၊ လောက်လေးဂွဖြင့်သာ ချောင်းမြောင်း ပစ်ခတ်လေ့ရှိ





သည်။ ခုသားဖြစ်သူ ကြိုးကွင်းဖြင့် သုတ်ကိုင်းထောင်သည်။ လောက်လေးဂွမကိုင်၊ ဒူးလေးမကိုင်၊ သေနတ်ဆို ဝေလာဝေးပါသေး။

"ဩော် . . သားရယ် မင်းကိုငါ့လို မုဆိုးကောင်းတစ်ယောက်ဖြစ်စေချင်တာ မင်းအသက်လည်း မငယ်တော့ဘူး သုံးဆယ်နီးပြီပဲ၊ ငါမင်းအရွယ်တုန်းကဆို 'တစ်ချက်တစ်ကောင်မြင့်မောင်'ဆိုပြီး ရွာမယ်ဟိုးလေးတကျော်ကျော်ဖြစ်နေပြီဆိုတာ မင်းသိသားပဲ၊ မင်းအမေဆိုလျှင် ငါရဲ့အရှိန်နဲ့ရွာထဲမှာကို မြောက်နေတာပဲ။ မြို့ကလာတဲ့ အပျော်တမ်းမုဆိုးတွေက သူ့အတွက်ဆိုပြီး ပိတ်စကောင်းတွေ အစားအသောက်ကောင်းတွေ ယူလာပေးတတ်ကြတယ် . . သဘော့ကငါ့ကို ဖားကြတာပေါ့ကွာ . . ဟဲ . . ဟဲ . . ဟဲ"

ဦးမြင့်မောင်က အာလုတ်သံကြီးဖြင့် အားရပါးရပြောပြသည်။

"အောင်မယ် သူကအသားယူလို့ပြောရသေး ကျုပ်ကို သူတို့က ပိုးကြေးပန်းကြေး ပေးကြတာပါတော်"

ထမင်းချက်ရင်း ငရုတ်သီးထောင်နေသည့် ဒေါ်ဖွားနှစ်က လင်တော်မောင်အား အရွဲ့တိုက်၍ ပြောသည်။

"ဟဲ . . ဟဲ . . ဟဲ အလကားစတာပါကွာ မင်းမကြိုက်လျှင် ငါမပြောတော့ပါဘူး . . ကဲ . . ကဲ . . အထက်တောဘက် သွားဦးမယ်၊ ဂျီလေး ဆတ်လေးများ ရမလားလို့"

ပြောပြောဆိုဆို ကွမ်း၊ ဆေးလိပ်၊ ထမင်းထုပ်၊ ငရုတ်သီးတောင့်ထည့်ထားသော လွယ်အိတ်ကို လွယ်လိုက်သည်။ ကွမ်းတစ်ယာလည်း အလျင်အမြန်ယာ၍ ဝါးလိုက်သေးသည်။ ပြီး ဓားမတိုတစ်ချောင်း ခါးထိုးကာ သေနတ်ကို ပုခုံးထက်တင်လျက် အထက်တောဘက်သို့ ထွက်ခဲ့ပေသည်။

လျှောက်ခဲ့သည့်ခရီးကလည်း မနည်းတော့။ တစ်တောဝင်



www.burmeseclassic.com

www.burmeseclassic.com



တစ်တောထွက် နေ့တစ်ဝက်ကျော်ပြီး နေမွန်းတည့်ချေပြီ။ ဘာသား ကောင်ခြေရာမျှ မတွေ့။

ဘယ်တွေ့ပါ့မလဲ။ အနောက်တောဘက်မယ် သစ်တောဌာန ကလူတွေ ကျွန်းသင်းသတ်လာလုပ်နေကြတာကိုး၊ သစ်ခုတ်သံ၊ လူသံ တွေတည်းည်းနဲ့ ဆိုတော့ ဘယ်တောကောင်က ရှိပါ့မလဲလေ။

အသက်လေးရလာလို့လားမသိ။ မောလိုက်တာ ဟိုတုန်းကဆို တစ်နေကုန် လျှောက်စမ်း အမောလုံးပါ့။ ခုများတော့ ပန်းလိုက်တာ။ မျက်လုံးတွေတောင် ဝေလို့။ သားကောင်တွေတော့ သည်ကနေ့တွေ့ လိမ့်မယ် လုံးဝမမျှော်လင့်ချေ။ သစ်တောထဲမယ် ဆူဆူညံညံဖြစ်နေ တော့ကာကိုး။ သည်တော့ ဦးမြင့်မောင်သည် သစ်တောစခန်းတစ်ခုတွင် ခေတ္တဝင်ရောက်ထမင်းစားနားပြီး အနောက်တောမှ လာလမ်းပြန်၍ လာလေသည်။

အပြန်ခရီးတွင် မမျှော်လင့်ဘဲ ဖြူတွင်းတစ်တွင်းတွေ့သည်။

မှန်း . . .

ဖြူတွင်းထိပ်ဝသို့ အသေအချာငုံ့ကြည့်လိုက်သည်။

တော်ပါသေးရဲ့။

ဖြူကောင်ရဲ့ အဝင်ခြေရာသာရှိပြီး အထွက်ခြေရာမရှိ။ သေချာပြီပေါ့။ အနည်းလေးနှစ်ကောင်နဲ့ အများဆုံးသုံးကောင်ပြေး မလွတ်ပြီ။

ဖြူတွင်းတစ်တွင်းတွင် ဖိုမနှစ်ကောင်နေတတ်၏။ သားရှိလျှင် တစ်ကောင်ပေါင်းသုံးကောင် ရှိတတ်သည်။ ခြေရာကြည့်ရတာ တော်တော် ကြီးပုံရသည်ဟု ဦးမြင့်မောင်စိတ်တွင် ကြိတ်မှိတ်ပြီး ပျော်နေမိသည်။

သူပထမဦး လုပ်ရမည့် အလုပ်ကိုလုပ်သည်။ တစ်ဘက် ကမူ စောင်းတွင် ရှိမည့် ဂယ်ပေါက် (အရေးပေါ်ထွက်ပေါက်)ကို ရှာ၍ခဲများ





တုတ်ချောင်းများဖြင့် အသေပိတ်လိုက်၏။ တဖန်မျှင်ဝါးများကို ခုတ်၍ ဝါးတုတ်ချွန်လေးများ အဆင်သင့်ပြုလုပ်ထားပြီးလျှင် ထင်းခြောက်၊ အမှိုက်ခြောက်များ စုဆောင်း၍ အပေါက်ဝတွင် စုပုံကာ မီးရှို့လိုက် သည်။ မီးစွဲလျှင် လွယ်အိတ်တွင်းမှ အရံသင့်ယူလာသော ငရုတ်သီး တောင့်ခြောက်များကို မီးထဲသို့ပစ်ထည့်လိုက်ကာ ကစ်ဖန် သစ်ခက်များ ဖြင့် မီးခိုးများကို အပေါက်တွင်းသို့ ရိုက်သွင်းလေတော့သည်။ သေချာ အောင် လိုသည်ထက်ပိုသွင်းသည်။ သို့မှသာ ငရုတ်သီးညှော်များပါသွား ကြလိမ့်မည်။

မီးခိုးများ ကျေနပ်လောက်အောင် ရိုက်သွင်းပြီးလျှင် ဦးမြင့် မောင်သည် ဖြူတွင်းပေါက်ဝကို စောစောကပြုလုပ်ထားသော ဝါးချွန် များဖြင့် ကလန့်ခံရိုက်ပိတ်လိုက်သည်။ ဖြူများ ထွက်၍မရအောင်ဖြစ် ၏။ အလင်းပေါက်တော့ ပေးထားရသည်။ သို့မှသာ အလင်းရှိရာ ထွက်လာကြပေမည်။

အားလုံးကိစ္စပြီးသည်နှင့် ဦးမြင့်မောင်သည် နဖူးမှချွေးများကို ဆိုးခါးပုံစဖြင့်သုတ်လိုက်ပြီး ကွမ်းတစ်ယာထုတ်ဝါးကာ သေနတ်ထမ်း ၍ အိမ်ဘက်သို့ ပြုံးရွှင်စွာဖြင့် လှမ်းလာခဲ့တော့သည်။

မနက်ကျလျှင် လာကြည့်။ အပေါက်ဝတွင် သေနေသော ဖြူ နှစ်ကောင် သို့မဟုတ် သုံးကောင်ကို တွေ့ရတော့မည် မဟုတ်ပါလား။

ညှော်နံ့ပါသော မီးခိုးမွန်သဖြင့် ဖြူများသည် ဂယ်ပေါက်သို့ ထွက်မည်။ ဂယ်ပေါက်ပိတ်ထားခြင်းခံရသဖြင့် အလင်းရောက်ရှိသော အဝင်အထွက်ပင်မအပေါက်သို့ ပြန်ပြေးလာကြပေလိမ့်မည်။ သို့ရာတွင် အဝင်အဝပေါက်မှလည်း ထွက်မရဘဲဖြစ်နေကြကာ မီးခိုးမွန်ခြင်းဒဏ်၊ ငရုတ်သီးညှော်နံ့ဒဏ် မခံနိုင်ဘဲ တွင်းပေါက်ဝတွင် အသက်ဆုံးရှုံးခံလိုက် ကြရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစောလာလျှင် သားကိုခေါ်လာရပေမည်။ အဘယ်ကြောင့်ဆိုသော် ရဲဖန်ရံခါ ဖြူတို့သည်အပေါက်ဝတွင်လာရောက်မသေဘဲ တွင်းလယ်လောက်တွင် မပြေးလွှားနိုင်တော့ဘဲ သေတတ်ကြသဖြင့် တွင်းထဲသို့ဝင်ယူရန်အတွက် သူ့သားပါမှဖြစ်လိမ့်မည်။

ဖြူတွင်းသည် ကြည့်တော့သေးသေး၊ တွင်းပေါက်ဝကို ချဲ့ထုတ်လိုက်မည်ဆိုပါက လူတစ်ကိုယ်တိုးဝင်နိုင်သည်။ လိုဏ်ထဲရှိဖြူချေးတွင်းသည် လူတစ်ထိုင်လွတ်ရှိတတ်ကြ၏။ မတော် ဖြူတွင်းသို့ကျသွားပါကမလွယ်။ ဖြူချေးတွင်း၌လိပ်နှင့်မြွေများ ခိုကပ်နေတတ်သည်။ သို့ကြောင့် သူသည် အသက်အရွယ်ရလာပြီး မျက်စိအားမကောင်းတော့၍ အဆင်မပြေနိုင်။ သားတော်မောင်က ငယ်ရွယ်သူမို့ မျက်စိအားကောင်းသည်။ ဖြူတွင်းသို့ ပထမမျက်စိအားကောင်းကောင်းဖြင့် ကြည့်ရမည်။ မြွေမရှိမှ လိပ်ရှိလို့ကတော့ အပိုဆုရသလိုပေါ့ ကိစ္စမရှိ။ သူလုပ်ရမည့်လုပ်ငန်းများ သေသပ်စွာ ပြုလုပ်ပြီးပြီပဲ။ သူ့သားကလည်း သည်ကိစ္စမျိုးကျွမ်းကျင်ပြီးသားပဲ မဟုတ်ပါလား။ အတွေးတစ်ပိုင်တစ်စ ဖြင့် ရွာဆီသို့ ခပ်သုတ်သုတ်ပြန်ခဲ့သည်။ ဖြူတွင်းမီးခိုးရိုက်သွင်းနေရ ခြင်းကြောင့် အချိန်နည်းနည်းလင့်သွားသည်။ အိမ်အပြန်မိုးချုပ်၍မဖြစ်။ အမှောင်ကညီအစ်ကို မသိတသိအချိန်ကို ရောက်လာချေပြီ။ အဲချိန်မိတော့ အိမ်ကိုရောက်ကောင်းပါရဲ့။ သည်ခနုံးတောလေးတစ်ကွေ့ပြီးလျှင် အိမ်နားနီးသွားပြီဖြစ်၏။ လယ်တစ်ကွက်သာသာဘဲ ကျန်တော့မည်။ ယင်းလယ်ကွက်ဖြတ်ပြီးသည်နှင့် ရွာရောက်ပြီပေါ့။

ရှေ့ခနုံးတောတွင်းမှ လှုပ်ရှားသံတစ်ခုကြားလိုက်သည်။

မှန်း . . .

ကြည့်စမ်း . . ကံများကောင်းလိုက်ချင်တော့ . . တစ်နေကုန်လျှောက်စဉ်က ဘာသားကောင်မျှမတွေ့။ ယခုအိမ်နားရောက်လုမှ





သားကောင်နှင့် ပက်ပင်းတိုးတာပဲ။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ပါလား။ ချေပဲဖြစ်လိမ့်မည်။ သည်တော့ ဦးမြင့်မောင်သည် ပုခုံးမှ ပွိုင့်၂၂မဂ္ဂနမ်ရိုင်ဖယ်ကို အသာချကာ သာသာညင်းညင်းမောင်းတင်လိုက်သည်။

"ချောက်"

သို့တောင်မှ အသံထွက်သွားသေသည်၊ တော်သေး၏။ 'ချေ' ကမပြေး။

ရိုးတိုးရိပ်တိပ်မြင်နေရသော်လည်း သူတွက်ချက်မှန်းဆတတ်ပြီးသားဖြစ်သည်။ အတွေ့အကြုံက စကားပြောဟတ်သည်။ ဘယ်နေရာလောက် မှန်းပစ်လျှင် ရသည်ကိုသိပြီးဖြစ်သဖြင့် ဖူးဆိုးထိုင် ထိုင်ချလိုက်သည်။ ပြီး အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလ်ကကာ အသက်အောင့်၍ ပစ်မှတ်ကို သေချာအောင် ချိန်တွယ်ပစ်ချလိုက်တော့သည်။

"ဒိန်း"

အသေအချာပဲပေါ့။ ဘာဝေးတာမှတ်လို့၊ သေနတ်ပြောင်းဝယမ်းခိုးပြယ်သွားသည်နှင့် ခနုံးတောအတွင်းသို့ ပြေးဝင်ကြည့်လိုက်သည်။

ခွေခွေကလေးရယ် . . .

ဟာ. . .

ရုတ်ခြည်းကမ္ဘာကြီးပတ်ချာလည်သွားပြီကော။ ဦးမြင့်မောင်တစ်ယောက် တုန်လှုပ်အံ့ဩခြင်းနှင့်အတူ စိုးရိမ်ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ချောက်ချားခြင်းများ တစ်ပြိုင်နက်ဖြစ်သွားရသည်။

မျက်စိအားမကောင်းခြင်း၊ အမှောင်ထုဖုံးလွှမ်းခြင်းကြောင့် သူတောမှောက်ခြင်းခံလိုက်ချေပြီထင်ရဲ့။ သူပစ်လိုက်သည်မှာ ချေမဟုတ်၊ လူသားစစ်စစ်တစ်ယောက် သည်လူတစ်ယောကကလည်း အခြားလူမဟုတ်. .



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား . . ဘုရား . . ဘုရား . . ကယ်တော်မူပါ"

"ခန်းတောသဲမယ် သုတ်ကိုင်းထောင်ထားတယ်၊ အဖေရာ ရစ်ခြေရာ၊ ကြက်ခြေရာတွေ ပွနေတာပဲ. . ရမှာသေချာပါတယ် အနည်း လေးနှစ်ကောင်ပြေးမလွတ်ဘူး"

မနက်က သူ့သားပြောခဲ့သော စကားသံများကို နားထဲပြန်ကြားမိသည်။ ဘေးသုတ်ကိုင်းတွင် ရစ်ကလေးနှစ်ကောင် လည်ပင်းကြိုးတန်းလန်းဖြင့် သေနေကြသည်။

ဦးမြင့်မောင်တစ်ယောက် မျက်ရည်များဖြိုင်ဖြိုင်ကျရချေပြီ။ လူသူရှင်းသော နေရာမို့ အသံထွက်အောင်ပင် ငိုပစ်ရသည်။

သူ့သားအလောင်းကို ပုခုံးပေါ်သို့ ထမ်းကာရွာဘက်ဆီသို့ တစ်လှမ်းခြင်းလှမ်းလာနေမိသည်။ လဲ၍မသွားလေအောင် မနည်းကြိုးစားထိန်းလျှောက်နေရသည်။ အခြေယိုင်ကာ ပျော့ခွေလုလု။

သူ့သေနတ်သံကို ရွာထဲမှကြားကြပေလိမ့်မည်။ အိမ်မှလည်း ကြားပါလိမ့်မည်။ သူ့သေနတ်သံကိုတွက်၍ ဦးမြင့်မောင်ကြီးတစ်ယောက် အမဲတစ်ကောင်ထမ်းပြီး ပြန်လာတော့မယ်ဟုဆိုပြီး ဘာကောင်များပါလာလိမ့်မလဲ သိချင်ဇောဖြင့် ထွက်ကြည့်ကြပေတော့မည်။

သည်အခါတွင် . . . .

ကိုပိုက်



BURMESE CLASSIC .com

# ကိုပိုက်

# ဇာတ်သိမ်းမလှအတွဲလှသား

စာမူခွင့်ပြုချက်အမှတ်-၉၈၁/၂၀၀၄(၉)

ထွက်ပြီ

www.burmeseclassic.com


www.burmeseclassic.com

# ကိုပိုက်

## အံ့ဖွယ်လူသတ်ကောင်

နှင့်

## မြားရူးမျောက်




www.burmeseclassic.com